http://www.dhammadownload.com

# မဟာစည်သတင်းလွှာ

# Mahãsi Newsletter




## ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
## ဝိပဿနာတရားညွှန်ကြားပြသတော်မူသည့်
# (၆၁) နှစ်မြောက် ဩဝါဒခံယူပူဇော်ပွဲ

အထူးထုတ်

အတွဲ (၂) ၊ အမှတ် (၁)

၂၀၁၀ ခုနှစ်၊ ဒီဇင်

မဟာစည်သာသနာ့ရိပ်သာအဖွဲ့ဝင်များ၊ ယောဂီများနှင့် အလှူရှင်များကို ဖြန့်ဝေသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# မဟာစည် သတင်းလွှာ

# Mahãsi Newsletter




## ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
## ဝိပဿနာတရားညွှန်ကြားပြသတော်မူသည့်
## (၆၁) နှစ်မြောက် ဩဝါဒခံယူပူဇော်ပွဲ

အထူးထုတ်

အတွဲ (၂) ၊ အမှတ် (၁)

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

မဟာစည်သာသနာ့ရိပ်သာအဖွဲ့ဝင်များ၊ ယောဂီများနှင့် အလှူရှင်များကို ဓမ္မဒါန ဖြန့်ဝေသည်။

ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

http://www.dhammadownload.com

သပ္ပဒါနံ ဓမ္မဒါနံ ဇိနာတိ

## အမြတ်ဆုံးအလှူ လှူဒါန်းနိုင်ရန်

# အသိပေးနှိုးဆော်အပ်ပါသည်။

အနန္တကျေးဇူးတော်ရှင် ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာတော် စည်ပင်ပြန့်ပွား တိုးတက်စေရေးအတွက် ဆရာတော်ဘုရားကြီး ရေးသားဟောကြားသော တရားစာအုပ်များကို အိတ်ဆောင်စာအုပ်ငယ်အဖြစ်ရိုက်နှိပ်၍ မဟာစည် ဝိပဿနာတရားစခန်းဝင် ယောဂီများနှင့် တရားနာယောဂီများ၊ အလှူရှင်များကို ဓမ္မဒါနအဖြစ် လှူဒါန်းလျက်ရှိပါသည်။

အမြတ်ဆုံးကုသိုလ် ရယူနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။



၁။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်းအကြောင်း – ၁၄ဝိ / –
{ ၁၀ အုပ် – ၁၄၀ဝိ / – }



၂။ ဝိပဿနာအလုပ်ပေးတရားတော် – ၁၄ဝိ / –
{ ၁၀ အုပ် – ၁၄၀ဝိ / – }



၃။ ကမ္ဘာ့သာသနာပြုတရားတော် – ၁၂ဝိ / –
{ ၁၀ အုပ် – ၁၂၀ဝိ / – }



၄။ ဝိပဿနာရှုမှတ်နည်း – ၁၀ဝိ / –
{ ၁၀ အုပ် – ၁၀၀ဝိ / – }

၄ အုပ်တွဲ တစ်စုံလျှင် (၅၀၀) ကျပ်ဖြင့် မည်သူမဆို ဝယ်ယူလှူဒါန်းနိုင်ပါသည်။

**လှူဒါန်းရန်ဌာန**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ရုံး
မဟာစည်သာသနာ့ရိပ်သာ
အမှတ် (၁၆)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၅၄၅၉၁၈၊ ၅၄၁၉၇၁

ဤမဟာစည်သတင်းလွှာအတွက်
အဖုံးဖလင်နှင့် အတွင်းဖလင်ကာလာခွဲခြင်း၊ အတွင်းအပြင် ပုံနှိပ်ခြင်းကို
**STARS EMPIRE** One Stop Printing Service မှ
ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရန် ရည်သန်၍ လှူဒါန်းပါသည်။

http://www.dhammadownload.com

# မဟာစည်သတင်းလွှာ အတွဲ (၂) အမှတ် (၁) အတွက် အလှူရှင်များစာရင်း

| စဉ် | အမည်/နေရပ်လိပ်စာ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၁။ | ဘဒ္ဒန္တဥတ္တရ(သာသနဓဇဓမ္မာစရိယ)ပဓာနနာယကဆရာတော် ဓမ္မိကာရုံမဟာစည်သာသနာ့ရိပ်သာ၊သန်လျင်မြို့။-- | ၅၀၀၀၀ |
| ၂။ | သီလရှင်ဆရာကြီးဒေါ်နန္ဒစာရီ၊ဦးမောင်ဟန်ဇရပ်၊မဟာစည်သာသနာ့ရိပ်သာ၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။------ | ၃၀၀၀ |
| ၃။ | သီလရှင်ဆရာကြီးဒေါ်ပညာဝတီ၊ဓမ္မဂဝေသီအဆောင်မှူး၊မဟာစည်သာသနာ့ရိပ်သာ၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့.-- | ၃၀၀၀ |
| ၄။ | ဦးတင်ဝမ်(နာယကကြီး)ဗုဒ္ဓသာသနာနုဂ္గဟအဖွဲ့ချုပ်၊မဟာစည်သာသနာ့ရိပ်သာ၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ --- | ၃၀၀၀ |
| ၅။ | ဦးဝင်းထိန်(ဥက္ကဋ္ဌ) ။ ။ ။ | ၃၀၀၀ |
| ၆။ | ဦးဖုန်းမြင့် (အတွင်းရေးမှူး) ။ ။ ။ | ၃၀၀၀ |
| ၇။ | ဦးကျော်ဇော၊ (ဘဏ္ဍာရေးမှူး) ။ ။ ။ | ၃၀၀၀ |
| ၈။ | ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)(အမှုဆောင်-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)၊ မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။ | ၃၀၀၀ |
| ၉။ | ဒေါက်တာဦးအောင်စန်း(အမှုဆောင်-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)+ဒေါ်ခင်ညွန့်ရီ<br>အမှတ်(၁၁၃)၃/ အေ၊ကမ္ဘာအေးစေတီလမ်း၊ဗဟန်းမြို့နယ်။ | ၃၀၀၀ |
| ၁၀။ | ဒေါက်တာဦးလှမြင့်အောင်(အမှုဆောင်-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်) မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။ -- | ၅၀၀၀ |
| ၁၁။ | ဦးသွင်လှ (အမှုဆောင်-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)+ဒေါ်ဝင်းခိုင် မိသားစု။ သုဝဏ္ဏ။ | ၃၀၀၀ |
| ၁၂။ | ဦးအုန်းမောင်(အမှုဆောင်-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)+ဒေါ်တင်နွဲ့၊အေး၊၂၄-မဥ္ဇူလမ်း၊ရန်ကင်း။ | ၃၀၀၀ |
| ၁၃။ | ဦးသိန်းထိုက်ဦး(အမှုဆောင်-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။ | ၃၀၀၀ |
| ၁၄။ | ဦးကျော်မြင့်သန်း(အမှုဆောင်) ။ ။ | ၃၀၀၀ |
| ၁၅။ | ဦးရဝေထွန်း(အမှုဆောင်) ။ ။ | ၃၀၀၀ |
| ၁၆။ | သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း(နာယက-ဟိတေသီအဖွဲ့)(ဂေါပက-သီရိမင်္ဂလာကမ္ဘာအေးစေတီတော်)+<br>သုဓမ္မသိင်္ဂီဒေါ်ယဉ်ယဉ်နု၊"မြတ်မွန်ရတနာသက်န်းတိုက်" အမှတ်(၄၉/၅၃) အုတ်လမ်း၊ရွှေတိဂုံဘုရားလမ်း၊ဗဟန်း။ | ၅၀၀၀ |
| ၁၇။ | ဦးကျော် (ဥက္ကဋ္ဌ) ဟိတေသီအဖွဲ့၊မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။ | ၃၀၀၀ |
| ၁၈။ | ဦးလှမောင်(ဒုတိယ ဥက္ကဋ္ဌ (၁) ။ ။ | ၃၀၀၀ |
| ၁၉။ | ဦးတင့်ဆွေ(ဘဏ္ဍာရေးမှူး-ဟိတေသီအဖွဲ့) ။ | ၃၀၀၀ |
| ၂၀။ | ဦးဝင်းကြည်(အတွင်းရေးမှူး-ဟိတေသီအဖွဲ့)+ဒေါ်တင်ရီ၊အမှတ်(၄၇)ဣစ္ဆာသယလမ်း၊ကျောက်မြောင်း၊တာမွေမြို့နယ်။ | ၃၀၀၀ |
| ၂၁။ | ဦးဝင်းကြည်+ဒေါ်မြလှိုင် သား- မောင်ဗညားအက်ဗန်၊ မောင်နိုင်ခေတ္တရာ၊ မိသားစု၊<br>တိုက်(၆/ဘီ) အခန်း(E1) အေးရိပ်မွန်(၃)လမ်း/၃-ရပ်ကွက်၊လှိုင်မြို့နယ်၊ | ၅၀၀၀ |
| ၂၂။ | ဒေါ်ခင်ဝင်း(ပုတီးကုန်း)(တွဲဖက်အတွင်းရေးမှူး-အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)<br>တူ/သား-ကိုနေဝင်းထွန်း၊ မဟာစည်သာသနာ့ရိပ်သာ။ | ၃၀၀၀ |
| ၂၃။ | ဒေါ်ရီရီခင်(အမှုဆောင်-အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)မဟာစည်သာသနာ့ရိပ်သာ။ | ၃၀၀၀ |
| ၂၄။ | ဒေါ်ခိုင်မြင့်ကြူ၊ (အမှုဆောင်၊အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) ။ | ၃၀၀၀ |
| ၂၅။ | ဒေါက်တာဒေါ်မေလှနှယ်(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း) ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်<br>အမှတ်(၄၄) မအူပင်လမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ | ၃၀၀၀ |
| ၂၆။ | ဒေါက်တာဦးထွန်းတင် (နာယက)၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗုဒ္ဓဘာသာအဖွဲ့.- | ၃၀၀၀ |
| ၂၇။ | ပါမောက္ခ ဒေါက်တာဒေါ်ခင်ကြည်ကြည်(ဥက္ကဋ္ဌ)၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ဗုဒ္ဓဘာသာအဖွဲ့.- | ၃၀၀၀ |
| ၂၈။ | ပါမောက္ခ ဒေါက်တာဒေါ်အုန်းကြည်(ဒုတိယ ဥက္ကဋ္ဌ) ။ ။ | ၃၀၀၀ |
| ၂၉။ | ပါမောက္ခ ဒေါက်တာဒေါ်တင်တင်အောင်(ဒုတိယဥက္ကဋ္ဌ) ။ ။ | ၃၀၀၀ |
| ၃၀။ | ဒေါက်တာဦးအောင်မြတ် (ဒုတိယ ဥက္ကဋ္ဌ) ။ ။ | ၃၀၀၀ |
| ၃၁။ | ပါမောက္ခဒေါက်တာဒေါ်မြမြအုန်း(ဘဏ္ဍာရေးမှူး) ။ ။ | ၃၀၀၀ |
| ၃၂။ | ဒေါက်တာဒေါ်ခင်ဦးမြင့်(အထွေထွေအတွင်းရေးမှူး) ။ ။ | ၃၀၀၀ |
| ၃၃။ | ဒေါက်တာဒေါ်သင်းသင်း(အမှုဆောင်) ။ ။ ။ | ၃၀၀၀ |
| ၃၄။ | ဒေါက်တာဒေါ်တင်တင်မြင့် (အမှုဆောင်) ။ ။ | ၃၀၀၀ |
| ၃၅။ | ဦးအောင်ကိုကို+ဒေါ်မြင့်မြင့်ဝင်း၊ သား-မောင်ပုည၊သမီး-မြရည်နန္ဒာအောင် "ဇကမ္ဘာမြန်မာ့ဆေးထုတ်<br>လုပ်ရေး"အမှတ်(၁၃၄)တက္ကသိုလ်ရိပ်သာလမ်းသစ်၊ကုက္ကိုင်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ | ၃၀၀၀ |
| ၃၆။ | မိဘများ၊ ဦးကျော်+ဒေါ်နုနု၊ ဦးစောအောင်+ဒေါ်နန်းဖွားမြိုင် တို့အားရည်စူး၍ ဦးမေအောင်+ဒေါ်နန်းလီခမ်းအောင်၊<br>သားသမီးများ-ဗိုလ်ကြီးနန်းကေသီအောင်၊ မနန်းချယ်ရီအောင်၊ ကိုအောင်ဗိုလ်ထိုက်+မနန်းနန္ဒာအောင်၊<br>၃၄/က၊(၁၀၄)လမ်း၊မင်္ဂလာတောင်ညွန့်။ | ၃၀၀၀ |
| ၃၇။ | ဦးညွန့်သိန်း+ဒေါ်ခင်ထားမေ မိသားစု၊ ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ် | ၃၀၀၀ |
| ၃၈။ | ဦးရွှေစိန်+ဒေါ်မီမီရှိန် (Great) သွားတိုက်ဆေး မိသားစု၊ ရွှေတောင်တန်းလမ်း၊ကျောက်တံတားမြို့နယ်။ | ၃၀၀၀ |
| ၃၉။ | ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် မိသားစု၊၄၉/ လမ်း၊ပုဇွန်တောင်မြို့နယ်။ | ၃၀၀၀ |
| ၄၀။ | ဦးကျော်ဦး+ဒေါ်ကြူလှိုင်၊၁၁၉/ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်။ | ၃၀၀၀ |
| ၄၁။ | ဒေါ်အေး(အဆင့်မြင့်လျှပ်စစ်ရောင်းဝယ်ရေးမိသားစု)ဗညားဒလလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်။ | ၃၀၀၀ |
| ၄၂။ | ဦးခင်မောင်+ဒေါ်ရင်မေ၊မဟာဗန္ဓုလလမ်း၊လသာမြို့နယ်။ | ၃၀၀၀ |
| ၄၃။ | ဦးစိန်ဝင်း+ဒေါ်ကျင်စု မိသားစု၊မင်္ဂလာတောင်ညွန့်မြို့နယ်။ | ၃၀၀၀ |
| ၄၄။ | ဦးသန်းအောင်(မင်းသိဒ္ဓိ)တာဝန်ခံစာတည်း၊မဟာစည်သတင်းလွှာ၊မဟာစည်သာသနာ့ရိပ်သာ | ၃၀၀၀ |
| ၄၅။ | ဒေါ်သန်းသန်း(ကွန်ပျူတာ-သာသနာပြုမှတ်တမ်း)ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ။ | ၃၀၀၀ |

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



ဆဋ္ဌသင်္ဂါယနာတင် တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

# ဩဝါဒတော်

မြတ်စွာဘုရား၏ သာသနာတော်နှင့် တွေ့ကြုံနေရတဲ့အခါမှာ အရေးအကြီးဆုံးလုပ်ငန်းက မိမိတို့သန္တာန်မှာ "သီလ,သမာဓိ,ပညာ" ဆိုတဲ့ ဒီ အကျင့်သုံးခု ပြည့်စုံအောင် အားထုတ်ဖို့ဟာ အရေးအကြီးဆုံးပဲ။ သီလလဲ ပြည့်စုံရမယ်၊ သမာဓိလဲ ပြည့်စုံရမယ်၊ ပညာလဲ ပြည့်စုံရမယ်။

"သီလ""ဆိုတာ ဘာလဲဆိုလို့ရှိရင် လူများ မှာ အောက်ထစ်ဆုံးအားဖြင့် ငါးပါးသီလ (အာဇီဝဋ္ဌမက သီလ)ပြည့်စုံရမယ်၊ ရဟန်းများမှာတော့ ပါတိမောက် သီလပြည့်စုံရမယ်၊ ဒီသီလ ပြည့်စုံတယ် ဆိုရင် လူ့ဘဝ, နတ်ဘဝ, ကောင်းရာဘဝတွေ ရောက်ပြီးတော့ ကောင်းစားချမ်းသာသွားနိုင်တယ်၊ ဒါပေမယ့် ဒီလောကီသီလ လောက်နဲ့တော့ အပါယ်ဘေးက လုံးဝ လွတ်ပြီလို့ စိတ်မချရသေးဘူး၊ ဒါကြောင့် လောကုတ္တရာသီလနဲ့လဲ ပြည့်စုံအောင် အားထုတ်ရမယ်၊ "လောကုတ္တရာသီလ" ဆိုတာ မဂ်သီလ, ဖိုလ်သီလပဲ၊ ဒီမဂ်သီလ, ဖိုလ်သီလနဲ့ ပြည့်စုံသွားရင်တော့ အပါယ်လေးပါးကို ဘယ်တော့မှ မကျတော့ဘူး။

ဒါကြောင့် မိမိတို့သန္တာန်မှာ အဲဒီ မဂ်သီလ, ဖိုလ်သီလတွေနဲ့ ပြည့်စုံအောင် အားထုတ်ကြရမယ်၊ တကယ်တမ်း အားထုတ်ရင် ပြည့်စုံလဲ ပြည့်စုံနိုင်ပါတယ်၊ ဒီလို အခါကောင်းကြီးထဲမှာ အားမထုတ်မိဘဲ အဲဒီ မဂ်,ဖိုလ် သီလထူးတွေနဲ့ လွဲသွားရမယ်ဆိုရင် အများကြီးပဲ ဝမ်းနည်းစရာကောင်းတယ်၊ အကုသိုလ် ကံတွေက အခွင့်ရတိုင်း အကျိုးပေးပြီး အပါယ်လေးပါးကို ပစ်ချလိမ့်ဦးမယ်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာဘုံတွေကို ရောက်ရောက်ပြီးတော့ အနှစ်သိန်းပေါင်းများစွာ, သန်းပေါင်းများစွာ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံခံစား သွားရလိမ့်ဦးမယ်။ ဒါကြောင့် ယခုလို ဘုရားသာသနာတော်ကြီးနဲ့ တွေ့ကြုံနေရတဲ့အခါမှာ အဲဒီ လောကုတ္တရာ မဂ်ဖိုလ် သီလနဲ့ ပြည့်စုံအောင် အားထုတ်ဖို့ အချိန်ပဲ။

ဆက်လက်ဖော်ပြပါမည်

http://www.dhammadownload.com

# မဟာစည်သတင်းလွှာ


၁။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ "အနမောဒနာဩဝါဒကထာ" ---------- ၄

၂။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော "ဝဋ်ကြွေးကြမ္မာမလွတ်သာ သီလပေးတရာတော်" ---------- ၆

၃။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော "အမှတ်ရစေ သိလျက်နေတရားတော်" ---------- ၁၃

၄။ သာသနာတော်၏ အံ့ဖွယ်(၈)ဖြာသိကောင်းစရာ (သဒ္ဓမ္မရံသီဆရာတော်) ---------- ၁၉

၅။ ဩဝါဒါစရိယဆရာတော်ကြီး ဘဒ္ဒန္တသံဝရ၏ အမြိုက်ဓမ္မတရားတော်မှ ကောက်နုတ်ချက် ---------- ၂၂

၆။ နာယကဆရာတော် ဘဒ္ဒန္တဝါသဝ၏ "သောကကင်းဝေးနေနိုင်ရေး" တရားတော် ---------- ၂၉

၇။ နာယကဆရာတော် ဘဒ္ဒန္တဇဋိလ၏ "သီလဝိသုဒ္ဓိ" တရားတော် ---------- ၃၂

၈။ ကျမ်းဂန်နှင့်အညီမဟာစည်ဟောသည့်ဝိပဿနာ (အရှင်မဏ္ဍလ-မုံရွာ) ---------- ၃၇

၉။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ (တက္ကသိုလ် စိုးယဉ်) ---------- ၄၇

၁၀။ မဟာစည်ဝိပဿနာရှုနည်းကျမ်းကြီးအား အင်္ဂလိပ်ဘာသာဖြင့်ရိုက်နှိပ်လျက်ရှိခြင်း (ဉာဏ်လင်းထိန်-ရေနံချောင်း) ---------- ၄၈

၁၁။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးရေးသားစီရင်အပ်သော "ခန္ဓာအပ်လျှင်နိဗ္ဗာန်ဝင်တရားတော်" (ဦးတင့်ဆွေ-ဘဏ္ဍာ) ---------- ၅၀

၁၂။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော "အရိယာပုဂ္ဂိုလ်တို့ ဖိုလ်ဝင်စားပုံနှင့် ဖိုလ်မှထပုံ" တရားတော် (ဒေါ်ပညာဝတီ) ---------- ၅၂

၁၃။ မဟာစည်သာသနာ့ရိပ်သာ "ဆေးပဒေသာပင်" အလှူရှင်များ ---------- ၅၄

၁၄။ "ဘန္တေ နမက္ကာရ" (အရှင်ပညောဘာသ-ပြင်စည်) ---------- ၅၈

၁၅။ မဟာစည်သာသနာ့ရိပ်သာ "၅၈" ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးသက်တော် (၁၀၆) နှစ်ပြည့်မွေးနေ့ပူဇော်ပွဲ (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) ---------- ၆၂

၁၆။ မဟာစည်သာသနာ့ရိပ်သာ ၁၃၇၂-ခုနှစ်၊ ဝါဆိုဝါကပ်တော်မူကြသော အခမ်းအနား (ဒေါ်ခင်ဝင်း-ပုတီးကုန်း) ---------- ၆၄

၁၇။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော် (၁၀၆) နှစ်ပြည့်ပူဇော်ပွဲ (ဒေါ်ခင်ဝင်း-ပုတီးကုန်း) ---------- ၆၅

၁၈။ စာအုပ်စင်ကဏ္ဍ "အရိယာဝါသ တရားတော်" (တက္ကသိုလ် စိုးယဉ်) ---------- ၆၆

၁၉။ စာအုပ်စင်ကဏ္ဍ "မဟာသတိပဋ္ဌာန်တရားတော်" (တက္ကသိုလ် စိုးယဉ်) ---------- ၆၇

၂၀။ ထိုင်းနိုင်ငံသွား တရားပြတစ်ခေါက် (အရှင်ဇဋိလ-မဟာစည်နာယက) ---------- ၆၈

၂၁။ ပေါ်ထွန်းလာမည့် အောင်ပန်းမဟာစည် (မြို့မ ရဝေထွန်း) ---------- ၇၁

၂၂။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူခြင်း (၂၈)နှစ်ပြည့်အထိမ်းအမှတ်ပူဇော်ပွဲ (ဒေါ်ခင်ဝင်း-ပုတီးကုန်း) ---------- ၇၂

၂၃။ ကျေးဇူးပေးဆပ် ကုသိုလ်မြတ် (ဒေါ်ခင်ဝင်း-ပုတီးကုန်း) ---------- ၇၄



ပုံနှိပ်ထုတ်ဝေခွင့်လက်မှတ်

၅၄၁၂၂၅၁၂၁၀

ပထမအကြိမ်၊
အုပ်ရေ ၃၀၀၀
၂၀၁၀ ခုနှစ်၊
ဒီဇင်ဘာလ

တန်ဖိုး – ဓမ္မဒါန

ကွန်ပျူတာစာစီ
ဒေါ်သန်းသန်း
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ဓာတ်ပုံ
မဟာစည် ဝင်းတင်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
ရဲဝင့်ကျော် (STARS)

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးအောင်မိုး (မြဲ-၀၇၆၅၁)
**STARS EMPIRE**
One Stop Printing Services
အမှတ် ၇၉/၈၁၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၂၉၃၃၊ ၃၈၀၄၂၆

http://www.dhammadownload.com

# အတွဲ (၂) ၊ အမှတ် (၁)


၂၄။ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့(၃၂)နှစ်မြောက်နှစ်ပတ်လည်အစည်းအဝေး
ကျင်းပခြင်း (၂၀၀၉-၂၀၁၀) (အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) ---------- ၇၆
၂၅။ မြတ်သောနေရာသို့ မြတ်သောအထောက်အပံ့ (ဒေါ်ခင်ဝင်း-ပုတီးကုန်း) ---------- ၈၀
၂၆။ အံ့ဖွယ်သူ့ရဲ ထူးကဲအလှူရှင် (သို့မဟုတ်) ခေတ်သစ်ဝိသာခါကျောင်းအစ်မကြီး
(တက္ကသိုလ် စိုးယဉ်) ---------- ၈၂
၂၇။ "သုခဝါသီ" အမျိုးသမီးယောဂီဆောင်နှင့် ဟိတေသီ "နှစ်ထပ်မွှောရုံကြီး" အလှူရှင်များ ၈၄
၂၈။ ထာဝရဆွမ်းပဒေသာပင်နှင့် သောက်ရေသန့် မ,တည်အလှူရှင်များ---------- ၈၅
၂၉။ ဟိတေသီအဖွဲ့၏ အလုပ်အမှုဆောင်များရွေးချယ်ပွဲကျင်းပခြင်း ---------- ၈၆
၃၀။ တနင်္ဂနွေသန့်ရှင်းရေး (မြို့မ ရဝေထွန်း)---------- ၈၇
၃၁။ သန်လျင်မြို့ ဓမ္မိကာရုံမဟာစည်သာသနာ့ရိပ်သာ "သုနန္ဒာ (၃) ထပ်
အမျိုးသမီးယောဂီဆောင်" ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ
(ဦးအောင်ကိုကို-အတွင်းရေးမှူး) ---------- ၈၈
၃၂။ သန်လျင်မြို့ ဓမ္မိကာရုံမဟာစည်သာသနာ့ရိပ်သာအလှူရှင်များ ---------- ၉၀
၃၃။ သန်လျင်မြို့ ဓမ္မိကာရုံမဟာစည်သာသနာ့ရိပ်သာအလှူရှင်များ ---------- ၉၁
၃၄။ How To Live Without Anxiety (By Sayadaw Ven.Vasava) ---------- ၉၂
၃၅။ Sila Visuddhi (By Sayadaw Ven. Ashin Jatila) ---------- ၉၄
၃၆။ Words of Admonition given by Bhaddanta Jatila Mahathera
(Translated by U Ko Ko ) ---------- ၉၇
၃၇။ The Most Venerable Mahasi Sayadaw and 1 (or) 33 years of
Mahasi Missionary work (Translated by U Kyaw Htun ) ---------- ၁၀၀
၃၈။ "မဟာစည်ဓမ္မဗိမာန်တော်ကြီး" အလှူရှင်များ ---------- ၁၀၂
၃၉။ "မဟာစည်တရားတော်ပြန့်ပွားရေးထာဝရငွေပဒေသာပင်" အလှူရှင်များ---------- ၁၀၃
၄၀။ မဟာစည်သာသနာ့ရိပ်သာ "အရုဏ်ဆွမ်း" အလှူရှင်များစာရင်း---------- ၁၀၅
၄၁။ မဟာစည်သာသနာ့ရိပ်သာ "နေ့ဆွမ်း" အလှူရှင်များစာရင်း ---------- ၁၀၉
၄၂။ မဟာစည်သာသနာ့ရိပ်သာ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့ လှူဒါန်းကြသော
ပစ္စည်းလှူဒါန်းမှုစာရင်း ---------- ၁၁၄
၄၃။ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၌ လစဉ်တရားဝင်ကြသော
ယောဂီများစာရင်း ---------- ၁၁၉
၄၄။ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၌ လစဉ်ဉာဏ်စဉ်တရားနာကြားရသော
ယောဂီများစာရင်း ---------- ၁၁၉
၄၅။ တောင်ကိုရီးယားနိုင်ငံ ဆိုး(လ်)မြို့တွင် ကျင်းပသော IV International Lay
Buddhist Forum သို့ မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကိုယ်စားပြု
အမှုဆောင် ဒေါက်တာဦးအောင်စန်း တက်ရောက်ခဲ့ခြင်း ---------- ၁၂၀



**အတိုင်ပင်ခံစာတည်း**
မှူးသမိန်

**စာတည်းချုပ်**
ဉာဏ်လင်းထိန် (ရေနံချောင်း)

**တာဝန်ခံစာတည်း**
မင်းသိဒ္ဓိ

**စာတည်းအဖွဲ့ဝင်များ**
တက္ကသိုလ် စိုးယဉ်၊
ထွေးမောင် (မြစ်ကြီးနား)၊
သိန်းထိုက်ဦး၊ သုရိန်ထွန်း

**အုပ်ချုပ်ရေးမှူး**
ဦးအေးမြင့်

**ထုတ်ဝေသူ**
ဦးသိန်းထိုက်ဦး (၁၂၄၈)
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊
မဟာစည်သာသနာ့ရိပ်သာ၊
(၁၆)၊ သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၉၇၁၊ ၅၄၅၉၁၈



**E-mail :**
mahasi-ygn@mptmail.net.mm,



**Website :**
http://www.mahasi.org.mm

http://www.dhammadownload.com



ရန်ကုန်မြို့မဟာဟာစည်သာသနာ့ရိပ်သာ
ဆဋ္ဌသံဂီတိပုစ္ဆကၥ၊အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက
ဩဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ သာသနာပြု
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

# အနုမောဒနာ ဩဝါဒကထာ

**"ခဏော ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ။"**

**ဘိက္ခဝေ**-ရဟန်းတို့၊ **ဗြဟ္မစရိယဝါသာယ**-အရိယမဂ် ဟူသော မြတ်သောအကျင့်ကို ကျင့်သုံးရန်အလို့ငှါ၊ **ခဏော စ**- အခိုက်အတန့် ကာလခဏသည်လည်းကောင်း၊ **သမယော စ**-အချိန်အခါ သမယသည်လည်းကောင်း၊ **ခဏော ခေါ**-ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းပေါ်နေခိုက်ဟု ဆိုအပ်သော တစ်ခဏတည်း တစ်ချိန်တည်းသာ ရှိပေသည်ဟု အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ဂဟပတိဝဂ် အက္ခဏ သုတ်မှာ မြတ်စွာဘုရား ဟောကြား တော်မူခဲ့ ပေသည်။ ထိုဒေသနာတော်နှင့်အညီ အရိယမဂ်ဖိုလ်သို့ ရောက်အောင် ကျင့်သုံးနိုင်သော ခဏကောင်း အချိန်အခါကောင်း အခွင့်ကောင်းကြီးသည် တစ်ခုတည်း တစ်ခဏတည်း တစ်ချိန်တည်းသာရှိသည်။

## အဘယ်သို့သောခဏနည်း

အဘယ်သို့သော ခဏနည်းဟူမူ .....

(၁) ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ဟု ဆိုအပ်သော မဂ်ရောက် ဖိုလ်ဝင် တရားတော်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဟောကြားညွှန် ပြနေခိုက်လည်း ဖြစ်ရမည်။

(၂) ထိုသို့ဟောကြားနေရာ အရပ်ဒေသ၌ လူ ဖြစ်နေခိုက်လည်း ဖြစ်ရမည်။

(၃) ဘုရားဟော တရားတော်ကို ယုံကြည်နိုင်သည့် သူလည်းဖြစ်ရမည်။

(၄) တရားစကားကို သဘောပေါက် နားလည်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံသူလည်းဖြစ်ရမည်။

ဤသို့ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောခဏပင် ဖြစ်သည်။ အတိုချုပ်ပြောရလျှင်တော့ ဗုဒ္ဓသာသနာတော် ထွန်းကားရာအရပ်၌ တရားတော်ကို နားလည်နိုင်သော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်ဖြစ်နေခိုက် ခဏပင်ဖြစ်သည်။ ထိုခဏကို "ဗုဒ္ဓုပ္ပါဒနဝမခဏ"ဟုခေါ်သည်။ ဘုရားပွင့်တော်မူဆဲ ကိုးခုမြောက် ခဏဟုဆိုလိုပေသည်။

## အဘယ်ကြောင့်၍ ၉-ခုမြောက်ခေါ်သနည်း

ကိုးခုမြောက်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကတော့ မဂ်ဖိုလ်ရအောင် ကျင့်သုံးနိုင်ခွင့်မရှိသော ခဏဆိုးတို့သည် ရှစ်ခုရှိကြလေသည်။ ထိုခဏဆိုးများမှာ....

(၁) ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူဆဲ တရားတော်ကို ဟောတော်မူဆဲ၌ ငရဲမှာ ကျရောက်နေခိုက်က ခဏဆိုးတစ်ခု။

(၂) တိရစ္ဆာန် ဖြစ်နေခိုက်က ခဏဆိုးတစ်ခု၊

(၃) ပြိတ္တာ အသူရကာယ်ဖြစ်နေခိုက်က ခဏဆိုးတစ်ခု။

(၄) ရုပ်သက်သက်သာရှိသည့် အသညသတ်ဘုံ၊ နာမ် သက်သက်ရှိသည့် အရူပဘုံတို့၌ ဖြစ်နေခိုက်က ခဏဆိုးတစ်ခု။

(၅) ဗုဒ္ဓသာသနာမထွန်းကားရာ အရပ်ဒေသ၌ လူ ဖြစ်နေခိုက်က ခဏဆိုးတစ်ခု။

(၆) ဗုဒ္ဓသာသနာထွန်းကားရာ အရပ်ဒေသ၌ဖြစ်ရသော်လည်း မိစ္ဆာအယူအစွဲရှိသူဖြစ်ခိုက်က ခဏဆိုး တစ်ခု။

http://www.dhammadownload.com



(၇) တရားတော်ကို သိနားလည်နိုင်သည့် ဉာဏ်ပညာ မရှိသူဖြစ်ခိုက်က ခဏဆိုးတစ်ခု။

(၈) ဗုဒ္ဓသာသနာတော် ကွယ်ပနေခိုက်က ခဏဆိုးတစ်ခု။

ဤရှစ်ခုတို့ပင်ဖြစ်သည်။ ဤခဏဆိုးရှစ်ခုကိုပင် ရပ်ပြစ်ရှစ်ပါးဟူ၍လည်းခေါ်သည်။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူ၍ ဗုဒ္ဓသာသနာတော် ထွန်းကားရာ အရပ် ဒေသ၌ တရားတော်ကို သိနားလည်နိုင်သည့် ဉာဏ် ပညာနှင့်ပြည့်စုံသော ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်ဖြစ်နေ ခိုက် ခဏသည်ကား အဆိုပါ အဆိုးရှစ်ခုမှ လွတ် မြောက်သော ခဏကောင်းဖြစ်ပေသည်။ ထို့ကြောင့် ထိုခဏဆိုး ရှစ်ပါးကိုထောက်၍ ဘုရားပွင့်တော်မူဆဲ ဟု ခေါ်ဆိုရသော သာသနာတော် ထွန်းကားဆဲခဏကို ဗုဒ္ဓုပ္ပါဒနဝမခဏ-ဘုရားပွင့်ဆဲကိုးခုမြောက်ခဏဟု ခေါ်ဆိုရပေသည်။ ဤခဏသည် အလွန်ရခဲသည့်ခဏ ကောင်း၊ အခါကောင်းကြီးဖြစ်ပေသည်။

## အဘယ်ကြောင့် အလွန်ရခဲသနည်း

အလွန်ရခဲပုံကတော့ ဘုရားမပွင့်မီ ရှေးကာလနှင့် ဘုရားသာသနာကွယ်လွန်သွားသည့် နောက်ကာလဟူသော သာသနာပ-ကာလတွေကလည်း အတိုင်းမသိ အလွန်ပင် ရှည်လျားကျယ်ပြန့်သည်။ ဘုရားသာသနာတော် ထွန်းကားနေသည့် ယခုလို ကာလမှာလည်း အပါယ်လေးဘုံဟုဆိုအပ်သော ရပ်ပြစ်ဌာနတို့၌ ရောက်နေကြသည့် သတ္တဝါတို့ကလည်း အတိုင်းမသိ အလွန့်အလွန် များပြားနေသည်။ ရခဲသည့် လူ့ဘဝကို ရနေကြသော လူများထဲမှာလည်း ကမ္ဘာအရပ်ရပ် မှာ ဗုဒ္ဓတရားတော်ကို မကြားဘူးသောလူများနှင့် ကြားဘူးသော်လည်း မိရိုးဖလာ အယူဝါဒ ဘာသာအစွဲကြောင့် ဗုဒ္ဓတရားတော်ကို မယုံကြည် မသက်ဝင်နိုင်သောသူများ ဤသို့သောလူတို့ကသာ များနေချေသည်။ ဤပုံဤနည်းဖြင့် ရပ်ပြစ်ရှစ်ပါးအဝင် ခဏဆိုးများကို တွေ့ကြုံနေကြရသည့် ပုဂ္ဂိုလ်တို့ကသာ အတိုင်းမသိ အလွန့်အလွန် များပြားနေသောကြောင့် အဆိုပါ ဗုဒ္ဓုပ္ပါဒ-နဝမခဏ ကောင်းကြီးကို အလွန်ရခဲသည်ဟု ဆိုရပေသည်။

## အချိန်လွန်သွားလျှင် အကြီးအကျယ်ဆုံးရှုံးလိမ့်မည်

ယခု မြန်မာပြည်မှာ ဗုဒ္ဓတရားတော်ကိုကြားနာ၍ နားလည်နိုင်သည့် ဉာဏ်ပညာရှိနေကြသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် "မဂ်ဖိုလ်နိဗ္ဗာန်ကိုရလိုပါ၏" စသည်ဖြင့် ဆုတောင်း၍ ပြုခဲ့သော ပါရမီကုသိုလ်ကြောင့် အလွန်ရခဲသည့် အဆိုပါ ဗုဒ္ဓုပ္ပါဒနဝမခဏကောင်းကြီးကို ရနေကြပေသည်။ ဤခဏကောင်း အခွင့်ကောင်းကြီးကို ရနေဆဲမှာ ဗြဟ္မစရိယ မြတ်သော အရိယမဂ်အကျင့်ဟု ခေါ်ဆိုအပ်သော ဝိပဿနာဘာဝနာကို ကျင့်သုံးပွားများလိုက်လျှင် မိမိအလိုရှိအပ်သော အရိယမဂ်ဖိုလ်ကို ရသွားနိုင်ကြပေသည်။ အကယ်၍ အကြောင်းမညီညွတ်သောကြောင့် ဝိပဿနာဘာဝနာကိုပင် မကျင့်သုံး မပွားများနိုင်ဘဲ အချိန်အခွင့် ခဏကုန်လွန်သွားလျှင်မူကား အကြီးအကျယ် ဆုံးရှုံးသွားကြလိမ့်မည်၊ သံသရာတစ်ခွင်မှာ ကျင်လည်မြဲကျင်လည်နေရစဉ်တွင် အကုသိုလ်ကံက အကျိုးပေးခွင့်ရသည့် အချိန်ကာလများမှာ အပါယ်လေးပါး၌ ကျရောက်ပြီး အလွန်ကြီးကျယ်သည့် ဆင်းရဲဒုက္ခများကို အတိုင်းမသိ ခံစားသွားကြရလိမ့်မည်။

## ကြိုးစားအားထုတ်သင့်လှပေသည်

ထို့ကြောင့် ဗုဒ္ဓတရားတော်ကို နားလည်နိုင်သည့် လူတိုင်း လူတိုင်းပင် မိမိတို့ရထားသည့် ဗုဒ္ဓုပ္ပါဒနဝမခဏကြီး၏ အလွန်အဖိုးထိုက်တန်ပုံ အလွန်ရခဲပုံ များကို စဉ်းစားဆင်ခြင်ပြီးလျှင် ထိုခဏကောင်းကြီးကုန်လွန်မသွားမီအတွင်း၌ ရသင့်ရထိုက်သော အရိယမဂ်ဖိုလ်တရားကို လက်ဆုပ် လက်ကိုင် ပိုင်ပိုင်ကြီးရအောင် ဗြဟ္မစရိယ-မြတ်သောအကျင့်ဟု ဆိုအပ်သော ဝိပဿနာဘာဝနာအကျင့်ကို ကြိုးစား၍ ကျင့်သုံးအားထုတ်သင့် လှပေသည်။

ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



## ၁၃၄၀–ပြည့်နှစ်၊ ဝါခေါင်လပြည့်နေ့တွင်
## ဆဋ္ဌသင်္ဂါယနာပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု
## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော

# "ဝဋ်ကြွေးကြမ္မာမလွတ်သာ သီလပေးတရားတော်"

**န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊**
**န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။**
**န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။**

အကုသိုလ်ကံများ အကျိုးပေးပုံကို ဗဟုသုတအဖြစ် မှတ်သားရပါတယ်။ ကုသိုလ်ကံကလဲ ဒီလိုပဲ အကျိုးပေးတာပါပဲ။ သံသရာမှာ ကျင်လည်နေယင်း အကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အကုသိုလ်ကံက အကျိုးပေးတယ်၊ ဘယ်မှ ပြေးလို့ရှောင်လို့မရဘူး။ ကုသိုလ်ကံရှိတဲ့အခါလဲ ကုသိုလ်ကံက အကျိုးပေးတယ်။ ဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရတာဘဲ၊ သံသရာထဲမှာ ကျင်လည်နေလို့ရှိယင် ဒီကံတရားတွေရဲ့ဆောင်ရွက်မှု၊ ပြုလုပ်မှုတွေ ခံစားပြီးတော့ နေကြရတယ်၊ အဲဒီဆင်းရဲဇာတ်သိမ်း ကာ ငြိမ်းအောင်လုပ်ဖို့ အရေးကြီးတယ်။

**အန္တလိက္ခေ**– ကောင်းကင်၌၊ **ဋ္ဌိတောပိ**– တည်သောသူသည်လည်း၊ **ပါပကမ္မာ**–မကောင်း မှုကံမှ၊ **နမုစ္စတိ**–မလွတ်ကင်း နိုင်ဘူး၊ **သမုဒ္ဒမဇ္ဈေ**– သမုဒ္ဒရာအလယ်၌၊ **ဋ္ဌိတောပိ**– တည်သောပုဂ္ဂိုလ်သည်လည်း။ **န မုစ္စတိ**– မလွတ် နိုင်ဘူးတဲ့။ (သမုဒ္ဒရာ ထဲ ရေထဲသွားအောင်းနေလည်း မလွတ်ဘူး) **ပဗ္ဗတာနံ**–တောင်တို့၏၊ **ဝိဝရံ**–အကြား တောင်ခေါင်းသို့၊ **ပဝိဿ ပိ** – ဝင်နေသောသူသည် လည်း၊ **န မုစ္စတိ**–မလွတ်နိုင်ဘူး။(တောင်ခေါင်းထဲ သွားဝင်နေလည်း မလွတ်နိုင်ဘူး) **ယတ္ထဋ္ဌိတော**– အကြင်အရပ်၌ တည်သောပုဂ္ဂိုလ်သည်၊ **ပါပကမ္မာ**– မကောင်းမှုမှ၊ **မုစ္စေယျ**–လွတ်မြောက်ရာ၏။ **သော– ဇဂတိပ္ပဒေသော**– ထိုမကောင်းမှုမှ လွတ်မြောက်ရာဖြစ်သော နယ်ပယ် အရပ်မည်သည်။ **န ဝိဇ္ဇတိ**–မရှိသည်သာတည်း။

သံသရာထဲကျင်လည်နေတဲ့အခါ လောဘ၊ ဒေါသ၊ မောဟ အားလျော်စွာ အကုသိုလ်ကံ မကောင်းမှုကံတွေဆိုတာ ပြုမိတတ်ကြတာပဲ၊ **ကလျာဏမိတ္တ**– မိတ်ကောင်းဆွေကောင်းတွေ မှီဝဲရတဲ့အခါမှာ အကုသိုလ်ကံအဖြစ်နည်းတယ်၊ ကုသိုလ်ကံတွေဖြစ်ပွားတာ များတယ်၊ **ပါပမိတ္တ**ဆိုတဲ့ ယုတ်ညံ့တဲ့မိတ်ဆွေကို အမှီပြုပြီးတော့နေရတဲ့အခါမှာ မကောင်းမှုတွေဖြစ်ပွားတာများတယ်။ အဲဒီတော့ မကောင်းမှုကံက ဖြစ်သွားလို့ရှိယင်တော့ အကြောင်းညီညွတ်တဲ့အခါ သူက အကျိုးပေး တော့တာပဲ။ အဲဒီမကောင်းမှုကံမှ လွတ်မြောက်ဖို့ အရေးကြီးတယ်။ အဲဒါ ဘာကြောင့် အဲဒီလို ဟော ရသလဲဆိုယင် ဘုရားလက်ထက်တော်အခါက ပုဂ္ဂိုလ် သုံးမျိုးကို (သုံးစု) အကြောင်းပြုပြီးတော့ အကုသိုလ်ကြမ္မာ ဝဋ်ကြွေးမလွတ်ပုံကို မြတ်ဗုဒ္ဓ ဟောခဲ့တယ်။

### သမုဒ္ဒရာထဲ သွားနေလဲ ရှောင်လွှဲမလွတ်ပါ

ပထမအစုက ရဟန်းတော်တွေပါပဲ၊ ပင်လယ်ခရီးက လာတယ်လို့ ဆိုတယ်။ ဘုရား လက်ထက်တုန်းက ဒေသနာတော် တွေဟောပြော ညွှန်ကြားထားတာတွေကတော့ အိန္ဒိယအလယ်ပိုင်းမှာ ဟောပြောတာတွေပါပဲ။ ပင်လယ်ကကျော်ပြီးတော့ သီဟိုဠ်တို့ ဘာတို့ ဒီလို ကျွန်းတွေအကြောင်းတော့ မပါဘူး။ ဒါပေမယ့်လို့ ပင်လယ်ကိုကူးပြီးတော့ သွားရ တဲ့ ပင်လယ်ကမ်းစပ်က အရပ်ဒေသတွေလည်း ဖြစ်မှာပေါ့လေ။ အိန္ဒိယတစ်ဝိုက်မှာ အိန္ဒိယရဲ့တောင်ဘက်က ပင်လယ်မှာ အိန္ဒိယကျွန်းမြေကြီးက ပင်လယ်ထဲကို ဝင်နေတဲ့ သဘောရှိပါတယ်။ အဲဒီလိုဟာတွေက ဖြတ်သွားကြတာနဲ့တူပါတယ်၊ အဲဒီမှာ ဟိုတုန်းက သင်္ဘောခေါ်တဲ့

http://www.dhammadownload.com



လေ့ပေါ့လေ၊ ရွက်လှေကြီးတွေ ဖြစ်ပါလိမ့်မယ်၊ အဲဒါ စီးပြီးတော့လာကြတော့ အဲဒီရွက်သင်္ဘောက တစ်နေရာကြတော့ ရပ်နေတယ်။ မသွားတော့ဘူးတဲ့၊ သွားအောင်လုပ်လို့မရဘူး၊ ရပ်တည်နေတယ်။ ဒီလိုဆိုလို့ ရှိယင် ဒီအထဲမှာ မကောင်းမှု ကံရှိတဲ့ သူပါလိမ့်မယ်၊ မကောင်းမှုကံရှိတဲ့သူတွေ သင်္ဘောပေါ်၊ ရွက်လှေပေါ်ကနေပြီးတော့ ထုတ်ပစ်မှ ဖြစ်လိမ့်မယ်ဆိုပြီးတော့ မဲချလိုက်တယ်။

## လှေသူကြီးကတော် ကံဆောင်းပေါ်

ပထမတစ်ကြိမ်မဲချလိုက်တော့ အဲဒီသင်္ဘောလှေ အကြီးအမှူးဖြစ်တဲ့ သင်္ဘောပိုင် လှေပိုင်လဲဖြစ်မှာပေါ့လေ၊ သို့မဟုတ်ယင်လဲ အဲဒီလှေရဲ့အကြီးအကဲ၊ သင်္ဘော မှူးဖြစ်မှာပေါ့။ အဲဒီလူကြီးရဲ့ ဇနီးကမဲကျတယ်၊ အဲဒီတော့ ပုဂ္ဂိုလ်ထူးမဲကျနေတော့ ဒါမသေချာသေးဘူး ဆိုပြီးတော့ "တစ်ခါထပ်ပြီးတော့ မဲချကြအုံးစို့." ဆိုပြီး ထပ်ပြီးမဲချတော့လည်း အဲဒီအမျိုးသမီးပဲ မဲကျတယ်၊ ဒါလဲ မသေချာသေးဘူးဆိုပြီးတော့ နောက်တစ်ခါထပ်ပြီးတော့ မဲချတော့လဲ အဲဒီ အမျိုးသမီးပဲ မဲပြန်ကျ၊ သုံးကြိမ်တိုင်တိုင် မဲကျ တယ်။ သုံးကြိမ်တိုင်တိုင်ကျတော့ လှေပိုင်ရှင် လှေမှူးကို အများလူထုက "ဘယ့်နှယ်လဲ"ဆိုတဲ့ သဘောနဲ့ ကြည့်ကြတော့ ဒီလိုဆိုယင်တော့ မဖြစ်တော့ ဘူး တဲ့၊ ဒီအတိုင်းနေရင်တော့ ဒီမှာလှေပျက်ပြီးတော့ အားလုံးသေကုန်ကြတော့မှာပဲတဲ့၊ အားလုံးမသေရ အောင် တစ်ယောက်အတွက်နဲ့ အားလုံးသေအောင် ဆင်းရဲဒုက္ခခံလို့တော့ မဖြစ်ဘူး။ အဲ-ပြုသင့်တဲ့အတိုင်း သာပြုကြပေတော့ဆိုပြီး လှေမှူးအကြီး အကဲကနေပြီးခွင့်ပြုတော့ အဲဒီလှေမှူးရဲ့ ဇနီးဖြစ်တဲ့ သူ့ကိုပင်လယ်ထဲဆွဲချဖို့လုပ်ကြတော့ ငိုတယ်တဲ့။ လှေမှူးအကြီးအကဲ လူကြီးက "ဟာ-သူရေထဲနစ်သွားယင် သူသေကြေပျက်စီးမှာပဲ၊ သူဝတ်ထားတဲ့ အဝတ် တွေကလည်း အဖိုးတန်တွေ၊ အဲဒါတွေနဲ့ မတော်ဘူး ဆိုပြီးတော့ အဲဒါတွေကိုလဲပြီး အဝတ်ကြမ်းတစ်ခုဝတ်ပြီးတော့ပေးတယ်။ အဲဒီတော့ လှေမှူးကြီးဖြစ်တဲ့သူကလဲ သူရေပေါ်မှာ ပေါ်ပြီးမျောနေတာ မြင်ရယင် အဲဒါမကောင်းပါဘူးလို့ ပြောတာနဲ့ရေပေါ်လည်း မပေါ်နိုင်အောင်လို့ အိုးတစ်လုံးထဲကို သဲတွေထည့်ပြီး တော့ အဲဒီအိုးကို လည်ပင်းမှာကြိုးနဲ့ချည်ပြီး ရေထဲချ လိုက်တော့ မြုပ်သွားတာပေါ့။ မပေါ်နိုင်တော့ဘူး၊ ငါးတွေလိပ်တွေက စားကြတယ်တဲ့။ အဲဒါတွေ မြင်ရတော့လဲ "အော်-ဒီဟာ အကုသိုလ်ကံကြောင့်ပဲ။ ဒီအကုသိုလ်ကံ မြတ်စွာဘုရားမှသိမှာ၊ ဘယ်လိုကံကြောင့် ဒီလို မကောင်းကျိုးကို ပေးတယ်ဆိုတာ။ ဘုရားထံရောက်မှ မေးလျှောက်ရမှာပဲဆိုပြီး ရဟန်းတော်တွေမှတ်သား ပြီးတော့ လာကြတယ်။

## ကောင်းကင်သွားကာ ကျီးကန်းမှာ မီးတွင်းစွပ်မိရှာ

တစ်နေရာ အခြားရဟန်းတစ်စုကတော့ ရွာတစ်ရွာမှာ ဆွမ်းကိစ္စနဲ့ ဆွမ်းခံကြွတော့ အဲဒီမှာပင် ဒကာတွေက ဆွမ်းချက်ပြီးတော့ လှူဒါန်းကြတယ်။ အဲဒီမှာ ချက်ပြုတ်နေတုန်း အဆင်မသင့်တော့ မီးဖိုကနေပြီး တော့မီးထလောင်တော့ အမိုးမီးလောင်၊ အမိုးမီးလောင်တော့ မီးက အားကောင်းဟန်တူပါတယ်၊ အဲဒီအမိုးကနေ ကောက်ရိုးလိုဟာတွေပေါ့လေ မြက်ခြောက်တွေ ဘာတွေလည်း ဖြစ်မှာပေါ့၊ တချို့အိမ်တွေမှာ အဲဒီလို ဟာတွေနဲ့လုပ်တာ။ အဲဒါတွေ တစ်ခါထဲ တစ်စုကြီး မီး လောင်းပြီးတော့ ကောင်းကင်တက်သွားလိုက်တာ ကျီးတစ်ကောင်ကပျံလာတာနဲ့ အဲဒါကြီးထဲ ဝင်တိုးပြီးတော့ မီးလောင်ပြီးသေတယ်တဲ့။ အဲဒါမြင်ရတော့ "အော်-ဒါလဲပဲ အင်မတန်ထူးဆန်းတဲ့ အကု သိုလ်ကံပဲ၊ ကောင်းကင်နေရာတွေ အကျယ်ကြီး ဘယ့်နှယ် မီးထဲတိုးမိပြီးတော့ မီးလောင်ပြီး သေရ ပါလိမ့်မလဲ၊ ဒီလို မီးလောင်သေခြင်းအကြောင်းကံ ကလဲ အင်မတန်ထူးဆန်းတဲ့ကံပဲ၊ မြတ်စွာဘုရားမေးကြည့်ရမှာပဲဆိုပြီး သူတို့ကလည်းမှတ်လာကြတယ်။

## တောင်ခေါင်းတွင်းမှာ တည်းခိုရာ တွင်းပေါက်ပိတ်မိရှာ

နောက်တစ်စုက ရဟန်းခုနစ်ပါး တစ်နေရာကနေ ဘုရားဖူးကြွလာကြတယ်။ တနေရာရောက်တဲ့ အခါကာလကျတော့ ကျောင်းတိုက်ထဲ နေရာတောင်းတော့ ကျောင်းဆိုင်ရာ အကြီးအကဲဖြစ်တဲ့ ပုဂ္ဂိုလ်က တောင်ခေါင်းထဲမှာ နေရာပေးတယ်။ တောင်ခေါင်းထဲ

http://www.dhammadownload.com



မှာ ကုဋ္ဌင်က ခုနစ်ခုရှိတယ်တဲ့။ သူတို့ရဟန်းခုနစ်ပါး အဲဒီနေရာနဲ့သင့်တော်တယ်ဆိုပြီးတော့ အဲဒီထဲမှာနေရာ ပေးတယ်။ တောင်ခေါင်းထဲမှာ သူတို့နေကြတယ်။ သူတို့နေတဲ့နေ့ ညကျတော့ တောင်ပေါ်က တော်တော် ကြီးတဲ့ ကျောက်ခဲကြီး ကျိုးပြတ်ပြီးတော့ လိမ့်ကျလာ တာ အဲဒီတောင်ခေါင်းအဝမှာ ပိတ်လျက်ကြီး ဖြစ်နေ တယ်ဆိုတာကိုး။ ပိတ်လျက်ကြီးဖြစ်နေတော့ အဲဒီက အမြဲတမ်း နေတဲ့ ကျောင်းနေပုဂ္ဂိုလ်က "ဒို့နေရာပေးလို့ တောင်ခေါင်းထဲ သူတို့နေကြတာ၊ အခုတော့ မထွက် နိုင်ဘူး၊ ဒီတော့ ဒီကျောက်ခဲကြီး ထုတ်မှဘဲ" ဆိုပြီး တော့ အများနဲ့စုပြီး သကာလ ထုတ်ကြတယ်။ ကျောက်ခဲကြီးကလဲ ထုတ်လို့ကိုမရဘူး။ တနေ့လဲမရ၊ နှစ်နေ့လဲမရ၊ ခုနစ်ရက်တောင်ကြာတယ်ဆိုတာကိုး သူက၊ ခုနစ် ရက်ကြာတော့ ကျောက်ခဲကြီးက သူ့အလို လိုဘဲ လိမ့်ပြီးတော့ ပွင့်သွားတယ်။ အဲဒီကျမှထွက် လာကြရတယ်၊ ခုနစ်ရက်လုံးလုံး မစားရ၊ မသောက်ရနဲ့ ဒုက္ခရောက် တာပေါ့လေ။ အင်း–ဒါလဲပဲ အကုသိုလ်ကံ တော်တော် ထူးတာပဲ၊ ဘယ်လိုအကုသိုလ် အကျိုးပေး လဲ မသိဘူး" ဆိုပြီးတော့ မြတ်စွာဘုရားမေးလျှောက်ဖို့ လာကြတယ်၊ ဘုရားထံရောက်တော့ အသီးသီး လျှောက်ကြတယ်။ လျှောက်ပြီးတဲ့အခါကျတော့ မြတ်စွာဘုရားက ရှေးက အကြောင်းအရာတွေပြန်ပြီး ဟောတာပေါ့။

## ၁၈,၁၈ ဝပ်ထဲ့နွား
## အမြဲတမ်းဝပ်အောင်လုပ်ခဲ့တဲ့ လယ်သမား

ပထမ ကျိုးဖြစ်ပြီးတော့ မီးလောင်ခံရတဲ့ ပုဂ္ဂိုလ်ကတော့ ရှေးတုန်းက သူကလယ်သမား ကြီးပဲ တဲ့။ လယ်သမားရဲ့နွားက မလိမ္မာတဲ့ နွားဖြစ်ပြီးတော့ နေတယ်။ နွားဆိုတာ ကျင့်ခါစ ဒီလိုဖြစ်တတ်ပါတယ်။ နွားကို၊ လှည်းနဲ့က, ပြီးတော့ မောင်းယင်း မကြာခဏ သူကဝပ်,ဝပ်နေတယ်။ ခဏသွား လိုက်တော်ကြာ ဝပ်နေလိုက်၊ ရိုက်မောင်းလိုက်၊ ထသွားလိုက်၊ ဝပ်နေ လိုက်၊ အဲ့ဝပ်ဖန်များပြီးကျတော့ ဝပ်ရာကကို မထ တော့ဘူး။ မထတော့ လယ်သမားကြီးက စိတ်ဆိုး တာပေါ့လေ။ ဒီနွား ဒီလောက်တောင်ဆိုး ရမလား ဆိုပြီးတော့ "မင်း ဒီလိုဆိုယင် နောက်လဲ ဘယ် တော့မှ မထရအောင် ငါ လုပ်ပေးမယ်" ဆိုပြီးတော့ ကောက်ရိုး တွေ ယူပြီးနွားလည်ပင်းပတ်၊ ဘေးနားလည်း ကောက် ရိုးတွေပုံပြီးတော့ မီးနဲ့ရှို့သတ်တာပေါ့လေ။ အဲဒီ အကုသိုလ်ပြုလာတာတဲ့။ အဲဒီ အကုသိုလ်ကံ ကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ အကြာကြီး ငရဲမှာခံရတယ် တဲ့၊ အဲဒီ ငရဲက လွတ်လာတဲ့အခါ အကုသိုလ်ကံ ကြွင်းကြောင့် အဲဒီလို ကျိုးဖြစ်ပြီးတော့ နေရတယ်။ ကောင်းကင်မှာ တက်လာတဲ့ မီးကွင်းထဲတိုးမိပြီးတော့ သေရတာ ခုနစ်ကြိမ်တိုင်တိုင်ရှိပြီဆိုတာကိုး မကောင်း မှု အကုသိုလ်ရဲ့ အကျိုးပေးပုံပဲ။

## ခွေးချစ်ထဲ့ အိမ်ရှင်မ

နောက် ဒုတိယ ပင်လယ်ထဲမှာ ပစ်ချလိုက်လို့ သေရတဲ့ အမျိုးသမီးကတော့ သူက တစ်ခုသော ဘဝ တုန်းက သူ့အိမ်မှာ ခွေးတစ်ကောင်ရှိတယ်။ အဲဒီခွေးက သူ့ကိုခင်မင်တာနဲ့သူသွားတိုင်းခွေးက အမြဲတမ်းလိုက် တယ်။ သူသွားတိုင်း ခွေးက အမြဲတမ်းလိုက်နေတော့ ဘေးကလူတွေက ပြောင်ကြ လှောင်ကြတယ်၊ တချို့ ကလဲ "ဟော့–ခွေးလေး တစ်ကောင်နဲ့ မုဆိုးလိုက်သွား မလို့လား မသိဘူး"ဆိုပြီးတော့ ပြောင်ကြတယ်၊ တချို့ ကြတော့ "ဒီမိန်းမနဲ့ ဒီခွေးသွားလေရာ တကောက် ကောက်နဲ့၊ ဟုတ်မှဟုတ်ရဲ့လား၊ ရိုးမှရိုးရဲ့လား" စသည်ဖြင့် မယုံ သင်္ကာစကားမျိုးနဲ့ မကြားနိုးနား ပြော ကြ၊ သူလဲကြာ တော့ ရှက်လာတယ်၊ ခွေးမောင်းတော့ လဲ ဘယ်လောက် မောင်းမောင်း၊ ဘယ်လိုထုထု မရဘူး၊ လိုက်နေတာဘဲ။ တစ်နေ့တော့ သူ့ယောကျ်ား တောထဲသွားပြီး တော့ အလုပ်လုပ်နေတာကို သွား ပြီးတော့ ထမင်းပို့ တော့ ခွေးကလဲ လိုက်သွားတယ်။ သူ့ခင်ပွန်းကို ကျွေး မွေးထားခဲ့ပြီးတော့ အဲဒီခွေးကို သူက အသံပြုပြီးတော့ ခေါ်တယ်။ ခွေးက ရှေးတုန်း ကတော့ အမြဲတမ်း ခြောက်လှန့်ခံနေရတာကိုး၊ ဒီနေ့ တော့ ရွှင်ရွှင်ပျပျနှင့် ငါ့ကိုခေါ်ဖေါ်ရပေတယ်လို့ ဆိုပြီး တော့ ခွေးကလဲ အမြီးနှံ့ပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ သူ့ဆီကိုလာ တယ်။

http://www.dhammadownload.com



## လိုက်ချင်အုံးတဲ့ ငါ့နောက်

သူ့ဆီလာတဲ့အခါကြတော့ သူက ကြိုးနဲ့ သဲထည့် ထားတဲ့ အိုးကို အဆင်သင့်ယူ လာခဲ့ပြီးသားကိုး။ ယူလာခဲ့တဲ့ကြိုးနဲ့ ခွေးလည်ပင်းချည်၊ သဲအိုးကို လည်ပင်းမှာ ချိတ်ဆွဲပြီးတော့ ရေရှိတဲ့ရေကန်ဖြစ်မလား၊ ချောင်းဖြစ်မလားတော့ မပြောတတ်ဘူး၊ အဲဒီရေထဲချလိုက်တော့ ခွေးရော သဲအိုးရော တခါထဲမြုပ်သွားတော့တာပါဘဲ။ အဲဒီမကောင်းမှုကြောင့်တဲ့။ ခွေးကလဲ ဘာဖြစ်လို့လိုက်တုန်းဆိုတော့ လွန်ခဲ့တဲ့ သုံးခုမြောက် ဘဝက သူ့ခင်ပွန်း ဖြစ်ခဲ့ဘူးတယ်တဲ့။ လူ့ဘဝနဲ့ဖြစ်လာခဲ့တာလား၊ ဒီပြင်ဘဝနဲ့ဖြစ်လာခဲ့တာလားတော့ မပြောတတ်ဘူး။ အဲဒါကြောင့် တစ်ဦးနဲ့ တစ်ဦး မိဘသားသမီး ခင်ပွန်းဒီလိုဟာတွေ အချင်းချင်း တော်စပ်ခဲ့တဲ့ ဘဝတွေဟာ များပါတယ်၊ ဒီလို ဆွေမျိုးမတော်ဘူးတဲ့ဘဝ မရှိဘူးလို့ဆိုပါတယ်။ မရှိသလောက်ကို အင်မတန်များတယ်လို့ဆိုပါတယ်။ ဒါပေမယ်လို့ နီးစပ်တဲ့ဘဝက ရင်းနှီးတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိရင် အချင်းချင်း အထူးခင်မင်တတ်တယ်တဲ့။ အဲ့ဒါကြောင့် အထူးခင်မင်လို့ ဒီခွေးကသူ့နောက် အမြဲလိုက်နေတာ၊ ဒါနဲ့ ဒီခွေးကို သူကလဲဘဲ သူ့ကို သူများတွေက ရွတ်ချက်ဲ့ရဲ့ ပြောဆိုတာတွေ ရှက်တာနဲ့ အဲ့ဒီခွေးကို သူက ရေထဲမြုပ်အောင်လုပ်ပြီးတော့ သတ်ပစ်လိုက်တယ်။ အဲဒီမကောင်းမှုကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာခံရပြီးတော့ ငရဲဘဝက လွတ်လာတဲ့ အခါမှာ လူဖြစ်တဲ့အခါလည်း ဒီလိုဘဲ ရေနစ်ပြီးတော့ သေရတာ၊ ဒီလိုဘဲ သဲအိုးနဲ့ ရေနှစ်ခံရပြီးတော့ သေရတာ ဘဝတစ်ရာလို့ဆိုတယ်။ မနဲဘူး သူက အကျိုးပေးတာ။

## ဖွတ်လိုက်တဲ့ နွားကျောင်းသားလေးများ

နောက်ရဟန်းခုနစ်ပါးကတော့ ရှေးတုန်းက သူတို့နွားကျောင်းသားဖြစ်ခဲ့ဘူးတယ်တဲ့။ နွားကျောင်းသား၊ နွားထိန်းပေါ့။ အိန္ဒိယမှာတော့ နွားတွေကို ထိန်းသိမ်းကျောင်းတဲ့ ပုဂ္ဂိုလ်တွေသီးသန့်ရှိတယ်။ မြန်မာပြည်မှာလဲ ရှိတန်သလောက်တော့ရှိပါတယ်။ အဲဒီနွားကျောင်းသား ခုနစ်ယောက် ကိုယ့်နွားနဲ့ ကိုယ်ကျောင်းကြတာ၊ သူတို့တွေ အဖေါ်ဖြစ်ပြီးတော့ သူတို့ အတူတကွ တောသွားပြီးတော့ နွားကျောင်းကြတယ်၊ နွားကျောင်းကြတော့ နွားစာလဲပဲ အဆင်သင့်ဖြစ်အောင် ရေတို့ဘာတို့လည်း အဆင်သင့်ရှိတဲ့နေရာပေါ့၊ ဒီကနေ့ ဒီနေရာမှာကျောင်းတယ်ဆိုယင် နောက်တစ်နေ့ကျတော့ ဟိုနေရာ၊ နောက်တစ်နေ့ ဟိုနေရာ၊ ဒီလို ခုနှစ်ရက် ပြောင်းပြီးတော့ နွားကျောင်းရတယ်၊ ဒါမှ ပထမ နွားတွေစားခဲ့တဲ့ မြက်က စားဖို့ရာ ရှည်လာမှာကိုး၊ သို့မဟုတ်ယင် တစ်နေရာထဲဆို နောက်ရက်တွေကျတော့ စားစရာ ရှိမှာမဟုတ်ဘူး၊ ခုနစ်ရက်တစ်ပတ်မှာတစ်ကြိမ် တစ်နေရာ တစ်နေရာလိုက်ပြီးတော့ ကျောင်းရတယ်။ အဲဒီတော့ တစ်နေရာမှာ ဖွတ်ကြီးတစ်ကောင်တွေ့တော့ ဖွတ်ကြီးကို လိုက်ပြီးတော ဖမ်းကြတယ်၊ ဖွတ်ကြီးက တောင်ပို့ထဲ ဝင်သွားတယ်၊ တောင်ပို့ကြီးထဲ ဝင်သွား တော့ သူတို့က ဒီကနေ့တော့ မတတ်နိုင်တော့ဘူး၊ နက်ဖြန်ခါကျမှ ဒီဖွတ်ရအောင် ဖမ်းမှပဲဆိုပြီးတော့ တောင်ပို့ကြီး အပေါက် ခုနစ်ပေါက်ရှိတာကို လူတစ် ယောက်ကို တစ်ပေါက်စီ ပိတ်ကြတယ်ဆိုတာကိုး၊ တစ်ပေါက်စီ၊ တစ်ပေါက်စီ ပိတ်ပြီးတော့ ထားခဲ့ကြ တယ်။

## ခုနစ်ရက်ပြည့်မှ ဖွတ်ကြီးထွက်ရ

နောက်တစ်နေ့ကျတော့ သူတို့ ဒီနေရာမလာကြဘူး၊ ဒီပြင်တစ်နေရာသွားကြတယ်၊ ဒီတော့ ခုနစ်ရက်တိုင်တိုင် တောင်ပို့ထဲမှာ ဒီဖွတ်ကြီးနေရတယ်။ မထွက်ရဘူး၊ ခုနစ်ရက်စေ့လို့ ဒီနေရာပြန်ရောက်လာကြတော့မှ သူတို့က "ဟော့–တို့ဟိုတုန်းက တောင်ပို့ထဲမှာ ဖွတ်ကြီးကိုပိတ်ထားခဲ့တာ ဘယ်နှယ်နေလဲ မသိဘူး၊ ဖွင့် ကြည့်ကြဦးစို့"ဆိုပြီး ဖွင့်ကြည့်လိုက်တော့ ဖွတ်ကြီးက လည်း သေလုသေခါနီးဖြစ်နေပြီ၊ မစားရ မသောက်ရနဲ့။ ဒီတော့ အပြင်ဘက်ထွက်မှာဘဲ ဆိုပြီးတော့ အပြင်ဘက်ကို လှုပ်လှုပ် လှုပ်လှုပ်နဲ့ ထွက်လာခဲ့တယ်၊ ဒီတော့ ဒီလူတွေက "ဒီဖွတ်ကြီး ခုနစ်ရက်တိုင်တိုင် အစားအစာ မစားရတော့ သူ့ခမြာပိန် နေတာပဲ"လို့ အဲဒီလို သနားတဲ့စိတ်ဖြစ်တယ်၊ ဒီတော့ "မသတ်

http://www.dhammadownload.com



ကြနဲ့ဟေ့၊ ဒီဖွတ်ကြီး သတ်လို့မဖြစ်ဘူး၊ သူ့ခမျာ အစား အစာ မစားရတာ ခုနစ်ရက်တောင်ရှိသွားပြီ" ဆိုပြီးတော့ ဖွတ်ကြီးကို ကျောတွေဘာတွေ ပွတ်သပ်ပြီးတော့ "မင်းသဘောကျရာသွားပေတော့"ဆိုပြီးတော့ လွှတ် လိုက်တယ်၊ အဲဒီမကောင်းမှုကြောင့် ဒီပုဂ္ဂိုလ် (၇)ဦး ဟာလည်း ဒီလို တောင်ခေါင်းထဲမှာ ပိတ်မိပြီးတော့ ခုနစ်ရက်တိုင်တိုင် မစားရ မသောက်ရ ဖြစ်ခဲ့ကြတာတဲ့။ သူတို့ကတော့ အသက်သတ်တာမဟုတ်လို့ ငရဲတော့မကျဘူး၊ တောင်ခေါင်းထဲ ပိတ်ခံရတဲ့ ဆင်းရဲ နဲ့တော့ တွေ့တယ်၊ သူတို့က ဆယ့်လေးဘဝ တိုင်တိုင် ခံရတယ်တဲ့။ အဲဒါကြောင့် ပြုပြီးတဲ့ မကောင်းမှု အကု သိုလ်ကံဟာ ဘယ်မှာနေနေ အကြောင်းညီညွတ်တဲ့ အခါကျရင် သူတို့က အကျိုးပေးတာပဲ၊ မလွတ်မြောက် နိုင်ဘူးဆိုပြီးတော့-

**န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊**
**န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။**
**န ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။**

**အန္တလိက္ခေ** - ကောင်းကင်၌၊ **ဋ္ဌိတောပိ**-တည်သောပုဂ္ဂိုလ်သည်လည်း၊ **ပါပကမ္မာ**-မကောင်းမှုမှ၊ **န မုစ္စေယျ**-မလွတ်နိုင်ရာ၊ **သမုဒ္ဒမဇ္ဈေ**-သမုဒ္ဒရာ အလယ် ၌၊ **ဋ္ဌိတောပိ**-တည်သောပုဂ္ဂိုလ်သည်လည်း၊ **ပါပကမ္မာ**-မကောင်းမှုမှ၊ **န မုစ္စေယျ**-မလွတ်မြောက်နိုင်ရာ၊ **ပဗ္ဗတာနံ**-တောင်တို့၏၊ **ဝိဝရံ**-အကြားတောင်ခေါင်းသို့၊ **ပဝိဿပိ**-ဝင်နေသောသူသည်လည်း၊ **န မုစ္စေယျ**-မလွတ်မြောက်နိုင်ရာ၊ **ယတ္ထ**-အကြင်အရပ်၌၊ **ဋ္ဌိတော**-တည်သည်ဖြစ်၍၊ **ပါပကမ္မာ**- မကောင်းမှုမှ၊ **မုစ္စေယျ**-လွတ်မြောက်ရာ၏၊ **သော ဇဂတိပ္ပဒေသော**-ထိုသို့ မကောင်းမှုကံ အကျိုးပေးရာမှ လွတ်မြောက်နိုင်သော နယ်ပယ်အရပ်မည်သည်၊ **န ဝိဇ္ဇတိ**-မရှိသည်သာတည်း။

## ဝဋ်ကြွေးကို လွတ်အောင်မပြေးနိုင်

မကောင်းမှုဆိုတာ ကောင်းကင်မှာတည်နေလည်းပဲ မကောင်းကျိုး ပေးတာဘဲတဲ့၊ သတ္တဝါတွေ ကောင်းကင်မှာပေါ့လေ၊ ငှက်တွေဘာတွေ အများအားဖြင့် ကောင်းကင်မှာ ပျံပြီးသွားနေယင်း သေရတာပဲတဲ့၊ လူပုဂ္ဂိုလ်တွေကတော့ ကောင်းကင်မှာပျံနိုင်တဲ့ ပုဂ္ဂိုလ် သိပ်မရှိဘူး၊ ဒါပေမယ်လို့ အခုနေကာလမှာ လေယာဉ်ပျံတွေဆိုတာရှိတယ်၊ ကံမကောင်းတဲ့ပုဂ္ဂိုလ်တွေ ကောင်းကင်မှာ ပျက်စီးကြ သေကြရတာပဲ၊ သမုဒ္ဒရာပင်လယ်ထဲ သွားနေလဲမလွတ်ဘူးတဲ့၊ သမုဒ္ဒရာပင်လယ်ထဲသွားနေယင်လဲ သူကတော့ ရေနစ်သေဖို့ရာ များပါတယ်။ တောင်ခေါင်းထဲဝင်နေလဲ မကောင်းမှု အကျိုးပေးရာက မလွတ်နိုင်ဘူးတဲ့၊ ဘယ်လိုနေရာပဲ သွားနေနေပေါ့၊ အကုသိုလ်ရှိယင် အကုသိုလ်က အကျိုးပေးတာပဲ၊ ဘဝသံသရာထဲမှာ ဖြစ်နေကြရလို့ ရှိယင် ဒီလိုပဲ ကောင်းမှုကုသိုလ်ကံက အကျိုးပေးတဲ့ အခါတော့ လူ့ဘဝ နတ်ဘဝ ကောင်းမြတ်သောဘဝ ဖြစ်ပါရဲ့၊ အဲဒီလို ဖြစ်ရာဘဝမှာ မကောင်းမှုတွေက မပြုမိဘဲရှိမှာမဟုတ်ဘူး၊ သူတော်ကောင်းတရား အစဉ်ထာဝရ တည်တံ့နေတာမဟုတ်ဘူး၊ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကို ရောက်မှ သူတော်ကောင်းတရားတွေက အမြဲတည်တံ့တာ၊ သောတာပတ္တိမဂ်ကို သာ မရောက်သေးဘူးဆိုယင် မကောင်းမှုဟာ မပြုမိဘူးလို့ မပြောနိုင်ဘူး၊ ပြုမိမှာပဲ၊ စိုးရိမ်စရာကြီး၊ အရေးကြီးပါတယ်၊ မကောင်းမှုပြုမိလို့ရှိယင် မကောင်းကျိုးကလဲပဲ အခွင့်သာတဲ့အခါကျရင် အကျိုးပေးမှာပဲ၊ ကုသိုလ်ကောင်းမှုတွေရှိနေလို့ ကောင်းကျိုးချမ်းသာတွေရနေပေမယ်လို့ သူက စိတ်မချရဘူး၊ တစ်နေ့ကျ မကောင်းမှုကံ အကျိုးပေးအုံးမှာပဲ၊ အဲဒီမကောင်းမှုမှ လွတ်မြောက်ဖို့ရာ တရားအားထုတ်ကြရတယ်၊ အရေးကြီးပါတယ်။

## တချို့က ဆင်ခြင်နေယင်ပြီးတာပဲ-တဲ့

အခုနေအခါကာလမှာ တချို့က လောဘ, ဒေါသ, မောဟ စိတ်ကူးလေးတွေမဖြစ်အောင် ဆင်ခြင်ပြီးတော့ ဖြေဖျောက်လိုက်ယင် ပြီးတာပဲဆိုပြီးတော့ ဒီလို အယူဝါဒတွေရှိတယ်၊ အယူဝါဒတွေဖြန့်ပြီးတော့ နေကြတယ်၊ နာမည်နဲ့ ထုတ်ဖော်ပြောရတော့ သိပ်မကောင်းဘူးပေါ့လေ၊ အဲဒါတွေ တချို့က သိပ်ကြိုက်

http://www.dhammadownload.com



တာကိုး၊ ကြိုက်ပြီးတော့ သူတို့က ဝါဒဖြန့်ကြတယ်၊ မကောင်းမှု လောဘ, ဒေါသ, မောဟတွေဆိုတာ ကိုယ့်ဟာကိုယ်လုပ်လို့ ဖြစ်တာပဲ၊ ဘယ်သူကမှ လုပ်တာ မဟုတ်ဘူး၊ ဒါတွေ ဆင်ခြင်လိုက်ယင် ပြီးတာပဲ၊ မစွဲလမ်းယင် ပြီးတာပဲဆိုပြီးတော့ အဲဒီလို နည်းစနစ်တွေ ညွှန်ကြားနေကြတယ်၊ အဲဒါတွေ ကြိုက်တဲ့ ပုဂ္ဂိုလ်တွေက ကောင်းတယ်မှတ်တယ်၊ လွယ်တယ် သူက တရားအားမထုတ်ရဘဲဟာကိုး၊ ကိုယ့်ဟာကိုယ် ဆင်ခြင်လိုက်ယင် ပြီးတာပဲဆိုပြီးတော့။ သူတို့က ပြီးတယ်လို့တာပြောတာကိုး၊ တကယ်ပြီးတာမှ မဟုတ်ဘဲ၊ အဲဒီ ဆင်ခြင်ယင် ဆင်ခြင်တာလေးကတော့ အခိုက်အတန့်ကင်းတာလေးရှိမှာပေါ့၊ တချို့ကလဲ ဆင်ခြင်လို့ မပျောက်ပါဘူး၊ လောဘဖြစ်စရာ၊ နှစ်သက်စရာ၊ သာယာစရာ အာရုံအကြီးအကျယ်နဲ့ တွေ့တဲ့အခါကျတော့ ဖြေဖျောက်လို့ ဘယ်ရမတုန်း၊ မရဘူး ဒီဥစ္စာ၊ ပွဲကြိုက်တဲ့ပုဂ္ဂိုလ်တွေလည်း ပွဲမကြည့်ဘဲမနေနိုင်ဘူး၊ အစားအသောက်တွေလည်း ဒီလိုပဲ၊ အရက်ကြိုက်တဲ့ ပုဂ္ဂိုလ်တွေက မသောက်ဘဲ မနေနိုင်ဘူး၊ အဲဒီလိုအစွဲအလမ်းတွေကရှိကြတာပဲ၊ မစွဲပါနဲ့ဆိုလို့ ရတာမဟုတ်ဘူး၊ ကိလေသာတွေရှိယင် စွဲလမ်းနေတာပဲ၊ ဒေါသဖြစ်စရာတွေရှိယင် ဒေါသဖြစ်နေတာပဲ၊ ဆင်ခြင်ရုံနဲ့ ပျောက်တာလည်းရှိတယ်၊ မပျောက်တာလဲရှိတယ်၊ အင်မတန်ထိခိုက်စရာ၊ စိတ်ဆိုးစရာ၊ စိတ်နာစရာအကြောင်းတွေကျတော့ ဘယ်ဖြေဖျောက်လို့ရမလဲ၊ဒီဥစ္စာ။ ဒေါသဖြစ်နေတာပဲ၊ အဲဒါလွယ်တဲ့ဥစ္စာမဟုတ်ဘူး၊ အဲဒီလို ဆင်ခြင်ရုံမျှနဲ့ တော်ရုံတန်ရုံလေးပျောက်တာနဲ့ ကိစ္စပြီးတယ်လို့ ယုံကြည်နေတဲ့ပုဂ္ဂိုလ်တွေက သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်ကြောင်းတရားကို သူတို့က မကျင့်ကြဘူး၊ အမှန်စင်စစ်ကတော့ ကိလေသာတွေ ငြိမ်းအောင်က အရိယာမဂ်ဖိုလ်တရားတွေရအောင် အားထုတ်ထားမှ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကို ရမှ သောတာပတ္တိမဂ်ကို ရအောင်လဲပဲ ဝိပဿနာရှုမှ ဖြစ်တာ၊ မဂ္ဂင်ရှစ်ပါးတရားပွားများမှ၊ မြင်တိုင်း ကြားတိုင်း ဒွါရခြောက်ပါးကပေါ်တိုင်း ပေါ်တိုင်း ရှုမှတ်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ ကိုယ်တိုင်သိမှ။

## စာအုပ်ထဲက ဟောထားတာသိရုံနဲ့ မပြီးဘူး

စာထဲက ဟောပြောထားတဲ့အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ ဒီလိုသိရုံနဲ့ ပြီးတာမဟုတ်ဘူး၊ တချို့က ဒီလို သိတာနဲ့ ပြီးပြီလို့ အောင့်မေ့တာ။ ဘယ်ပြီးလိမ့်မှာတုန်းသူ့ဥစ္စာ၊ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်းဘဲ ဒီလိုဆင်ခြင်ရုံနဲ့ဘုရားဖြစ်လာတာမဟုတ်ဘူး၊ တကယ်တမ်းကို အားထုတ်ရတာ၊ တင်းတင်းရင်းရင်း အားထုတ်ရတာ၊ ပဉ္စဝဂ္ဂီငါးဦး- ပထမ ရှင်ကောဏ္ဍည တရားနာရုံနဲ့ သောတာပန်ဖြစ်တယ်၊ ဒီပြင်ပုဂ္ဂိုလ်တွေက တရားအားထုတ်ရတာပဲ၊ အားမထုတ်ပဲနဲ့ သောတာပန်မဖြစ်ဘူး၊ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ ဆိုတာလဲပဲ ဂါထာတစ်ပုဒ် တရားနာရုံနဲ့ သောတာပန်ဖြစ်လာတယ်၊ ဒါပေမယ့် ရဟန္တာဖြစ်အောင်ကတော့ အားထုတ်ရတာပဲ၊ ရှင်မဟာမောဂ္ဂလာန်ဆိုရင် ခုနစ်ရက်တိုင်တိုင် အားထုတ်ရတာပဲ၊ ဒီထဲမှာ ငိုက်မြီးပြီးတော့နေလို့ မြတ်စွာဘုရားက သတိပေးရတယ်၊ မငိုက်မြီးအောင်လို့၊ အဲဒီလို သတိပေးလို့အားထုတ်မှ ဝိပဿနာဉာဏ်စဉ်တွေ အစဉ်အတိုင်းတက်ပြီးတော့ ရဟန္တာဖြစ်တာ၊ ရှင်သာရိပုတ္တရာကြတော့ ခုနစ်ရက်နှင့်တောင် ရဟန္တာမဖြစ်ဘူး။ ဆယ့်လေးရက်အားထုတ်ရတယ်၊ သူက ဈာန်တရားတွေကိုရတယ်၊ ဈာန်တွေဝင်စားလိုက်၊ ဈာန်ထဲကပါတဲ့ တရားတွေရှုလိုက်၊ ဝိတက် ဝိစာရ ပီတိသုခအစရှိတဲ့ တရားတွေပေါ့၊ အဲဒီ တရားတွေရှု ဈာန်ဝင်စားလိုက်၊ ဈာန်ဖြစ်ခိုက်မှာရှိ တဲ့ တရားတွေရှုလိုက်၊ ဈာန်ဝင်စားလိုက်၊ ပစ္စက္ခတရားတွေရှုလိုက်၊ ဒါ ဝိပဿနာရှုနေတာ၊ အခုဈာန်မရတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ၊ စိတ်ကူးလေးဖြစ်၊ အဲဒီ စိတ်ကူးလေးရှုရတာပဲ။ မြင်တဲ့စိတ်ဖြစ်၊ အဲဒါရှုရတာပဲ၊ ကြားတဲ့စိတ်ဖြစ်၊ အဲဒါရှုရတာပဲ၊ ဖြစ်တိုင်းဖြစ်တိုင်း တရားတွေဖြစ်ပြီးပြီးချင်း ပြန်ပြန်ပြီးတော့ရှုရတယ်၊ အဲဒီတရားနဲ့ အဖြစ်အပျက်ကိုသိပြီး အနိစ္စ,ဒုက္ခ,အနတ္တ ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်တွေ့ပြီးသိမှ ပင်မဝိပဿနာဉာဏ်တွေ ကောင်းကောင်းဖြစ်ပြီး အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်တာ၊ အဲဒီလိုအား ထုတ်ရတယ်။

http://www.dhammadownload.com



## မဂ်ဉာဏ်ရောက်မှ လွတ်မြောက်ရ

အဲဒီလို အားထုတ်လို့ သမာဓိဉာဏ်ရင့်သန်တဲ့အခါကာလ သောတာပတ္တိမဂ်ဉာဏ်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာ၊ အဲဒီလို အခါကာလကျတော့မှ အပါယ်လေးပါးက အစဉ်ထာဝရလွတ်တာ။ အပါယ်လေးပါးရောက်စေတတ်တဲ့ အကုသိုလ်ကံ ပြုလိုတဲ့၊ စိတ်လဲမရှိတော့ဘူး၊ လောဘတော့ရှိပါသေးရဲ့၊ ဒါပေမယ့်လို့ လောဘ၊ ဒေါသအလိုလိုက်ပြီး အပါယ်လေးပါးကျစေနိုင်တဲ့ အကုသိုလ်တော့ မပြုတော့ဘူး၊ အဲ– အပါယ်လေးပါးက အစဉ်ထာဝရ လွတ်မြောက်သွားပြီ။ ရှေးဘဝတွေက လည်းအများကြီးဆိုတော့ ပြုလုပ်ပြီးတဲ့ အကုသိုလ်တွေ လည်း မရှိဘူးလို့ မပြောနိုင်ဘူး၊ ဒါတွေလည်းရှိနိုင်တာပဲ၊ အဲဒီ မကောင်းမှုတွေကလည်း အကျိုးမပေး နိုင်တော့ဘူး၊ သောတာပတ္တိမဂ်ဉာဏ်က ပယ်ပစ်လိုက်လို့ တစ်ခါတည်း အပါယ်လေးပါးက လွတ်မြောက် သွားတယ်တဲ့။ အရေးကြီးတယ်။ ဒါကြောင့်မို့လို့ အခု ဝိပဿနာတရားတွေ အားထုတ်ကြရတာ။

ဝိပဿနာတရားတွေအားထုတ်ပြီး အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကိုရယင် အပါယ်လေးပါးကတစ်ခါတည်း လွတ်မြောက်သွားတယ်။ အဲဒါ အရေးကြီးပါတယ်။ ဒီထက် တိုးတက်ပြီးတော့ အားထုတ်နိုင်ယင်တော့ ပိုကောင်းတာပေါ့လေ၊ သကဒါဂါမိမဂ်ကို ရောက်ယင် ကာမ,ရာဂ,ဗျာပါဒတွေ သိမ်မွေ့နုံးညံ့ပြီးတော့သွားတယ်၊ အကြမ်းစားတွေကင်းသွားတယ်၊ အနာဂါမိမဂ်ကို ရောက်တဲ့အခါကျတော့ ကာမ ရာဂ ဗျာပါဒ လုံးလုံးကင်းသွားပြီ။ ကာမအာရုံနဲ့စပ်ပြီးတော့ ဘယ်စိတ်တစ်ခုမှ မဖြစ်တော့ဘူး၊ တော်တော်ဟန်ကျတာပဲ၊ အခုကာမဘုံထဲက သတ္တဝါတွေဟာ ကာမအာရုံတွေ သာယာနှစ်သက်နေလို့ ဒုက္ခတွေ ရောက်နေကြတာပဲ၊ အမြင်ကောင်း၊ အကြားကောင်း၊ အနံ့ကောင်း၊ အစားကောင်း၊ အတွေ့အထိကောင်း၊ အဲဒါတွေ သာယာနှစ်သက်နေကြလို့ အဲဒါတွေနောက်လိုက်ပြီးတော့ မရ–ရအောင်ရှာမှီး သုံးဆောင်ခံစားနေကြတာ၊ ရပြီးသားတွေလဲ မပျောက်ပျက်အောင် စောင့်စည်းနေကြရတာ၊ အင်မတန်တာဝန်လေးပါတယ်။ အဲဒီ ကာမရာဂလည်းကင်းတယ်၊ ဗျာပါဒ၊ ဒေါသ စိတ်ဆိုးစရာရှိလည်းစိတ်မဆိုးတော့ဘူး၊ စိတ်ဆိုးတဲ့စိတ်ကို မရှိတော့ဘူး၊ ဗျာပါဒ ဒေါသတွေအကုန် ကင်းသွားပြီ။ အနာဂါမ်ပုဂ္ဂိုလ်ဟာ အင်မတန်ကောင်းပါတယ်။ ရဟန္တာဖြစ်တော့ အားလုံး ကိလေသာတွေကင်းပါတယ်။ အဲဒီတော့ အားလုံး ကိလေသာတွေကင်းအောင်လို့ ဘာလုပ်ရမလဲဆိုယင် ဝိပဿနာရှုမှတ် ဝိပဿနာရှုလို့ သမာဓိဉာဏ်အားကောင်းယင် အောက်ထစ်ဆုံး သောတာပတ္တိမဂ်ကို ရောက်တယ်၊ အဲ့သလောက်ရောက်ယင်ကို နေရာကျလှပါပြီ၊ အခုနကပြောတဲ့ မကောင်းမှု အကုသိုလ်တွေက အကျိုးပေးခြင်းကို မရှိတော့ဘူး၊ နောက်ထပ်လည်း အပါယ်လေးပါးကျကြောင်း မကောင်းမှုတွေ မဖြစ်ဘူး၊ မကောင်းကျိုးတွေပေးဖို့ ဘယ်အကုသိုလ်မှ မဖြစ်တော့ဘူး၊ အတော်နေရာကျတာပဲ။ အဲဒါကြောင့် အခုဒီမှာ တရားအားထုတ်ကြ၊ ထိုက်သည်အားလျော်စွာ တရားအားထုတ်ပြီးသား ပုဂ္ဂိုလ်တွေ၊ အားရကျေနပ်လောင်အောင် အားထုတ်ပြီးသားပုဂ္ဂိုလ်တွေလဲ ရှိကြတယ်၊ အားမရ မကျေနပ်သေးလဲ အားရ ကျေနပ်သည်တိုင်အောင် အားထုတ်၊ အားရကျေနပ်ပြီးတဲ့အခါကာလလဲ ဒီထက် တိုးတက်ပြီးတော့ ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်ဖို့ အရေးကြီးပါတယ်၊ အဲဒီလို အားထုတ်ခြင်းဖြင့် မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု .... သာဓု .... သာဓု ....

ထပ်ဆင့်ကူးယူပူဇော်သူ–

ဦးသြသဓ
(သီတာအေးကျောင်း)
မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com



### ရွှေဘိုမြို့ ဆိပ်ခွန်ရွာ
### မဟာစည်ပုံတော်ဓိမာန်ဖွင့်ပွဲ၌
### ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
### ဟောကြားတော်မူသော

## အမှတ်ရစေသိလျက်နေ တရားတော်

ဒီနေ့ဟာ ၁၃၃၉–ခုနှစ်၊ တပေါင်းလပြည့်နေ့ ညဖြစ်တယ်၊ နာရီအားဖြင့် ၈–နာရီနီးပါပြီ၊ ၆–မိနစ်လောက်ပဲ လိုပါတော့တယ်၊ ဒီကနေ့ မဟာစည်ပုံတော်နှင့် ဓိမာန်တော်ရေစက်ချပွဲအခမ်းအနား နေ့လယ်က ပြီးခဲ့ပါပြီ၊ အခုညအစပိုင်းမှာ နိဂုံးချုပ်တဲ့အနေနဲ့ ဟောဖို့ပါပဲ၊ နောက်ပိုင်း ဟောဖို့ကတော့ "သောင်ကန်အရှင်ဣန္ဒက"ကဟောပါလိမ့်မယ်။

### အိုနာသေကင်းရေးတရားပွဲ

မြတ်စွာဘုရား၏ အဆုံးအမ အကျဉ်းချုပ်ဟောရမှာပဲ၊ မြတ်စွာဘုရားက တရားဟောတာဟာ ဘာအတွက်လဲလို့ဆိုတော့ သတ္တဝါတွေ အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို ရောက်အောင်လို့ ဟောတော်မူတယ်၊ သတ္တဝါတွေ မအိုရအောင် မနာရအောင် မသေရအောင် အိုခြင်း နာခြင်း သေခြင်းကင်းတဲ့ တရားကို ရအောင်ကျင့်နိုင်ဖို့ ဟောတော်မူခဲ့တယ်၊ တရားနာတဲ့ပုဂ္ဂိုလ်တွေမှာလည်း အဲဒါဟာ ရည်ရွယ်ရင်း အရင်းခံပဲ၊ ဒိပြင်ဟာတွေက လိုရင်းမဟုတ်ဘူး၊ အိုခြင်း နာခြင်း သေခြင်းကင်းဖို့ရာက အရေးအကြီးဆုံးပဲတဲ့၊ အရေးမကြီးဘူးလား၊ (အရေးကြီးပါတယ်ဘုရား)

ဘယ်သူမှ မအိုချင်ကြဘူး၊ မအိုအောင်လို့ နုနုပျိုပျိုပုဂ္ဂိုလ်တွေက မိမိကိုယ်ကလေးကို ယုယုယယနှင့် ပြုပြင်ပြီးနေကြတယ်၊ ဒါပေမယ်လို့ အသက်အရွယ်ကြီးလာတော့ အိုတော့တာပဲ၊ အဖွားကြီးတွေ အဖိုးကြီးတွေ မြင်မကောင်းအောင်လို့ကို အိုသွားကြတာပါပဲ။

မကျန်းမမာ နာဖျားမှုလည်းကင်းအောင်လို့ ကျန်းမာရေးဂရုစိုက်ပြီးတော့ နေကြတယ်၊ ဒါပေမယ်လို့ တစ်ချိန်ကျတော့ မကျန်းမမာတွေလည်းဖြစ်တာပဲ၊ ဒုက္ခတွေရောက်ကြရတယ်၊ ဘယ်သူမှ မသေချင်ကြဘူး၊ သေချင်တဲ့ပုဂ္ဂိုလ်ရှိပါ့မလား၊ (မရှိပါဘူးဘုရား) သေရမှာကြောက်စရာကောင်းတယ်၊ မနက်ဖန်သေရမယ်၊ သဘက်ခါသေရမယ်၊ အဲဒီလို သတင်းများကြားရလို့ရှိရင် သာကြောက်တာပေါ့၊ တစ်ချို့ရောဂါဝေဒနာရှိတယ်၊ ဆရာဝန်တွေက ဒီရောဂါကို ကုလို့ရမှာမဟုတ်ဘူး၊ တစ်လခံမယ်၊ နှစ်လခံမယ် စသည်ဖြင့် မှန်းပြီးတော့ပြောထားတယ်၊ ကြောက်ကြပါတယ်၊ အများအားဖြင့် မပြောဘဲနဲ့ ဒီအတိုင်းပဲ ကုပါလို့ ဆရာဝန်တွေက အားပေးပြီးတော့ လွှတ်ထားတာပဲ များတယ်၊ အဲဒီလိုပြောလို့ သေရတော့မယ်ဆိုတာ သိယင် အင်မတန်ကြောက်ကြတာပဲ၊ ဒီဘဝသာမဟုတ်ဘူး၊ ဘဝတိုင်း ဘဝတိုင်း ဒီလိုသေကြမှာတွေ ကြောက်စရာချည်းပဲ၊ အဲဒီလိုမသေဘဲနှင့်နေယင်တော့ ကောင်းတယ်၊ ဘယ်တော့မှ မသေဘူးဆိုယင်ဖြင့် မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)

ဘယ်တော့မှ မအိုဘူး မနာဘူး မသေဘူးဆိုယင် ကောင်းတယ်၊ အဲဒီလို မအို မနာမသေတဲ့ တရားတွေကို ရဖို့ရာ မြတ်စွာဘုရားက ဟောခဲ့တယ်၊ တရားနာတဲ့ ပုဂ္ဂိုလ်တွေ မအို မနာ မသေတဲ့တရား ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုအားထုတ်ရမယ်ဆိုတာ နားလည်ဖို့ ဒါအရေး အကြီးဆုံးပဲ၊ အဲဒါအတွက်ပဲ တရားနာကြရတာ။

### သီချင်းဆိုတဲ့ တရားပွဲမလုပ်သင့်ဘူး

တစ်ချို့က ဒီလိုမဟုတ်ဘဲနှင့် အသံကောင်းကောင်းလေးနာကြတယ်၊ သီချင်းဆိုပြီးဟောတာလည်း နာတာရှိတယ်၊ ဒီရွာတော့ ရောက်လား မရောက်လား မသိဘူး၊ သီချင်းဆိုပြီး ဟောတာတွေလည်း တစ်ချို့က နာကြ တရားပွဲလုပ်ပြီး ကျင်းပကြတယ်၊ အဲဒါ တော်

http://www.dhammadownload.com



တော်နေရာမကျတာပဲ၊ ရွှေဘိုတော့ ရောက်ကုန်ကြပြီတဲ့၊ ဒီရွာတော့ ရောက်ပုံမရဘူး၊ သီချင်းဆိုတဲ့တရား ရောက်ဘူးသလား၊ (မရောက်ဖူးပါဘုရား) တော်တာပေါ့၊ လူကြီးလူကောင်းတွေလုပ်ပြီး တရားပွဲကျင်းပရာမှာ သီချင်းဆိုတဲ့တရားကို နားထောင်ရအောင် လုပ်ယင် မတော်တဲ့ဥစ္စာကြီးဘဲ၊ တရားပွဲဆိုတာ မြတ်စွာဘုရား ဟောတဲ့ တရားတော်နားလည်ပြီးတော့ ကျင့်ဖို့ရာဘဲ၊ ဒါကြောင့် ဘုန်းကြီးက အခု အတိုချုပ် ဟောရမယ်။

### အမှတ်ရစေ သိလျက်နေတရား

**သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ၊ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ။**

**ဘိက္ခဝေ**–ရဟန်းတို့၊ **ဘိက္ခု**–ရဟန်းသည်၊ **ဘိက္ခု**–သံသရာဘေးကို ရှုမြင်၍ သံသရာဘေးမှ လွတ်မြောက်အောင် ကျင့်ကြံ အားထုတ်လိုသော ပုဂ္ဂိုလ်သည်၊ **သတော**–အမှတ်ရ၍၊ **သမ္ပဇာနော**–မှန်စွာသိလျက်၊ **ဝိဟရေယျ**–နေရာ၏၊ **အယံ**– အမှတ်ရစေ သိလျက်နေဟူသော ဒီစကားသည်၊ **အမှာကံ**–ငါဘုရားတို့၏၊ **ဝေါ**–သင်ချစ်သားတို့အား၊ **အနုသာသနီ**–မကြာခဏထပ်ခါထပ်ခါ ပေးအပ်သော အဆုံးအမပါပေတည်း။ (သာဓု သာဓု သာဓု)

အမှတ်ရပြီးတော့နေရမယ်၊ မှန်စွာသိပြီးတော့ နေရမယ်၊ "အမှတ်ရစေ၊ သိလျက်နေ" ဒီနှစ်ခုဟာ ဘုရားအဆုံးအမဘဲ၊ အဆုံးအမဆိုတာ အနုသာသနီနဲ့ ဩဝါဒလို့ နှစ်ခုရှိတယ်၊ အနုသာသနီဆိုတာ တစ်ခါတစ်ရံ ဆုံးမတာမဟုတ်ဘူး၊ ခဏခဏဆုံးမနေတာပဲ၊ ဩဝါဒဆိုတာကတော့ တစ်ကြိမ်တစ်ခါ အဆုံးအမဘဲ၊ "အမှတ်ရစေ သိလျက်နေ နှစ်ထွေဘုရားအဆုံးအမတည်း"တဲ့၊ လိုက်ဆိုရမယ်။

### အမှတ်ရပြီးသိနေရမည့် သတိပဋ္ဌာန်လေးပါး

အမှတ်ရပါစေတဲ့၊ မှန်စွာလဲ သိပြီးတော့နေပါတဲ့၊ ဒီစကားနှစ်လုံးလေးပဲ၊ ဘာတွေအမှတ်ရရမှာလဲဆိုတော့ သတိပဋ္ဌာန်တရားတော်အတိုင်းပါပဲ၊ ကိုယ်အမှုအရာတွေဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရရမယ်၊ စိတ်အမှုအရာတွေဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရရမယ်၊ ခံစားမှုဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရရမယ်၊ မြင်မှုကြားမှုအစရှိသော သဘောတရားတွေဖြစ်တိုင်းဖြစ်တိုင်း အမှတ်ရရမယ်၊ ဒါပါပဲ။

ကိုယ်အမှုအရာတွေဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေယင် ကိုယ်အမှုအရာဟူသမျှ အကုန်လုံး အမှတ်ရပြီးသိပြီးချည်းဖြစ်နေတော့တာပါပဲ၊ နောက်ပြီးတော့ စိတ်အမှုအရာတွေ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေယင်လည်း စိတ်အမှုအရာဟူသမျှ အကုန်လုံးအမှတ်ရပြီးသိပြီးချည်း ဖြစ်နေတော့တာပါပဲ၊ ကိုယ်အမှုအရာနှင့် စိတ်အမှုအရာဟူသမျှကို အကုန်လုံးအမှတ်ရနေယင် မှတ်သိသင့်တာတွေကို အကုန်လုံးမှတ်သိပြီး ဖြစ်နေပြီလို့ ဆိုသင့်တာပါပဲ။

ဒါပေမယ့် စိတ်အမှုအရာထဲမှာ ပါဝင်နေတဲ့ ခံစားမှုဝေဒနာကို သတ္တဝါတွေက အစွဲအလမ်း အားကြီးနေတယ်၊ ကောင်းတာခံစားရယင် နှစ်သက်သာယာတယ်၊ မကောင်းတာခံစားရယင် စိတ်ပျက်စိတ်ဆိုးတယ်၊ အဲဒီ ခံစားတာကို "ငါပဲ ခံစားရတယ်၊ ငါကောင်းတယ်၊ ငါမကောင်းဘူး၊ ငါချမ်းသာတယ်၊ ငါဆင်းရဲတယ်" စသည်ဖြင့် ငါအနေနဲ့ ထင်မြင်စွဲလမ်းနေကြတယ်၊ ဒါကြောင့် ခံစားမှု ဝေဒနာတွေကိုလည်း ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရရမယ်။

နောက်ပြီးတော့ သဘောတရားတွေတဲ့၊ မြင်မှုကြားမှု အစရှိသော အဲဒီသဘောတရားတွေလဲ "ငါမြင်တယ်၊ ငါကြားတယ်၊"စသည်ဖြင့် ဒီလိုအစွဲအလမ်းတွေ ရှိနေတယ်၊ အမြင်ကောင်းလေး မြင်ရတော့ နှစ်သက်သာယာတယ်၊ အကြားကောင်းလေးကြားရတော့ နှစ်သက်သာယာတယ်၊ အဲဒီနှစ်သက်သာယာတဲ့ ကိလေသာတွေ မဖြစ်ရအောင်လို့ မြင်တိုင်း၊ ကြားတိုင်းလဲ မှတ်ရမယ်၊ အဲဒီလို သတိပဋ္ဌာန်ဒေသနာက ဟောထားပါတယ်၊ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်တွေ မပေးတော့ပါဘူး၊ တစ်နေ့က ကိုယ်တော်တစ်ပါးက ဆောင်ပုဒ်တွေ ပေးသွားပါပြီ၊ အဲဒါဟာ ခဏခဏလဲ ကြားနေရတာပဲ၊ အဲဒီလို အမှတ်ရယင်တော့ အမှတ်ရတဲ့အတိုင်း

http://www.dhammadownload.com



သိတာပဲ၊ ဖြစ်တိုင်းဖြစ်တိုင်း အမှတ်မရလို့ အမှန်အတိုင်းမသိတာ၊ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရယင်တော့ သဘောတရားအမှန်တွေကို သိတယ်၊ မြင်တိုင်း မြင်တိုင်းအမှတ်ရယင် မြင်တိုင်း မြင်တိုင်း ထင်ရှားဖြစ်ပေါ်တဲ့ သဘောတရားတွေကို ဖြစ်ဖြစ်ပြီး ပျောက်ပျောက်သွားတဲ့သဘောတရားတွေပဲလို့ သိတယ်။

ပထမအစမှာတော့ အဖြစ်အပျက်ကို မသိသေးဘူး၊ သမာဓိမကောင်းသေးယင် ရုပ်သဘောကိုတောင် ပိုင်းခြားပြီး မသိသေးဘူး၊ သမာဓိကောင်းလာတဲ့အခါကျမှ မှတ်တိုင်း မှတ်တိုင်း ရုပ်နဲ့နာမ်မျှပဲ၊ အကြောင်းနဲ့ အကျိုးမျှဘဲ ခဏမစဲ ဖြစ်ပျက်နေတာပဲ၊ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ ဒီလိုသိပါတယ်။

## ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်

ဝိပဿနာဉာဏ်စဉ်မှာလဲ အစဆုံးက သီလဝိသုဒ္ဓိတဲ့၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ သီလစင်ကြယ်ရမယ်၊ ဒါကြောင့် တရားအားထုတ်ခါနီး ငါးပါးသီလဖြစ်ဖြစ် ရှစ်ပါးသီလဖြစ်ဖြစ် ထပ်ပြီးတော့ ဆောက်တည်ရတယ်၊ ရှေးကစင်ကြယ်လာတဲ့ပုဂ္ဂိုလ်တော့ မဆောက်တည်လဲရတယ်၊ ဒါပေမယ်လို့ စိတ်ချရအောင်လို့ တရားအားထုတ်ခါနီးတော့ ငါးပါးသီလဖြစ်ဖြစ် ရှစ်ပါးသီလဖြစ်ဖြစ် ဆောက်တည်ရတယ်၊ ကမ္မဋ္ဌာန်းကျောင်းမှာဆိုယင်တော့ ရှစ်ပါးသီလဆောက်တည်တာအကောင်းဆုံးပဲ၊ အိမ်တွင်းမှာဆိုယင်တော့ ငါးပါးသီလဆောက်တည်ပြီး အားထုတ်နေယင်လဲရပါတယ်။

အဲဒီလို သီလဆောက်တည်ပြီး သီလစင်ကြယ်ပြီးတဲ့နောက် သမာဓိဖြစ်အောင် သမထကမ္မဋ္ဌာန်းတွေနှလုံးသွင်းယင်လဲ ကောင်းတယ်၊ ဈာန်ရယင် သာပြီးကောင်းတာပေါ့၊ ဈာန်ရအောင် အားမထုတ်နိုင်လို့ရှိရင်တော့ ရှေးဦးစွာ ဝိပဿနာသမာဓိလောက်ရအောင် အားထုတ်ရတယ်၊ ဈာန်သမာဓိရအောင် အားထုတ်ဖို့ မလွယ်တဲ့အတွက် ဝိပဿနာသမာဓိတွေရအောင် အားထုတ်ဖို့ ဘုန်းကြီးက ညွှန်ကြားနေပါတယ်၊ ပေါ်တိုင်း ပေါ်တိုင်းတွေ မပြတ်ရှုနေလို့ရှိရင် အစတော့ စိတ်တွေ ဟိုသွား ဒီသွားနဲ့ သွားနေသေးတာပဲ၊ မငြိမ်သေးဘူး၊ နောက်တော့ စိတ်တွေ သွားတိုင်း သွားတိုင်း ရှုလို့ ငြိမ့်ဝပ် သွားတော့ ဘယ်မှ မသွားတော့ဘူး၊ ရှုမှတ်စရာအာရုံနဲ့ ရှုမှတ်သိတာဟာ အံကိုက်ကျပြီးတော့ စိတ်တည်ငြိမ် သွားတယ်၊အဲဒါ **စိတ္တဝိသုဒ္ဓိ**ပဲ၊ အဲဒီ **စိတ္တဝိသုဒ္ဓိ**ဖြစ်တဲ့ အခါကျတော့ ရှုတိုင်း မှတ်တိုင်း ရုပ်နာမ်နှစ်ပါးကို ပိုင်း ခြားသိတဲ့ **နာမရူပပရိစ္ဆေဒဉာဏ်** ဖြစ်တယ်။ အကြောင်း အကျိုးကိုသိတဲ့ **ပစ္စယပရိဂ္ဂဟဉာဏ်** ဖြစ်တယ်၊ အဖြစ် အပျက်ကိုသိတဲ့ **ဥဒယဗ္ဗယဉာဏ်** ဖြစ်တယ် အစရှိသည်ဖြင့် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းဖြစ်ပုံကို ဝိသုဒ္ဓိမဂ်စသည်မှာ အကျယ်ဖွင့်ပြထားပါတယ်၊ အဲဒါ ဖြစ်ရိုးဖြစ်စဉ်ပဲ။

အဲဒီ ဖြစ်ရိုး ဖြစ်စဉ်တွေဟာ "အမှတ်ရစေ သိလျက်နေ" ဆိုတဲ့ စကားနှစ်လုံးနဲ့ ပြည့်စုံပါတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်း အမှတ်ရနေလို့ရှိယင် ဖြစ်တိုင်း ဖြစ်တိုင်း တရားတွေကို အမှန်အတိုင်းသိတယ်၊ ဒါကြောင့် အတိုချုပ်မှတ်ရအောင် ဘုန်းကြီးက ဆောင်ပုဒ်ကလေးစီထားတယ်၊ အဲဒီဆောင်ပုဒ်ကလေးကတော့ တိုတိုလေးနဲ့ တရားအားထုတ်ပုံတွေလဲစုံတယ်၊ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့် တက်သွားပုံလဲစုံတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုပုံတွေလည်းစုံတယ်၊ အဲဒီဆောင်ပုဒ်ကလေး ဘုန်းကြီးရွတ်ပြပြီး ဆိုကြရမယ်၊ ပထမရွတ်ပြပါအုံးမယ်။

ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်–တဲ့၊ ပေါ်တိုင်းမပြတ်ရှုမှတ်ပါတဲ့၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း သိတိုင်း တွေ့ထိတိုင်း ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်း ကိုယ်အမူအရာဖြစ်တိုင်း စိတ်အမူအရာဖြစ်တိုင်း ဝေဒနာတွေဖြစ်တိုင်း သဘောတရားတွေဖြစ်တိုင်း ပေါ်တိုင်း ပေါ်တိုင်းတွေကို မပြတ်ရှုမှတ်နေရမယ်တဲ့၊ ဒါက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရဖို့ရာ အခြေခံလုပ်ငန်းစဉ်ပဲ။

"ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်"တဲ့ မြင်တိုင်း မြင်တိုင်းမှတ်၊ကြားတိုင်း ကြားတိုင်းမှတ်၊ နံတိုင်း စားသိတိုင်း တွေ့ထိတိုင်းမှတ်၊ ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်းမှတ်၊ စိတ်ကူးတိုင်း စဉ်းစားကြံစည်တိုင်းမှတ်၊

http://www.dhammadownload.com



သွား တိုင်း ရပ်တိုင်း၊ ထိုင်တိုင်း လျောင်းအိပ်တိုင်းမှတ်၊ ကိုယ် အမူအရာတွေ ဖြစ်တိုင်းဖြစ်တိုင်းမှတ်၊ စိတ်အမူအရာ တွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်၊ ဝေဒနာတွေ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်၊ သဘောတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း မှတ်၊ အဲဒါပါပဲ။

"ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုး ကြောင်းကျိုးသိမြင်"တဲ့၊ အဲဒီလိုမပြတ်ရှုမှတ်နေလျှင် သမာဓိအားကောင်းလာတဲ့အခါ ရုပ်နာမ်နှစ်ပါးလည်း ပိုင်းခြားပြီးသိတယ်၊ ဒါတင်လားဆိုတော့ မဟုတ်ဘူး၊ ပေါ်တိုင်း ရှုမှတ်နေတော့ ပေါ်ပေါ်ပြီး ပျောက်ပျောက်သွားတာလေးတွေ တွေ့ရတယ်၊ မမြဲတဲ့တရားဘဲ၊ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲလို့ ဒီလိုလဲသိတယ်၊ ဒါကြောင့် "ပေါ် တိုင်းမပြတ် ရှုမှတ်နေလျှင်၊ ရုပ်နာမ်နှစ်မျိုး ကြောင်း ကျိုးသိမြင်၊ မမြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်" တဲ့ မမြဲတဲ့ တရားတွေချည်းပဲလို့ ဉာဏ်ထဲ ထင်ရှားပေါ်လွင်လာ တယ်၊ ဆင်းရဲတွေချည်းပဲလို့ ဉာဏ်ထဲပေါ်လွင်လာ တယ်၊ နောက်ပြီးတော့ "အနတ္တ သိရနိဗ္ဗာန်ဝင်"တဲ့ အနတ္တ အတ္တကောင်မဟုတ်ဘဲ သဘောတရားမျှပဲလို့ ဒီလိုသိရတယ်တဲ့၊ အဲဒီလို သိပြီးတော့ ဝိပဿနာဉာဏ် ရင့်သန် ပြည့်စုံတဲ့အခါကျတော့ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးတော့ အောက်ထစ်ဆုံး **သောတာပတ္တိမဂ်ဖိုလ်** ရောက်ပြီး သောတာပန်ဖြစ်တယ်။

အဲဒီကနောက် ဆက်အားထုတ်လို့ အကြောင်းလဲညီညွတ်ယင် **သကဒါဂါမိမဂ်ဖိုလ်** ရောက်ပြီး သကဒါဂါမ်ဖြစ်တယ်၊ အဲဒီကနောက် ဆက်ပြီးအားထုတ်လို့ အကြောင်းလည်း ညီညွတ်ရင် **အနာဂါမိမဂ်ဖိုလ်** ရောက်ပြီး အနာဂါမ်ဖြစ်တယ်၊ အဲဒီက နောက် ဆက်ပြီးအားထုတ်လို့ အကြောင်းလဲညီညွတ်ရင် **အရဟတ္တမဂ်**ရောက်ပြီးတော့ ရဟန္တာဖြစ်တယ်၊ ကိလေသာခပ်သိမ်း ငြိမ်းသွားတယ်၊ ဆင်းရဲခပ်သိမ်း ငြိမ်းဖို့ ရာပဲတဲ့၊ ပရိနိဗ္ဗာန်စံဝင်ပြီးတော့ သွားရတယ်၊ ဘဝ အသစ်တွေ မဖြစ်ဘူး၊ မအိုဘူး၊ မနာဘူး၊ မသေဘူး၊ ဘယ်တော့မှ အိုနာသေစသော ဆင်းရဲတွေ မရှိဘူး၊ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းတယ်၊ အဲဒါဟာ မြတ်စွာဘုရားအလိုတော်ကျ လုပ်ငန်းစဉ်ကလေးပဲ၊ တိုတိုကလေးနဲ့ ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်၊ အဲဒါကလေးဆိုကြရမယ်။

## ဝိပဿနာရှုနည်းနှင့် အကျိုးပြဆောင်ပုဒ်

ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်၊
ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊
မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်၊
အနတ္တ၊ သိရနိဗ္ဗာန်ဝင်။

## ဝိပဿနာအလုပ်ဖေးထရား

အဲ ... ပေါ်တိုင်း ပေါ်တိုင်းသာ မပြတ်ရှုနေပါတဲ့၊ ဒါပေမယ်လို့ စပြီးရှုခါစတော့ ပေါ်တိုင်း ပေါ်တိုင်းတွေ အကုန်လုံးလိုက်ပြီး ရှုနေလို့ မဖြစ်သေးဘူး၊ မရှုနိုင်သေးဘူး၊ သမာဓိအားကောင်းလာမှ ရှုနိုင်တယ်၊ ဒါကြောင့် ရှုခါစမှာ သမာဓိအားကောင်းဖို့ရာ လိုပါတယ်။ သမာဓိအားကောင်းဖို့ရာကလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း အကုန်လုံးလိုက်ရှုနေယင်တော့ သမာဓိဖြစ်ဖို့ မလွယ်ဘူး၊ ရှုစရာအာရုံ နည်းနည်းရှုမှ တစ်ခုတည်းကိုချုပ်လျက် နည်းလွန်းအားကြီးယင်လဲ လုံ့လဝီရိယ ကြောင့်ကြမစိုက်ရတော့ဘူး၊ လုံ့လဝီရိယ လျော့နေလို့ သမာဓိကောင်းသင့်သလောက် မကောင်းဘဲဖြစ်နေတတ်တယ်၊ ဒါကြောင့် မနည်းမများ နှစ်ခုလောက်တော့ရှုမှ သမာဓိဖြစ်လွယ်တယ်၊ ပြီးတော့ မထင်ရှားတဲ့ တရားတွေ ရှာဖွေပြီးရှုနေယင်လဲ သမာဓိမဖြစ်ဘူး၊ ထင်ရှားတဲ့ တရားရှုနေမှတဲ့၊ ဒါကြောင့် ရှုတိုင်း ရှုတိုင်း ဗိုက်ကဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်နဲ့ အဲဒီ တောင့်တင်း လှုပ်ရှားတဲ့ ဝါယောဓာတ်က စရှုဖို့ရာ ဘုန်းကြီးတို့က ညွှန်ကြားပါတယ်။

## အမှန်သိလွယ်တဲ့အလုပ်သုံးစထားနဲ့ရှု

**ဂစ္ဆန္တောဝါ**–သွားသည်ရှိသော်လည်း၊ **ဂစ္ဆာမီတိ**– သွားသည်ဟူ၍၊ **ပဇာနာတိ**–သိ၏။ စသည်ဖြင့် ဟောထားတာနဲ့အညီ သွားတိုင်းသွားတိုင်း ခြေထောက်ထဲ ကိုယ်ထဲကနေပြီး တောင့်တာ တင်းတာ တွန်းကန်တာ လှုပ်ရှားတာ ဝါယောဓာတ်တွေ အထင်အရှားဖြစ်

http://www.dhammadownload.com



နေတာပဲ၊ အဲဒီ ဝါယောဓာတ်တွေကို သိအောင်လို့ ရှုရတာပဲ၊ ဘယ်လို ရှုရသလဲဆိုတော့ **ဂစ္ဆာမီတိ**–သွားသည် ဟူ၍၊ **ပဇာနာတိ**–သိ၏ လို့ ဟောထားတဲ့ အတိုင်း သွားတယ်လို့ ရှုပြီးသိဖို့ ညွှန်ကြားထားပါတယ်၊ ရုပ်ရုပ် နာမ် နာမ် ဒီလိုရှုဖို့ရာ မဟုတ်ပါဘူး၊ ဝါယောဓာတ် ဝါယော ဓာတ် ဒီလိုရှုဖို့ရာလည်း မဟုတ်ပါဘူး၊ အရပ်သုံးစကား နဲ့ သွားယင် သွားတယ်လို့ သိရမယ်၊ ရပ်ယင် ရပ်တယ် လို့သိရမယ်၊ ထိုင်ယင် ထိုင်တယ်လို့သိရမယ်၊ လဲလျောင်း ယင် လဲလျောင်းတယ်လို့သိရမယ်၊ ကွေးယင် ကွေးတယ် လို့သိရမယ်၊ ဆန့်ယင် ဆန့်တယ်လို့သိရမယ်၊ လှုပ်ရှားယင် လှုပ်ရှားတယ်လို့သိရမယ်၊ မျက်စိ မှိတ်တာဖွင့် တာလေးတောင်မှ မျက်စိမှိတ်တယ်၊ ဖွင့်တယ်လို့ အရပ်သုံးစကားနဲ့ ဒီလိုရှုမှတ်ရမယ်၊ အဲဒါဟာ မြတ်စွာဘုရား၏ အလိုတော်ကျပါပဲ။

ဝမ်းဗိုက်က ဖောင်တက်လာလိုက် ပိန်ကျသွားလိုက်နဲ့ အဲဒါကို ဖောင်းယင် ဖောင်းတယ်လို့ရှုရမယ်၊ ပိန်ယင် ပိန်တယ်လို့ရှုရမယ်၊ ဒါဟာ မြတ်စွာဘုရား၏ အလိုတော်ကျပါပဲ၊ အရပ်သုံးစကားနဲ့ရှုဖို့ရာ ဘုန်းကြီးတို့က ညွှန်ကြားနေပါတယ်၊ ဒါကတော့ လူတိုင်း လူတိုင်းလဲ ရှုဖို့လွယ်ပါတယ်၊ အဲဒီလိုမဟုတ်ဘဲ စာသုံးပေသုံးတွေနဲ့လိုက်ပြီး ရှုရမယ်ဆိုယင်တော့ မလွယ်ဘူး စာပေမတတ်တဲ့ ပုဂ္ဂိုလ်တွေမှာဆိုယင် ဖြစ်ဖို့ ခဲယဉ်းပါတယ်၊ စာပေတတ်တဲ့ပုဂ္ဂိုလ်တွေတောင်မှ ဒီတစ်ခါ ထင်ရှားတာက ရုပ်လား နာမ်လား ဓာတ်လေးပါးထဲက လား၊ အာပေါလား၊ ဝါယောလား စသည်ဖြင့် စဉ်းစားစရာတွေရှိနေတယ်၊ နာမ်ထဲကလဲပဲ ဒါကဝိညာဉ်လား ဖဿလား ဝေဒနာလား စသည်ဖြင့် စဉ်းစားစရာတွေ ရှိနေတယ်၊ အဲဒီလို စဉ်းစားနေယင်ဖြင့် သမာဓိမဖြစ်ဘူး။

အဲဒါကြောင့် မစဉ်းစားဘဲနဲ့ အလွယ်တကူ ရှုမှတ်နိုင်အောင်လို့ ထင်ရှားတဲ့ တရားတစ်ခုနှစ်ခုက စပြီး အရပ်သုံးစကားနဲ့ပဲမှတ်ရတယ်၊ ဗိုက်ကဖောင်းတက်လာတဲ့အခါ ဖောင်းတယ်လို့မှတ်၊ ပိန်ကျသွားယင် ပိန်တယ်လို့မှတ်၊ ဘုန်းကြီးတို့က ဒီလိုညွှန်ကြားပါတယ်၊ ဒါသိပြီးသားတွေပါပဲ၊ ဒီလိုသိပြီးသားပေမယ့် အခြေခံကို မဟောလို့ရှိယင် နောက်ဟာတွေဆက်ပြောဖို့ မလွယ်ဘူး။

### လိုရင်းထားကျော်သိဖို့ပဲ

"ဖောင်းတယ် ပိန်တယ်" အဲဒီလို အဆိုကလေးတွေကလဲ စိတ်ထဲကတွင်ပါပဲ၊ ပါးစပ်ကဆိုဖို့တော့ မဟုတ်ဘူး၊ လိုရင်းကတော့ သိဖို့ရာလိုရင်းပဲ၊ ဖောင်းတက်လာယင်လဲ သေသေချာချာသိဖို့၊ ပိန်ကျသွားယင်လဲ သေသေချာချာသိဖို့၊ ဖောင်းစက ဖောင်းဆုံးတိုင်အောင် အသိကလေးက စီးပြီးတော့ လိုက်သွားသလို အစဉ်မပြတ် သိလိုက်သွားရတယ်၊ ပိန်စက ပိန်ဆုံး တိုင်အောင် အစဉ်မပြတ် တစ်ခါထဲ သိလိုက်သွားရတယ်။

အဲဒီလို ဖောင်းတယ် ပိန်တယ် ရှုနေစဉ်မှာ စိတ်တွေက တစ်ခြားထွက်သွားလို့ရှိယင် အဲဒီစိတ်ကူးတွေ မှတ်ရတယ်၊ အဲဒါ **စိတ္တာနုပဿနာ**ခေါ်တယ်၊ **"သရာဂံ ဝါစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ"** စသည်ဖြင့် ဟောတယ်၊ တပ်မက်တဲ့စိတ်ကို တပ်မက်တဲ့စိတ်လို့သိရမယ်၊ တပ်မက်ကင်းတဲ့စိတ်ကို တပ်မက်ကင်းတဲ့စိတ်လို့ သိရမယ်၊ စိတ်ဆိုးတဲ့စိတ်ကို စိတ်ဆိုးတဲ့စိတ်လို့ သိရမယ် စသည်ဖြင့် ဖြစ်ပေါ်တဲ့အတိုင်း ရှုဖို့ရာ စိတ္တာနုပဿနာ ကိုဟောထားပါတယ်။

ဒါကြောင့် ဖောင်းတယ် ပိန်တယ်မှတ်နေယင်း စိတ်ကူးဖြစ်လာယင် အဲဒီစိတ်ကူးကို ဖြစ်တဲ့အတိုင်း ရှုရုံပါပဲ၊ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်၊ နှစ်သက်တယ်၊ စိတ်ဆိုးတယ် စသည်ဖြင့် မှတ်ရုံပါပဲ၊ ပျော်ယင်ပျော်တယ်၊ ပျင်းယင် ပျင်းတယ်လို့ သူဖြစ်တဲ့အတိုင်းမှတ်ရုံပါပဲ၊ အဲဒီစိတ်ကို မှတ်ပြီးတော့ ဖောင်းတာ ပိန်တာကို ပြန်မှတ်သွားရတယ်။

ကိုယ်ထဲက ညောင်းတာ ပူတာ စသည်တွေက ဒုက္ခဝေဒနာတွေပဲ၊ အဲဒီ ဒုက္ခဝေဒနာ ထင်ရှားယင်လဲ အဲဒီ ဒုက္ခဝေဒနာကို စူးစိုက်ပြီးတော့ ရှုရတယ်၊ မှတ်ရတယ်၊ ညောင်းယင် ညောင်းတယ်၊ ပူယင်ပူတယ်၊ နာယင်နာတယ် လို့ဖြစ်ပေါ်တဲ့အတိုင်း လိုက်ပြီးမှတ်ရတယ်၊ ဒီမှာအခု တရားနာလာတဲ့ ပုဂ္ဂိုလ်တွေကတော့ ရှုမှတ်ဖူးတဲ့ ယောဂီဟောင်းတွေ များပါတယ်၊ မမှတ်ဖူးတဲ့အသစ်ကလဲ နည်းနည်းပါးပါးတော့ ပါပါလိမ့်မယ်၊ အဲဒီ မမှတ်ဖူးတဲ့သူတွေလဲ နားလည်အောင်လို့ ဘုန်းကြီးတို့က ထပ်ခါထပ်ခါပြောရတယ်။

http://www.dhammadownload.com



အဲဒါတွေသိပြီးသားတွေပဲ၊ ပြောနေဖို့မလိုဘူး လို့ထင်စရာတော့ရှိပါတယ်၊ ဟုတ်တယ် သိပြီးသား ပုဂ္ဂိုလ်တွေကသိပြီး မသိတဲ့ပုဂ္ဂိုလ်တွေကတော့ မသိ သေးဘူး၊ တစ်ချို့ကတော့ မသိတဲ့အပြင် ဒီလိုရှုမှတ်တာကို အပြစ်တင်နေတဲ့ ပုဂ္ဂိုလ်တွေလည်းရှိသေးတယ်၊ နားမလည်လို့ပါဘဲ၊ သူတို့က သူတို့ကိုယ်သူတို့တော့ ပညာရှိပဲ တကယ်တတ်သိနားလည်နေတဲ့ပုဂ္ဂိုလ်ပဲလို့ သူတို့ဟာသူတို့တော့ အထင်ကြီးနေတယ်၊ ဒါပေမယ့် လို့သူတို့က တရားအားမထုတ်ဖူးတော့ ရုပ်နာမ် အကြောင်း ကောင်းကောင်းမသိဘူး၊ ရုပ်နဲ့နာမ်လဲ ကိုယ်တွေ့အားဖြင့် သူတို့ဟာ ပိုင်းခြားသိတာမဟုတ် ဘူး၊ သူတို့သိတာက စာပေကျမ်းဂန်ထဲက ဝေါဟာရ တွေ အမည်တွေလောက်သိနေတာပဲ၊ အဲဒီလို အမည် တွေသိရုံနဲ့တော့ ဝိပဿနာဉာဏ်အစစ်မဖြစ်ဘူး။

အဲဒီတော့ ကိုယ်ထဲက ညောင်းတာ ပူတာ စသည်တွေဖြစ်လာလို့ရှိယင် ညောင်းတယ် ညောင်း တယ်၊ ပူတယ် ပူတယ် စသည်ဖြင့် စူးစိုက်ပြီးတော့ မှတ်ရတယ်၊ အဲဒီက မှတ်ပြီးလို့ရှိယင် ဖောင်းတာ ပိန် တာပြန်မှတ်။

အသံကြားလို့ရှိယင် ကြားတယ်မှတ် ပြီးယင် ဖောင်းတယ် ပိန်တယ်ပြန်မှတ်ပါ၊ တစ်ထိုင်အတွင်းမှာ အတိုချုပ်ကလေး မှတ်ဖို့ပေါ့လေ၊ ဘုန်းကြီးက ခဏ ကလေးဟောမှာဆိုတော့ နည်းနည်းတော့ မှတ်ကြအုံး စို့ရဲ့၊ မကောင်းဘူးလား၊ နည်းနည်းမှတ်ခိုင်းအုံးမှ နှစ်မိ နှစ်လောက်ပဲမှတ်ပါ၊ နောက်ပိုင်း ဦးဣန္ဒက ကလဲ ဟော ရအုံးမယ်၊

**ထိုင်ပုံ**

**ပလ္လင်္ကံ အာဘုဇိတွာ** – ထက်ဝယ်ဖွဲ့ခွေထိုင် ပါတဲ့၊ ကြာရှည်ထိုင်နိုင်အောင်လို့ပါပဲ၊ ခဏအတွင်း တော့ သင့်တော်သလို ထိုင်လို့ရပါတယ်။

**ဥဇုံကာယံ ပဏိဓာယ**– အထက်ပိုင်းကိုယ် တော့ ဖြောင့်မတ်စွာထားပါတဲ့၊ ကိုယ်ကြီးလျော့လျော့ ကုန်းကုန်းကြီးနဲ့ဆိုလို့ရှိယင် ကိုယ့်လုံ့လဝီရိယမပါတော့ သမာဓိကောင်းကောင်းမဖြစ်ဘူး၊ ဉာဏ်လဲမဖြစ်ဘူး၊ အဲဒီတော့ အထက်ပိုင်းကို ဖြောင့်မတ်စွာထားပါ။

**စိတ်သတိပို့ထားပုံ**

**ပရိမုခံ သတိံ ဥပဋ္ဌပေတွာ**– ရှုရမည့် ကမ္မဋ္ဌာန်းအာရုံဆီကို အမှတ်သတိပို့ထားပါတဲ့၊ မြန်မာ ကတော့ သတိလို့ တယ်ပြောလေ့မရှိဘူး၊ စိတ်ကိုပဲ ပြော လေ့ရှိတယ်၊ အဲဒီရှုရမည့်အာရုံဆီ စိတ်သတိပို့ထားပါ တဲ့။

အာနာပါန ထွက်သက်ဝင်သက် ရှုမယ်ဆို ရင်တော့ နှာသီးဝ အဲဒီမှာ ပို့ထားရတယ်၊ ဝင်လာယင် ဝင်တယ်၊ ထွက်သွားယင် ထွက်တယ်၊ ဝင်တယ် ထွက် တယ် ဒီလိုရှုဖို့ပါပဲ။

ကသိုဏ်းအာရုံရှုယင်တော့ အဲဒီကသိုဏ်းအာရုံ တွေဆီ ပို့ထားရမယ်၊ ပထဝီကသိုဏ်းအာရုံ မြေပုံ သဏ္ဌာန်ဆီ စိတ်ပို့ထား၊ ဒါကတော့ မျက်စိနဲ့ကြည့်ပြီး တော့ရှုရတယ်၊ ပထဝီ ပထဝီ စသည်ဖြင့် ဒီလိုရှုရတယ်၊ ပါဠိလိုကတော့ ပထဝီ ပထဝီ မြန်မာလိုကတော့ မြေမြေ ပေါ့လေ ဒီလိုရှုရတယ်။

မေတ္တာပို့မယ်ဆိုလို့ရှိယင်တော့ မေတ္တာပို့မယ့် ပုဂ္ဂိုလ်ဆီ စိတ်ပို့ပြီးတော့ မည်သူချမ်းသာပါစေ၊ ချမ်း သာပါစေ၊ မိခင်မေတ္တာပို့ယင် မိခင်ချမ်းသာပါစေ၊ ဖခင် မေတ္တာဆိုယင်တော့ ဖခင်ချမ်းသာပါစေ၊ ဆရာမေတ္တာ ဆိုယင်တော့ ဆရာချမ်းသာပါစေ စသည်ဖြင့် အဲဒီလိုပဲ မေတ္တာပို့မယ့် ပုဂ္ဂိုလ်ဆီ စိတ်ပို့ထားရတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

**မဟာစည်ပုံတော်ဓိမာန်**
**အနုမောဒနာဩဝါဒတရားတော်စာအုပ်**
**စာမူခွင့်ပြုချက်အမှတ်–၄၉၄/၂၀၀၄(၇) မှ**
**ထုတ်နုတ်ပူဇော်ပါသည်။**

**ဦးဝင်းဆွေ(ဒုတိယဥက္ကဋ္ဌ)**
**ဟိတေသီအဖွဲ့**

http://www.dhammadownload.com



# သာသနာတော်၏ အံ့ဖွယ်(၈)ဖြာ
# သိကောင်းစရာ

ယခုအချိန်အခါမှာ ကမ္ဘာ၌ရှိနေကြသော ဗုဒ္ဓဘာသာ အယူဝါဒ၊ အစ္စလာမ်ဘာသာအယူဝါဒ၊ ခရစ်ယာန်ဘာသာအယူဝါဒ စသည်ဖြင့် ဘာသာဝါဒအမျိုးမျိုးတို့တွင် မိမိတို့ နှစ်သက်ယုံကြည်ကြသည့် ဘာသာဝါဒများကို ကိုးကွယ်ဆည်းကပ်လျက်ရှိကြပေသည်။ ထိုဘာသာဝါဒအမျိုးမျိုးတို့တွင် အဘယ်အယူဝါဒသည် အမှန်ကန်ဆုံးဖြစ်သည်ဟု ဘာသာဝါဒအမျိုးမျိုးတို့မှ ကမ္ဘာ့ပညာရှင်များက အစည်းအဝေးပြုကာ ဆုံးဖြတ်ကြ၏။ ထိုအစည်းအဝေးက ဗုဒ္ဓဘာသာ အယူဝါဒသည် အမှန်ကန်ဆုံးဖြစ်၏ဟု ဆုံးဖြတ်ကြပြီး လျှင် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြပေသည်။

ဤကဲ့သို့ ကမ္ဘာက ဗုဒ္ဓဘာသာသည် အကောင်းဆုံး အမှန် ကန်ဆုံးဖြစ်သည်ဟု ယုံကြည်ယူဆကြသည့် ဗုဒ္ဓမြတ်စွာသာသနာတော်၏ အံ့ဖွယ်(၈)ပါးကို ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း သိထားသင့်ကြ၍ မြတ်စွာဘုရား ကိုယ် တော်တိုင် သာသနာတော်၏ အံ့ဖွယ်(၈)ဖြာကို ဟော ကြားတော်မူခဲ့ပါသည်။

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် နဠေရု မည်သော တမာပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ အဲဒီအချိန်အခါမှာ ပဟာရာဒလို့ခေါ်သည့် အသူရိန်က မြတ်စွာဘုရားထံသို့ ရောက်လာပြီး "မြတ်စွာဘုရား၏ သာသနာတော်မှာ ရဟန်းတော်တွေ မွေ့လျော်နေကြတာ အဘယ်အံ့ဖွယ်တွေ ရှိနေလို့ ပျော်မွေ့နေကြတာလဲ"ဟု သိလို၍ မေးလို၍ ရောက်လာခြင်းဖြစ်သည်။

သို့ပါသော်လည်း မြတ်စွာဘုရားထံသို့ ရောက်လာသည့်အခါကျတော့ မြတ်စွာဘုရား၏ ဘုန်းတန်ခိုး အာနုဘော်တွေ၊ မြတ်စွာဘုရား၏ ဘုန်းကံကြီးမားပုံတွေကို တွေ့မြင်ရသောကြောင့် ရှေးဦးစွာ မေးခွန်းများကို မလျှောက်ထားဝံ့ပေဘူး။

အဲဒါကို မြတ်စွာဘုရား သိတော်မူသောကြောင့် မြတ်စွာဘုရားက ရှေးဦးစွာ မေးတော်မူပါတယ်။ "ပဟာရာဒအသူရိန် ..... အသူရာတို့သည် သမုဒ္ဒရာ၌ ပျော်မွေ့နေကြသည်၊ ဘာအံ့ဖွယ်တွေရှိ၍ ပျော်မွေ့နေကြတာလဲ"ဟု မြတ်စွာဘုရားက ရှေးဦးစွာ မေးလိုက်တဲ့အခါကျမှ ပဟာရာဒအသူရိန်က "သမုဒ္ဒရာမှာ အံ့ဖွယ်(၈)မျိုးရှိပါတယ်"ဟု လျှောက်ထားပါတယ်၊ (၈)မျိုးကိုဖြေပြီးတဲ့အခါ ပဟာရာဒ အသူရိန်က မြတ်စွာဘုရားကို လျှောက်ထားပြန်ပါတယ်။

"မြတ်စွာဘုရား.. မြတ်စွာဘုရား၏ သာသနာတော်ကြီးမှာ မြတ်စွာဘုရား၏ တပည့်သားတွေ သာသနာတော်မှာ ပျော်မွေ့ကြတာ သာသနာတော်မှာ ဘာအံ့ဖွယ်တွေ ရှိလို့ ယခုလို ပျော်မွေ့နေကြတာလဲ ဘုရား"ဟု လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "ငါဘုရား၏ သာသနာတော်မှာလည်း အံ့ဖွယ်ရာ (၈)မျိုးရှိတဲ့အတွက်ကြောင့် ငါဘုရား၏ တပည့်သားရဟန်းတော်တို့သည် သာသနာတော်မှာ ပျော်မွေ့နေတာပဲ"လို့ မြတ်စွာဘုရားက ပြန်၍ ဖြေကြားလိုက်ပါတယ်။

သမုဒ္ဒရာမှာ အံ့ဖွယ်(၈)ဖြာရှိသလို မြတ်စွာဘုရား၏ သာသနာတော်မှာလည်း အံ့ဖွယ်(၈)ဖြာရှိတယ်လို့ အဓိပ္ပါယ်ကို မြတ်စွာဘုရား ပြန်၍ ဖြေကြားတော်မူတာပါပဲ။

အဲဒီ သမုဒ္ဒရာရဲ့ အံ့ဖွယ်(၈)ဖြာနှင့် သာသနာတော်ကြီး၏ အံ့ဖွယ်(၈)ဖြာကို ဥပမာနှင့် ဥပမေယျ

http://www.dhammadownload.com



နှိုင်းယှဉ်၍ ပြထားတဲ့ ဆောင်ပုဒ်ကို ရှေးဦးစွာ ဖော်ပြပါမည်။

ဆောင်ပုဒ်။ ။ **အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊**
**ရှုံ့ဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊**
**မယွင်းမတိုး၊ ဆယ်မျိုးရတနာ၊**
**ရသာဆားတူ၊ ကြီးသူနေရာ၊**
**အံ့ရှစ်ဖြာ။**

### အစဉ်နက်ဝှမ်း

၁။ မဟာသမုဒ္ဒရာကြီးသည် လက် ၁-သစ်၊ ၂-သစ်ကစပြီးတော့ နက်သွားလိုက်တာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်တိုင်အောင် အစဉ်အတိုင်း နက်သွားပါတယ်။

မဟာသမုဒ္ဒရာကြီးမှာ တဖြည်းဖြည်း လက် ၁-သစ်ကစပြီးတော့ နက်ဝှမ်းသွားသလို မြတ်စွာဘုရား၏ သာသနာတော်မှာလည်း အကျင့်သိက္ခာတွေဟာ အစဉ်အတိုင်း တဖြည်းဖြည်း နက်နဲနက်နဲ သိမ်မွေ့ သိမ်မွေ့ သွားပါတယ်။

### ကမ်းကိုမလွန်

၂။ သမုဒ္ဒရာရေတွေဟာ ကမ်းပေါ်လျှံတက် သွား၊ လွန်တက်သွားတယ်လို့ မရှိကောင်းသလို မြတ်စွာဘုရား၏ သာသနာတော်မှာလည်း ဒီ အတိုင်းပါပဲ၊ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာ ပုဒ်တွေဟာ ကမ်းပါးတွေနဲ့တူတယ်၊ မြတ်စွာဘုရား ၏ တပည့်သား သံဃာတော်တွေက အသက် ဟူသော အကြောင်း ကြောင့်ပင် မလွန်ကျူးကြပေ။

### ရှုံ့ဖွယ်ဆယ်ပစ်

၃။ သမုဒ္ဒရာကြီးထဲမှာ ဆင်သေကောင်ပုတ်၊ မြင်းသေကောင်ပုတ် အစရှိသော အကောင်ပုတ်တွေ ကျလာတဲ့အခါ သမုဒ္ဒရာလှိုင်းတံပိုးတွေက ကမ်းပေါ်သို့ ပုတ်တင်လိုက်တယ်၊ သာသနာတော်မှာလည်း ဆင်သေပုတ်၊မြင်းသေပုတ်တွေနှင့်တူသော ဒုဿီလ ပုဂ္ဂိုလ်တွေကို သာသနာတော်ကြီးက အရှည်မထားပါဘူး၊ သံဃာက အပေါင်းအဖော် မလုပ်တော့ပေ ဘူး၊ သာသနာတော်မှ ထုတ်ပစ် လိုက်တယ်။

### တစ်မည်ဖြစ်ခြင်း

၄။ သမုဒ္ဒရာ၌ ရေတွေဟာ ဂင်္ဂါမြစ်မှရေ၊ ယမုနာမြစ်မှရေ၊ အစိရဝတီမြစ်မှရေ၊ သရဘူမြစ်မှရေ၊ မဟီမြစ်မှရေ တို့သည် သမုဒ္ဒရာထဲသို့ ရောက်သွားတဲ့အခါ ခွဲခြားလို့မရ တော့ပေဘူး၊ သမုဒ္ဒရာရေပဲ ဖြစ်သွားကြပေသည်။

မြတ်စွာဘုရား သာသနာတော်မှာလည်း ဒီအတိုင်းပါပဲ၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ကုန်သည်မျိုး၊ ဆင်းရဲသားမျိုး စသည်ဖြင့် အမျိုးပေါင်းများစွာမှ သာသနာ့ဘောင်သို့ ဝင်လာကြကုန်၏။ သာသနာ့ဘောင်သို့ ရောက်လာတဲ့အခါကျတော့ ဤရဟန်းက မင်း၊ ဤရဟန်းက ပုဏ္ဏား၊ ဤရဟန်းက ကုန်သည်၊ ဤရဟန်းက သူဆင်းရဲပဲလို့ နာမည်အသီးသီး မခွဲထားရပေဘူး။

သာကီဝင်မင်းသား ဘုရားသားတော် ရဟန်းပဲလို့ တစ်မည်တည်းဖြစ်သွားရပေသည်။ အဲဒီလို တစ်မည်တည်းဖြစ်သွားတာလည်း မြတ်စွာဘုရား၏ သာသနာတော်မှာ အံ့ဖွယ်တစ်မျိုးပါပဲ။

### မယွင်းမတိုး

၅။ မြစ်တွေမှ ရေစီးဝင်တာများလို့၊ မိုးတွေက သိပ်ရွာလို့ သမုဒ္ဒရာရေတွေ တိုးတက်လာတယ်လို့လည်း မရှိကောင်းပေ။

မြတ်စွာဘုရားသာသနာတော်မှာလည်း ဒီအတိုင်းပါပဲ။ မြတ်စွာဘုရား သာသနာတော်သည်လည်း အဲဒီလိုပါပဲ။ ရဟန္တာပေါင်းမြောက်များစွာ ရေတွက်လို့ မရအောင်များတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ နိဗ္ဗာန်သို့ ဝင်စံသွားကြတဲ့အခါ နိဗ္ဗာန်ကြီးက

http://www.dhammadownload.com



ကျယ် သွားတယ်လို့လည်းမရှိပေဘူး၊ သာသနာမရှိတော့တဲ့ သာသနာပအခါဖြစ်လို့ နိဗ္ဗာနဓာတ်သို့ ဝင်စံ တဲ့ ရဟန္တာပုဂ္ဂိုလ်တွေ မရှိတဲ့အတွက်ကြောင့် နိဗ္ဗာန် ကြီးဟာ ပြန်ကျဉ်းသွားတယ်လို့ ဒီလိုမရှိကောင်းတာလည်း အံ့ဖွယ်ရာတစ်ခုပင်ဖြစ်ပေသည်။

### ဆယ်မျိုးရတနာ

၆။ ဆယ်မျိုး ရတနာဆိုသည်မှာ မဟာသမုဒ္ဒရာကြီး၌ ရတနာအမျိုးမျိုးတွေ ဆယ်မျိုးလောက် ရေတွက်လို့ရတယ်၊ အဲဒီလို ရတနာအမျိုးမျိုးတွေ ရှိနေတာလည်း အံ့ဖွယ်တစ်ခုပင်ဖြစ်ပေသည်။

မြတ်စွာဘုရား၏ သာသနာတော်မှာလည်း ရတနာအမျိုးမျိုးတွေရှိပါသည်၊ သတိပဋ္ဌာန်တရား ၄-ပါးသည်လည်း ရတနာပါပဲ၊ သမ္မပ္ပဓာန် တရား ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး၊ ဗိုလ် ၅-ပါး တို့သည်လည်း ရတနာပါပဲ။

### ရသာဆားတူ

၇။ မဟာသမုဒ္ဒရာကြီး၌ ရေတို့၏ အရသာသည် တစ်မျိုးတည်းပင်ရှိပေသည်။ ဘာအရသာလည်း ဆိုပါလျှင် ဆားငံအရသာ၊ ဘယ်နေရာက ရေကိုယူပြီးတော့ မြည်းကြည့် မြည်းကြည့် ဆားငံအရသာ တစ်မျိုးပဲရှိသည်မှာ မဟာသမုဒ္ဒရာ၏ အံ့ဖွယ်တစ်ခုပင်ဖြစ်ပေသည်။

မြတ်စွာဘုရား၏ သာသနာတော်မှာလည်း အရသာဟာ တစ်မျိုးပဲရှိတယ်၊ ဘာအရသာပါလဲဆိုတော့ ဝိမုတ္တိရသ။ ဝိမုတ္တိဆိုတာ လွတ်မြောက်တာ၊ ရသ-က အရသာ။ ဘယ်မှလွတ်မြောက်သလဲဆိုတော့ ကိလေသာတို့မှ လွတ်မြောက် ခြင်းအရသာ၊ သီလဆောက်တည်တာလည်း ဝိမုတ္တိရသ၊ သမထ ဝိပဿနာတရား အားထုတ် တာလည်းဝိမုတ္တိရသပါပဲ။ မြတ်စွာဘုရား၏ သာသနာတော်မှာ အရသာဟာ တစ်မျိုးပဲရှိတယ်၊ ကိလေသာ တို့မှ လွတ်မြောက်ခြင်းအရသာ၊ အဲဒါလည်း သာသနာတော်မှာ အံ့ဖွယ်ရာတစ်မျိုးပင်ဖြစ်ပေသည်။

### ကြီးသူနေရာ

၈။ ကြီးသူနေရာဆိုသည်မှာ သမုဒ္ဒရာတွင်းက တိမိင်္ဂလ စသည့်အလွန်ကြီးသော ငါးကြီးတွေ နေရာဖြစ်တယ်။ ဒါကြောင့် သမုဒ္ဒရာကြီးဟာ အံ့ဖွယ်ဖြစ်တယ်၊ မြတ်စွာဘုရားသာသနာတော်မှာလည်း ကြီးသူနေရာပဲ၊ မဂ္ဂဋ္ဌာန် ၄-ယောက်၊ ဖလဋ္ဌာန် ၄-ယောက်ဟူသော ကြီးသူတို့၏ နေရာဖြစ်သည်။

(အံ-၃၊ ၄၂-၄၃)

**နိဂုံးဆောင်ပုဒ်။**

**အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊**
**ရွံ့ဖွယ်ဆယ်ပစ်၊တစ်မည်ဖြစ်ခြင်း၊**
**မယွင်းမတိုး၊ဆယ်မျိုးရတနာ၊**
**ရသာဆားတူ၊ ကြီးသူနေရာ၊အံ့ရှစ်ဖြာ။**

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၌ အံ့ဖွယ် (၈)ဖြာ ရှိနေတာကို ကမ္ဘာက သိတန်သလောက် သိကြလို့သာ ဗုဒ္ဓဘာသာ အယူဝါဒသည် အမှန်ကန်ဆုံး အယူဝါဒဖြစ်သည်ဟု ဂုဏ်ပြုကြခြင်းဖြစ်ပေသည်။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

http://www.dhammadownload.com



## ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ
## ဩဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
## ဘဒ္ဒန္တသံဝရ ချမ်းမြဲအောင်စည်ဆရာတော်ဘုရားကြီး ၏
## အမြိုက်ဓမ္မတရားတော် မှ ကောက်နုတ်ချက်

### (င) ချစ်ကြ ခင်ကြ ကြည်ညိုကြတယ်

**အာကခေ်ယျစေ ဘိက္ခဝေ ဘိက္ခု**
**သဗြဟ္မစာရီနံ ပိယော စ အသံ**
**အနာပေါ စ ဂရုစ, ဘာဝနိယောစာတိ၊**
**သီလေသွေဝဿ ပရိပူရကာရီ။**

(ဝိ-၃-၃၂၂)

**ဘိက္ခဝေ**-ရဟန်းတို့၊ **ဘိက္ခု**-ရဟန်းသည်၊ **စေ**-အကယ်၍၊ **အာကခေ်ယျ**- ဆိုလတ္တံ့အတိုင်း လိုလားတောင့်တငြားအံ့၊ **သဗြဟ္မစာရီနံ**-နီးနားကပ်ချဉ်း သီတင်းသုံးဖော်တို့၏၊ **ပိယောစ**-ချစ်အပ်သူ သည်လည်း၊ **အသံ**-ဖြစ်ရပါစေ၊ **မနာပေါစ**-မြတ်နိုးအပ်သူသည်လည်း၊ **အသံ**-ဖြစ်ရပါစေ၊ **ဂရုစ**- အလေးအမြတ်ပြုအပ်ပါသည်လည်း၊ **အသံ**-ဖြစ်ရပါစေ၊ **ဘာဝနိယောစ**-စိတ်နှလုံးကို ပွားအပ်သည်လည်း၊ **ဝါ**-ချီးမွမ်းခံရသူသည်လည်း၊ **အသံ**-ဖြစ်ရပါစေ၊ **ဣတိ**-ဤသို့၊ **အာကခေ်ယျ**- လိုလား တောင့်တငြား အံ့၊ **သီလေသွေဝ**-သီလတို့၌သာလျှင်၊ **ပရိပူရကာရီ**-အပြည့်အစုံဖြည့်ကျင့်လေ့ရှိသည်၊ **အဿ**-ဖြစ်ရာ၏။

တကယ်လို့ အတူနေသီတင်းသုံးဖော်တွေ အနီးအနားနေပုဂ္ဂိုလ်တွေကို ချစ်စေချင်တယ်၊ မြတ်နိုးစေချင်တယ်၊ အလေးအမြတ်ပြုစေချင်တယ်၊ စိတ်နှလုံးကိုပွားစေချင်, အချီးအမွမ်းခံချင်တယ်ဆိုရင် သီလပြည့်စုံအောင် ကျင့်ပါတဲ့၊ ဒီလိုဟောကြားတော်မူပါတယ်။ ဒီလို သီလနဲ့ပြည့်စုံယင် သီတင်းသုံးဖော်တွေက ချစ်ကြမယ်, မြတ်နိုးကြမယ်, အလေးအမြတ်ပြုကြမယ်, စိတ်နှလုံးပွားကြ၊ ကြည်ညိုကြမယ်ပေါ့။ ချစ်စေ ချင်လို့ ပိယဆေးတွေ ဆောင်တယ်ဆိုတာက တကယ်မဟုတ်ပါဘူး၊ စိတ်ကိုလှည့်စားခြင်းသာဖြစ်ပါတယ်။ တချို့ ကာလသားလူငယ်တွေဟာ ဆရာတွေ့ယင်ကပ်ပြီး ပိယဆေး တောင်းလေ့ရှိကြတယ်၊ ရပြီဆိုယင် ဆရာပေးတဲ့ ပိယဆေးကလေးကို ဆောင်ပြီး သူတို့ကို ချစ်နိုးနိုးနဲ့ အထင်ကြီးနေတတ်ကြတယ်၊ ရိုးရိုး ပြောနေကျ ပြောစရာရှိလို့ တစ်ဖက်သားက စကားပြောတာကိုပဲ ဒီဆေးရဲ့အစွမ်းနဲ့ ချစ်လို့ပြောတယ် ထင်နေတတ်ကြတယ်၊ ဟုတ်တာတော့ မဟုတ်ပါဘူး၊ စိတ်ကထင်နေတာဖြစ်ပါတယ်။

တကယ်ချစ်စေချင်တယ်ဆိုယင် ဘုရားဟောအတိုင်း သီလပြည့်စုံအောင် အားထုတ်ဖို့ပဲရှိပါတယ်။ သီလနဲ့ပြည့်စုံပြီဆိုယင် လူတွေချစ်ရုံသာမကပါဘူး၊ နတ်တွေကပါ ချစ်ကြပါတယ်၊ အရိယာပုဂ္ဂိုလ်တွေ ကို တစ်လောကလုံးကချစ်တယ်, ကြည်ညိုတယ်, လေးစားတယ်ဆိုတာ သီလနဲ့ပြည့်စုံလို့ ချစ်ကြ, ကြည်ညိုကြ, လေးစားကြတာပါ။ ပိယဆေးဆောင်လို့ မဟုတ်ပါဘူး၊ ဘုရားပေးတဲ့သီလဟာ တကယ်ကောင်းတဲ့ ပိယဆေး ဖြစ်ပါတယ်၊ သီလရှိသူကို လူတွေကလည်း ချစ်တာပဲ၊ နတ်တွေကလည်းချစ်တာပဲ၊ ဒါကြောင့် သီလနဲ့ ပြည့်စုံတာဟာ ချစ်စရာ အကောင်းဆုံးဆေးဖြစ်ပါတယ်။

ဆောင်ပုဒ် ။ ။ ချစ်ခင်မြတ်နိုး၊ တစ်မျိုးရေးယူ၊
လေးမြတ်လိုလား၊ အများကြည်ဖြူ။
ခံယူစိတ်ထား၊ ရှိငြားခဲ့မူ၊
မြတ်သီလ၊ ဆောင့်ကြများမိုလ်လူ။

### (စ) ဝိသုဒ္ဓိမဂ်လာ ဂါထာများ

ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာ ချီးကျူးဖော်ပြထားတဲ့ သီလအာနိသံသ ၁၀-ဂါထာကို ဆက်လက်ဖော် ပြပါဦးမယ်၊ ဘုရားဟောဒေသနာပါဠိတော်ကို နှံ့နှံ့စပ်စပ် ထိုးထွင်းသိနိုင်တဲ့ အဋ္ဌကထာဆရာဖြစ်တဲ့ အတိုင်း သီလာနိသံသဒေသနာတော်ကို ချီးပြီး အမွှန်း

http://www.dhammadownload.com



တင်ဖော်ပြထားတာဖြစ်လို့ မှတ်သားစရာအင်မတန်ကောင်းပါတယ်၊ ဒါကြောင့် မှတ်သားကြရအောင် ဒီနေရာမှာဖော်ပြရန်လိုအပ်ပါတယ်။

**၁။ သာသနေ ကုလပုတ္တာနံ၊**
**ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။**
**အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ**
**ကောဝဒေ။** (ဝိသုဒ္ဓိမဂ္ဂ-ဋ္ဌ-၁-၁၀)၊

**သာသနေ**- ဘုရားမြတ်စွာ သာသနာတော်၌၊ **ကုလပုတ္တာနံ**- ကောင်းမှုလိုလား အမျိုးကောင်းသားတို့အား၊ **ယံ**-စောင့်ထိန်းအပ်သမျှ အကြင်သီလကို။ **ဝိနာ**-ကြဉ်ဖယ်ရှောင်ရှား အပထား၍၊ **ပတိဋ္ဌာ**- တည်ရာမှီရာ ထောက်တည်ရာသည်၊ **နတ္ထိ**-ရှာမှုရှာလေမရှိပေ၊ **တဿ သီလဿ**-ငါးပါး, ရှစ်ပါး, ဆယ်ပါး ကစ ထိုသီလ၏၊ **အာနိသံသ ပရိစ္ဆေဒံ**-ကျိုးဆက်ဂုဏ်အင် အာနိသင်များအပိုင်းအခြားကို၊ **ကော**-စွမ်းအင်ကြီးမား အဘယ်ယောကျ်ားသည်၊ **ဝဒေဝဒေယျ**-ဂုဏ်အင်မောက်ကြွား ကုန်စင်အောင် ဟောကြားနိုင်ပါအံ့နည်း၊ **နဝဒေ နဝဒေယျ**-ဘယ်လိုပင်ဟောသော်လည်း အမောသာအဖတ်တင် ကုန်စင်အောင် မဟောကြားနိုင်သည်သာတည်း။

သီလဆိုတာ မြေနဲ့တူပါတယ်၊ မြေပေါ်မှာတော,တောင် ရေတွေနဲ့တကွ လူတို့ လောကတစ်ခုလုံး ရပ်တည်နေကြရတယ်၊ မြေဟာအကယ်၍ မရှိယင် တောတွေ, တောင်တွေ, ရေတွေ, လူတွေလည်း ထောက် တည်စရာနေရာရှိမယ်မဟုတ်ပါဘူး။ ဒီလိုပါပဲ သီလဆိုတာ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ရဲ့ ထောက်ရာ တည်ရာဖြစ်ပါတယ်၊ တကယ်လို့သာ သီလမရှိဘူးဆိုယင် အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့အတွက် ထောက်ရာ, တည်ရာ မရှိနိုင်ပါဘူး၊ မျောက်သစ်ကိုင်းလွတ်ပြီး အောက်သို့ ကျသလို ငရဲ ဖြစ်တဲ့အောက်အပါယ်သို့ ကျကုန်ကြရန်သာရှိပါတယ်။

**သီလမြေပေါ်မှာစိုက်၊**

ဒီလောက်သာမကသေးပါဘူး၊ ဒါနဆိုတာလည်း သီလမြေရှိမှ, ဘာဝနာဆိုတာလည်း သီလမြေရှိပါမှ သီလမြေပေါ်မှာ စိုက်ပျိုးတည်ထောင်ကြရပါတယ်၊ သီလမြေပေါ်မှာ မစိုက်မပျိုးတဲ့ ဒါနတို့ ဘာဝနာ တို့ဟာ အလိုရှိသလို အားထားလောက်တဲ့ အပင်, အခက်အလက် မသန်ထွား မစည်ကားနိုင်ပါဘူး၊ သီလ မြေအခြေခံရှိမှသာ အရာရာ အားထားလောက်အောင် တည်တံ့ဖြစ်ထွန်းနိုင်ပါတယ်၊ ဒါကြောင့် သီလကို အပထားပြီး အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ တည်ရာ, မှီရာ, ထောက်တည်ရာရယ်လို့ မရှိပါဘူး။

ဒါကြောင့် သီလရဲ့ အကျိုးအာနိသင်ဆိုတာ အင်မတန်ကြီးမား များပြားပါတယ်၊ သီလရဲ့အကျိုးအာနိသင်တွေကို မွေကထိကတွေကလည်း ဟောကြ, ပြောကြတာပဲ၊ ပါဠိတော်တွေမှာ ဘုရားလည်း ဟောကြားထားတာပါပဲ၊ ဒါပေမယ့် သီလရဲ့ အကျိုးအာနိသင် ကုန်ပြီ ဟောစရာမရှိတော့ဘူးလို့ မဆိုနိုင်ပါဘူး၊ တတ်နိုင်သလောက်သာဟောကြ, ပြောကြ, ဖွင့်ကြရပါတယ်၊ သီလရဲ့အကျိုးအာနိသံကတော့ မကုန်ပါဘူး။

**ကုန်စင်အောင်မဟောနိုင်ပါ၊**

ဒါကြောင့် အင်မတန် စကားတတ်ပါတယ်လို့ နာမည်ကြီးတဲ့ အဋ္ဌကထာဆရာက "သီလရဲ့အကျိုးအာနိသင်အပိုင်းအခြားကို ဘယ်သူမှ ကုန်စင်အောင် မဟော, မပြောနိုင်ဘူး"လို့ သူကိုယ်တိုင်လည်း ကုန်စင်အောင် မဖွင့်ပြနိုင်ကြောင်း ဝန်ခံလိုက်ခြင်းဖြစ်ပါတယ်၊ ဟုတ်ပါတယ်၊ သူသာ ကုန်စင်အောင်ဖွင့်ပြနိုင်တယ်ဆိုယင် ဒီစကားကို သူဆိုမှာမဟုတ်ဘဲ ကုန်စင်အောင်ဖွင့်ပြသွားမှာပါပဲ၊ အခုတော့ ဘယ်သူမှ ကုန်စင်အောင် မဟော၊ မပြောနိုင်ပါဘူးတဲ့၊ လိုအပ်တဲ့ ဆောင်ပုဒ်ကိုလည်း ဆိုကြဦးစို့။

**ဆောင်ပုဒ်** ။

* သီလကိုကား၊ ကြဉ်ဖယ်ထား၊
မျိုးသားထောက်တည်ရာမရှိ။
* ထောက်တည်ရာရ၊ မျိုးလေးဝ၊
သီလမြေပမာ။
* သီလာနိသံသ၊ ဘယ်သူမှ ဟောပြ
မကုန်ပါ။

http://www.dhammadownload.com



၂။ န ဂင်္ဂါ ယမုနာ စာပိ၊
သရဘူ ဝါ သရဿတိ။
နိန္နဂါဝါ စိရဝတီ၊ မဟီဝါ ဝိမဟာနဒီ။
၃။ သက္ကုဏန္တိ ဝိသောဓေတုံ၊
တံ မလံ ဣဓ ပါဏိနံ။
ဝိသောဓယတိ သတ္တာနံ၊
ယံ ဝေ သီလဇလံ မလံ။

**ဣဓ**-ဤလောက၌၊ **သတ္တာနံ**-သတ္တဝါတို့၏၊ **ယံမလံ**-ကိလေသာဝဋ်ဘေး အကြင်အညစ်အကြေးကို၊ **သီလဇလံ**- ငါးပါး,ရှစ်ပါး,ဆယ်ပါးအနေ သီလတည်းဟူသောရေသည်၊ **ဝေ**-စင်စစ်၊ **ဝိသောဓယတိ**-သန့်ရှင်းဖြူစင် သုတ်သင်တတ်ပေ၏။ **ပါဏိနံ**-ကိလေသာ အညစ်အကြေး မစင်သေးရာ သတ္တဝါတို့၏၊ **တံမလံ**-မသန့်စင်သေး ထိုကိလေသာ အညစ်အကြေးကို၊ **ဂင်္ဂါ**-စီးဆင်းများထွေ ဂင်္ဂါရေသည်လည်းကောင်း၊ **ယမုနာစာပိ**- ယမုန မည်ပေ မြစ်ရေသည်လည်းကောင်း၊ **သရဿတိ**- တဟဲဟဲ အသံစီးဆင်းညံသော၊ **သရဘူဝါ**-သရဘူ အနေ မြစ်ရေသည်လည်းကောင်း၊ **အစိရဝတီ**-အစိရ ဝတီမည်သော၊ **နိန္နဂါဝါ**- အစဉ်စီးနေ မြစ်ရေ သည်လည်းကောင်း၊ **မဟီဝါဝိမဟာနဒီ**-မဟီ မည်ပေမြစ်ကြီးရေသည်လည်းကောင်း၊ **တောနဒီယော**- ဤမြစ်ကြီးငါးထွေ ရှိသမျှရေတို့သည်၊ **ဝိသောဓေတုံ**-ဖြူစင်သန့်ရှင်း သုတ်သင်ခြင်းငှါ၊ **နသက္ကုဏန္တိ**-လျှော်ချင်သလိုလျှော် ဖွပ်ချင်သလိုဖွပ် မတတ်နိုင်ကုန်သည်သာတည်း။

ဒီအဆိုကတော့ မြစ်ထဲဆင်းဆင်းပြီး ကိလေသာအညစ်အကြေးတွေ မျှောကြတဲ့လူတွေကို တိုက်ရိုက်ဆိုထားတဲ့ အဆိုနဲ့သိပ်တူတာပဲ၊ တချို့ ဘာသာတွေမှာ မြစ်ထဲဆင်းပြီး ကိလေသာမျှောပွဲ ပြုလုပ်တာတွေရှိတယ်၊ ဘုန်းကြီးတို့ ကိုယ်တိုင်တောင် မြင်ဖူးပါတယ်၊ ဧရာဝတီမြစ်ထဲ လူတွေတစ်ပြုံကြီးဆင်းဆင်းပြီး အတီးအမှုတ်တွေနဲ့ ရေချိုးကြတာကို ဒါတွေက ဘာလုပ်ကြတာလဲလို့ မေးကြည့်တဲ့အခါ "မြစ်ထဲဆင်းပြီး မြစ်ရေတွင် သူတို့မှာရှိနေတဲ့ ကိလေသာအညစ်အကြေးတွေကို မျှောပစ်ကြတာ"တဲ့ ဒီလိုပြောတယ်၊ "ဒါဖြင့်လည်း ကိလေသာစင်ကြယ်ဖို့ အလွယ်သားပဲ၊ တစ်ပျော်တစ်ပါး ရေချိုးရ၊ ကိလေသာတွေလည်းစင်ကြယ်တယ်ဆိုတော့ နေရာကျတာပေါ့" လို့ပြောလိုက်ရတယ်၊ ယုံကြည်နေသူတွေကတော့ ဒီလိုတစ်ပျော်တစ်ပါးကြီး မြစ်ထဲဆင်းပြီး ကိလေသာတွေ မြစ်ထဲမျှောလိုက်ယင် သူတို့မှာရှိတဲ့ ကိလေသာ အညစ်အကြေးတွေ စင်ကြယ်သွားတယ်လို့ ထင်ကြမှာပဲ၊ ဒါပေမယ့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာကတော့ "ကိလေသာအညစ်အကြေးတွေကို သီလတည်းဟူသော ရေနဲ့သာ သန့်ရှင်း ဖြူစင်အောင် ဆေးကြော သုတ်သင်နိုင်တယ်၊ မြစ်ကြီးငါးသွယ်မှာရှိတဲ့ ရေတွေနဲ့ ဘယ်လိုဆေးဆေး ဘယ်လိုသုတ်သင်သုတ်သင် ဖြူစင်အောင်မတတ်နိုင်ပါဘူး"တဲ့။

ဆောင်ပုဒ် ။

* ကိလေညစ်ပေ၊ သီလရေ၊
ဆေးလေစင်ကြယ်စွာ။
* မြစ်ကြီးငါးဆူ၊ ရေဖြင့်မူ၊
ဆေးသူမစင်ပါ။

၄။ န တံ သဇလဒါ ဝါတာ၊
န စာပိ ဟရိစန္ဒနံ။
နေဝ ဟာရာ န မဏယော၊
န စန္ဒကိရဏင်္ကုရာ။
၅။ သမယန္တီဓ သတ္တာနံ၊
ပရိဠာဟံ သုရက္ခိတံ။
ယံ သမေတိ ဣဒံ အရိယံ၊
သီလံ အစ္စန္တသီတလံ။

**သုရက္ခိတံ**-လုံခြုံထမြောက် မကျိုးပေါက်အောင် ကောင်းစွာ စောင့်ရှောက်အပ်သော၊ **အရိယံ**-သန့်ရှင်းကြည်လင် ဖြူလဲဖြူစင်သော၊ **အစ္စန္တသီတလံ**-နှလုံးစိတ်ထဲ စင်စစ်အေးလည်းအေးသော၊ **ဣဒံသီလံ**- ခြေခံမှန်လှ ဤသီလသည်၊ **ဣဓ**-လူ့ဘုံဘဝ ဤလောက၌၊ **သတ္တာနံ**-ငါသူစသွာ သတ္တဝါတို့၏၊ **ယံ ပရိဠာဟံ**- ရာဂစသည် ဝန်းလည်ထန်ပြင်း အကြင်ပူလောင်ခြင်းကို၊ **သမေတိ**-နှလုံးကြံ့ နိုင် ငြိမ်းစေနိုင်၏။ **တံပရိဠာဟံ**-ရာဂစသည် ဝန်းလည်ထန်ပြင်း ထိုပူလောင်ခြင်းကို၊ **သဇလဒါ**-ရေပေးသွန်းဖြိုး မိုးနှင့် တကွ ဖြစ်ကုန်သော။ **ဝါတာ**-

http://www.dhammadownload.com



တစ်မိမ့်မိမ့်လွမ်း ချမ်းအေးသောလေတို့သည်၊ **နသမယန္တိ**-ရာဂစသည် အရေးတွင် မအေးနိုင်ကုန်၊ **ဟရိစန္ဒနဥ္စပိ**- ဂေါသီတာမည် စန္ဒကူးရွှေသည်လည်း၊ **နသမယတိ**-သည်အရေးတွင် မအေးစေနိုင်၊ **ဟာရာ**-ကြည်လှဖြူထယ် ပုလဲသွယ်တို့သည်လည်း၊ **နေဝသမယန္တိ**-သည်အရေးတွင် မအေးစေနိုင်ကုန်၊ **မဏယောပိ**-စိမ်းစိုရောင်တောက် မြကျောက်တို့သည်လည်း၊ **နသမယန္တိ**-သည်အရေးတွင် မအေးစေနိုင်ကုန်၊ **စန္ဒကိရဏာကိုရာ**-ထိန်ဝါပဝင်း လမင်း၏ အလင်းဝံ့ဝံ့ ရောင်ခြည်ညွန့်တို့သည်လည်း၊ **နသမယန္တိ**- ရာဂစသည် ဤအရေးတွင် မအေးစေနိုင်ကြပေကုန်။

မကျိုးမပေါက်အောင် ကောင်းကောင်းမွန်မွန် ဆောက်တည် စောင့်ရှောက်ထားတာဖြစ်လို့ ဖြူလည်းဖြူစင်၊ အေးလည်းအေးချမ်းတဲ့ သီလဟာ ပုဂ္ဂိုလ်သတ္တဝါတို့ရဲ့ ရာဂစတဲ့ပူလောင်မှုတွေကို ငြိမ်းအေးစေနိုင်ပါတယ်-တဲ့၊ မိုးနဲ့ ရောပြီးပါလာတဲ့ လေအေးတို့ အေးပါတယ်ဆိုတဲ့ ဂေါသီတာစန္ဒကူးရွှေတို့, ပုလဲသွယ်တို့, မြကျောက်တို့, လရဲ့ရောင်ခြည်ညွန့်တို့ဆိုတာတွေဟာ ရာဂစတဲ့ ကိလေသာ ပူလောင်မှုကို မငြိမ်းအေးစေနိုင်ကြပါဘူးတဲ့။

ရာဂစတဲ့ ကိလေသာတွေဟာ ပုဂ္ဂိုလ်သတ္တဝါတို့ စိတ်သန္တာန်ကို ပူလောင်စေတတ်ပါတယ်။ ဒီ ကိလေသာတွေထဲက ရာဂတစ်ခုကိုပဲ ကြည့်ကြပါဦးစို့ရဲ့၊ ရာဂဆိုတာ တပ်စွဲမှု လောဘဖြစ်ပါတယ်။ အာရုံငါးပါးတွင် တစ်ပါးပါးကို တပ်စွဲလာပြီဆိုယင် တပ်စွဲတဲ့အတိုင်း ရလာယင်တစ်မျိုး မရပြန်ယင်တစ်မျိုး ပူပန်ရတာချည်းပဲ၊ ရလာပြန်တော့ မခွါနိုင်မခွာနိုင် ဒီအာရုံနဲ့ ကင်းရမှာကို ကြံဖန်တွေးတောပြီး ပူပန်နေတယ်။

## ငါးရံ့ပျာလူး၊

ဒီတပ်စွဲထားတဲ့ အာရုံနဲ့ကလည်း မကင်းမကွာ ဘဲမနေဘူး၊ တစ်ချိန်မှာတော့ ကင်းကွာရမှာက သေချာပါတယ်၊ ဒီလို တကယ် ကင်းကွာရပြီဆိုယင် "ငါးရံ့ ပျာလူး"မနေတတ်မထိုင်တတ် ဖြတ်ဖြတ်လူးနေတတ်ကြပါတယ်၊ တပ်စွဲတဲ့အတိုင်း မရပြန်ဘူးဆိုယင်လည်း ဒီအတိုင်း နေလို့ ထိုင်လို့ မဖြစ်ပြန်ဘူး၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် မရမနေ အားထုတ်တော့တာပဲ၊ ဒါဟာ ရာဂရဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို ပူလောင်စေတာဖြစ်ပါတယ်။ ဒီလို ရာဂစတဲ့ ကိလေသာတွေရဲ့ ပူလောင်မှုတွေကို သီလကသာ ငြိမ်းစေ နိုင်တယ်၊ တခြားလေအေးတို့၊ ဂေါသီတာစန္ဒကူးတို့ စတဲ့ တစ်စုံတစ်ခု အအေးဓာတ်တွေနဲ့ ငြိမ်းသတ်လို့ မငြိမ်းအေးနိုင်ပါဘူးတဲ့။

ဆောင်ပုဒ် ။

* ကိလေပူဘေး၊ ငြိမ်းအေးဖို့ရာ။
* သီလရေအေး ဖြန်းပေးမှသာ။
* ပကတိရေ-စ၊ ငြိမ်းမရပါ။
* ၄ကထာ မိန့်ဟ ဤသို့မှာ။

၆။ **သီလ ဂန္ဓသမော ဂန္ဓော၊**
**ကုတော နာမ ဘဝိဿတိ။**
**ယော သမံ အနုဝါတေ စ၊**
**ပဋိဝါတေ စ ဝါယတိ။**

**ယောဂန္ဓော**-ကြိုင်လှိုင်သင်းပျံ့ အကြင်မွှေးရနံ့သည်၊ **အနုဝါတေစ**- လေတိုက်ရာ တစ်လျှောက် လေ၏အောက်၌လည်းကောင်း၊ **ပဋိဝါတေစ**-လေကိုဆန်တက် လေအထက်၌လည်းကောင်း၊**သမံ**-လေ အောက်လေညာပျံကာ တစ်လျှောက် အနံ့ရောက်လျက်၊ **ဝါယတိ**-မွှေးတကြိုင်ကြိုင် ရနံ့လှိုင်၏။ **သီလဂန္ဓသမော**-သီလရနံ့နှင့် တစ်မျှတူသော၊ **တောဒိသော ဂန္ဓောနာမ**-ဤသို့ သင်းပျံ့ ရနံ့လှိုင်နှော မွှေးသောသဘောမည်သည်၊ **ကုတော ဘဝိဿတိ**-အဘယ်မှာလျှင် တုယှဉ်ပြိုင်ဘိ ရှိလိမ့်မည်နည်း၊ **နတ္ထိ**- ရှာလိုကရှာ မရှိပါ။

## လှသတင်း လှုချင်းဆောင်၊

သီလရနံ့ဆိုတာ ဒိပြင်ရနံ့တွေလိုမဟုတ်ဘူး၊ ဒိပြင်ရနံ့တွေက လေအောက်ကလူကိုသာ မွှေးနိုင်ကြတယ်၊ လေညာကိုဆန်တက်ပြီး လေအထက်က လူတွေကို မွှေးနိုင်စွမ်းမရှိကြဘူး၊ သီလဆိုတာ အနံ့မရှိပါဘူး၊ ရနံ့ရှိတဲ့ပန်း စသည်တို့ရဲ့ ရနံ့ကို ရနံ့မရှိတဲ့ သီလပေါ်မှာ တင်စားပြီး ထင်မှားအောင်ဆိုထားတာဖြစ်တယ်၊ တစ်နည်းက ပန်းစတဲ့ မွှေးကြိုင်တဲ့

http://www.dhammadownload.com



ရနံ့များဟာ လေယူရာပါပြီး အနံ့အပြား မွှေးကြိုင်သလို သီလသီတင်းဟာလည်း ပန်းသတင်း လေညှင်းဆောင် ဆိုတဲ့အတိုင်း သီလရှိတဲ့လူသတင်းကို လူချင်း ဆောင် သွားပြီး သတင်းကောင်း ပျံ့နှံ့သွားတာကို ဆိုထားတာ ဖြစ်ပါတယ်။

ပြီးတော့ သီလရနံ့နဲ့တူတဲ့ ရနံ့လည်းမရှိဘူး၊ သီလရနံ့က ဒိပြင်ရနံ့တွေထက် ပိုပြီးသင်းတယ်၊ ပိုပြီးပျံ့နှံ့တယ်ပေါ့၊ ဟုတ်ပါတယ်၊ ပန်းစတဲ့ ရနံ့ တွေက တော်တော်ကလေး အလှမ်းကွာသွားတယ် ဆိုယင် မသင်းနိုင်တော့ဘူး၊ သီလရနံ့ဆိုတာကတော့ လူတို့ပြည်မှာသာမက နတ်ပြည်၊ ဗြဟ္မာပြည်ထိအောင် ပျံ့နှံ့ နိုင်ပါတယ်၊ ဒါကြောင့် သီလရနံ့ကို ယှဉ်ပြိုင်နိုင် တဲ့ ရနံ့ဆိုတာ မရှိပါဘူးတဲ့။

**ဆောင်ပုဒ်** ။

* သီလရနံ့၊ သင်းသင်းပျံ့၊ အနံ့လေညာပါ။
* အခြားရနံ့၊ သင်းသင်းပျံ့၊ မနံ့လေညာမှာ။
* သီလနှင့်မူ၊ ရနံ့ဟူ၊ အတူမရှိပါ။

**၇။ သဂ္ဂါရောဟဏသောပါနံ၊**
**အညံ သီလသမံ ကုတော။**
**ဒွါရံဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။**

**သီလသမံ**-သီလနှင့်မျှ ယှဉ်ပြိုင်တူသော၊ **အညံ**- သီလမှတစ်ပါး အခြားသော၊ **သဂ္ဂါရောဟဏ သောပါနံ**- နတ်ရွာတက်လှမ်း မြတ်စောင်းတန်းသည်၊ **ကုတောအတ္ထိ**- ရှာလိုကရှာ အဘယ်မှာရှိပါအံ့ နည်း၊ **နိဗ္ဗာန နဂရဿ** - တစ်ဆယ့်တစ်သီးမီးတို့ငြိမ်းရာ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသာသို့၊ **ပဝေသနေပန** - ဖြောင့်တန်းသေချာ ဝင်ရောက်ရာ၌ကား၊ **အညံ** - သီလမှတစ်ပါး အခြားသော၊ **ဒွါရံဝါ** - တံခါး သည်လဲ၊ **ကုတောအတ္ထိ** - အဘယ်မှာ တိတိရှိပါအံ့ နည်း၊ **နတ္ထိဧဝ** - ကေန်တိတိ မရှိသည်သာ တည်း။

**ခပ်တိုင်းငံ ဆားလို၊**

နတ်ပြည်တက်ရောက်ဖို့ရာ သီလနှင့်တူတဲ့ စောင်းတန်းလှေကားဆိုတာ မရှိဘူး၊ ပြီးတော့ နိဗ္ဗာန် ကိုဝင်ရောက်ဖို့ရာ သီလနဲ့တူတဲ့ တံခါးဆိုတာလဲ မရှိဘူး၊ နတ်ပြည်ရောက်ဖို့ရာ သီလစောင်းတန်း လှေကားဟာ အကောင်းဆုံးပဲ၊ နိဗ္ဗာန်သို့ ဝင်ရောက်ဖို့ ရာ သီလတံခါးဟာ အကောင်းဆုံးပဲ-လို့ ဆိုလိုပါ တယ်။ သီလဆိုတာ အခြားကုသိုလ်ကောင်းမှုတို့ရဲ့ အခြေခံဖြစ်လို့ ခပ်တိုင်းငံဆားလို အခြားကုသိုလ် ကောင်းမှု တွေဟာ သီလမပါယင် ပေါ့ပျက်ပျက် ဖြစ်နေမှာပဲ၊ ဘယ်ကုသိုလ်ကောင်းမှုမျိုးကိုပဲပြုလုပ် ပြုလုပ်၊ သီလဟာ အင်မတန်လိုအပ်ပါတယ်၊ တစ်ခြား ကိုမကြည့်ပါနဲ့၊ သီလပျက်နေတဲ့ ဓမ္မကထိက တရားဟောပြီဆိုယင် တရားမို့သာနာရတယ်၊ စိတ်ထဲကပေါ့ပျက်ပျက်ကြီး လေးလေးနက်နက် မရှိလှဘူး၊ ဒီလိုပါပဲ၊ သီလအခြေ မပါတဲ့ ကုသိုလ် ကောင်းမှုဆိုယင်လည်း ကောင်းမှု ထမြောက်သွား သည်တိုင်အောင် လေးလေးနက်နက် မရှိလှပါဘူး။

**ဆောင်ပုဒ်** ။

* နတ်ပြည် နတ်နန်း တက်လှမ်းဖို့ရာ၊ နိဗ္ဗာန်တံခါး ဝင်သွားဖို့ပါ။
* စောင်းတန်းတံခါး၊ တက်ငြားဝင်ရာ၊ မြတ်သီလ ကောင်းလှမိန့်ခဲ့မှာ။

**၈။ သောဘန္တေဝံ န ရာဇာနော၊**
**မုတ္တာ မဏိ ဝိဘူသိတာ။**
**ယထာ သောဘန္တိ ယတိနော၊**
**သီလဘူသန ဘူသိတာ။**

**သီလဘူသနဘူသိတာ**-သီလတန်ဆာဖြင့် ကောင်းစွာ ပြုပြင်ဆင်ယင်အပ်ကုန်သော၊ **ယတိနော**- အဏုမြူသဖွယ် ငယ်သောအပြစ်ကိုမျှ ဘေးကြီးစွ-ဟု ရှုကြမြင်မြော် ရဟန်းတော်တို့သည်၊ **သောဘန္တိယထာ** - သန့်ရှင်းစင်ကြယ် တင့်တယ်ကုန်ဘိသကဲ့သို့၊ **ဧဝံ** - ဤနည်းပုံမှုအလားတူ၊ **မုတ္တာမဏိဝိဘူ သိတာ**- ပုလဲ ပတ္တမြားတို့ဖြင့် ဝတ်စားပြုပြင် ဆင်ယင်အပ်ကုန်သော၊ **ရာဇာနော** - လူတွင်ထင်ရှား မင်းအများတို့သည်၊ **န သောဘန္တိ** - မယှဉ်သာဖွယ် မတင့်တယ်ကုန်။

**ရှင်ဘုရင်ပုဆိုး ပိုးနဲ့၊**

ပုလဲ ပတ္တမြားတွေနဲ့ တန်ဆာဆင်ထားကြတဲ့ မင်းတွေဟာ သီလတန်ဆာဖြင့် တန်ဆာဆင်ထား တဲ့ သူတို့လောက် တင့်တယ်မှုမရှိကြပါဘူး-တဲ့၊ သီလ တန်ဆာဖြင့် တန်ဆာဆင်ထားကြတဲ့ ပုဂ္ဂိုလ်တွေက

http://www.dhammadownload.com



ပိုပြီးတင့်တယ်ကြတယ်လို့ ဆိုပါတယ်၊ လူတို့တွင် အတင့်တယ်ဆုံးဖြစ်ကြတဲ့ မင်းမြောက်တန်ဆာတွေ ဆင်ယင်ထားလို့ တင့်တယ်နေတဲ့မင်းနဲ့ သီလတန်ဆာ ဆင်ယင်ထားကြတဲ့ သီလရှိသူတို့ရဲ့ တင့်တယ်မှုကို နှိုင်း ယှဉ်ပြီး ဖော်ပြထားတာဖြစ်ပါတယ်။ မင်းဆိုတာ လူတို့တွင် အတင့်တယ်ဆုံး အထင်ရှားဆုံးပဲ "ရှင်ဘုရင် ပုဆိုး ပိုးနဲ့" ဆိုသလို လူ့ထက်လူ ဖြစ်နေတဲ့မင်း ဆိုတော့ တော်အောင် လျော်အောင် ဝတ်စားဆင်ယင် ထားရင်တောင်ပဲ အလိုလိုတင့်တယ်နေကြပါတယ်။

ပုလဲ၊ ပတ္တမြားစတဲ့ မင်းမြောက်တန်ဆာတွေနဲ့ ဆင်ယင်ထားတယ်ဆိုတော့ ပြောဖွယ်ရာမရှိဘူးပေါ့၊ ဒီလို ပြောဖွယ်ရာမရှိလောက်အောင် တင့်တယ်နေကြတဲ့ ဘုရင်မင်းမြတ်တွေဟာ သီလတန်ဆာ ဆင်ထားတဲ့ သီလရှိသူလောက် မတင့်တယ်ပါဘူး၊ ရှင်ဘုရင်ဟာ ဘာတွေကိုပဲ တန်ဆာဆင်ထားလို့ လူ့တို့လောကတွင် ဘယ်လောက်ပဲ တင့်တယ်နေနေ သီလမရှိရင် ဘယ် သူကမှ ကြည့်ချင်ကြမှာမဟုတ်ပါ ဘူး၊ ဘယ်သူ့စိတ် ထဲမှာမှ တင့်တယ်တယ်လို့လဲ မြင်ကြမှာ မဟုတ်ပါဘူး၊ သီလတန်ဆာနဲ့ တန်ဆာဆင် ပြင်ထားတဲ့သူကိုတော့ မြင်တဲ့သူ တော်ကောင်းတွေတိုင်း၊ နတ်တွေတိုင်း တင့်တယ်တဲ့အကြည့်နဲ့ ကြည့်ကြ ပြီးချစ်ကြ၊ ခင်ကြ၊ မြတ်နိုးကြပါတယ်။

ဆောင်ပုဒ် ။

* ပုလဲ ပတ္တမြား၊ ဝတ်ဆင်ထား၊ မင်းများ တင့်တယ်သည်။

* ထိုထက်သီလ၊ တန်ဆာက၊ ပိုလှတင့် တယ်သည်။

* စိမ်းပြာမဲဖြူ၊ ဝတ်စားဟူသည့်၊ လူတို့ တန်ဆာ၊ ရတနာကား၊ လျော်စွာဆင်လင်- ယော်သူတင့်လည်း၊ ကြီးရင့်တို့ဝယ်၊ မတင့် တယ်ခဲ့၊ ကြီးရွယ်ရင့်သူ၊ တင့်ကြွားမှုလည်း၊ ငယ်သူတို့မှာ၊ မတင့်ပါခဲ့၊ စင်စွာသန့်ရှင်း၊ ချေးညှော်ကင်းသည့်၊ နံ့သင်းသီလာ၊ မြတ် တန်ဆာကား၊ ရွယ်မှာမဟူ၊ ကြီးသူငယ်သူ၊ ရွယ်လတ်သူနှင့်၊ ဆင်မှုသွယ်သွယ်၊ လွန် တင့် တယ်သည်၊ ဆင်ဖွယ်မြတ်လှတန်ဆာတည်း။

* သီလရတနာ၊ မြတ်တန်ဆာကား၊ သတ္တဝါ ခပင်းမင်း၊ဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေး ပါးမျိုးနွယ်၊ ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်၏။

၉။ **အတ္တာနုဝါဒါဒိဘယံ၊**
**ဝိဒ္ဓံသယတိ သဗ္ဗသော။**
**ဇနေတိ ကိတ္တိံ ဟာသဉ္စ၊**
**သီလံ သီလ ဝတံ သဒါ။**

**သီလံ**-ဆင်တိုင်းတင့်လှ မြတ်သီလသည်၊ **သဒါ**-အခါခပ်သိမ်း၊ **သီလဝတံ**-သီလရှိသူတို့၏၊ **အတ္တနုဝါဒါဒိဘယံ**- အတ္တာနုဝါဒ စသည်အရေး ဘေးဟူသမျှကို(အာဒိ-ဖြင့်ပရာနုဝါဒ,ဒဏ္ဍ,ဒုဂ္ဂတိတို့ ကိုယူ) **သဗ္ဗသော**-အခြင်းခပ်သိမ်း၊ **ဝိဒ္ဓံသယတိ**- ဖယ်ရှင်းကင်းလပ် ဖျက်ဆီးတတ်၏၊ **သီလဝတံ**- တို့၏၊ **ကတ္တိံ** စ-ကောင်းလှသတင်း ကျော်စောခြင်း ကိုလည်း၊ **ဟာသဉ္စ**-စိတ်ထဲ ကြည်လင်ရွှင်ခြင်းကို လည်းကောင်း၊ **ဇနေတိ**-မလွဲတစေ ဖြစ်စေလေ၏။

သီလဆိုတာ သီလရှိသူတို့ မိမိကိုယ်မိမိ စွပ်စွဲမှု အတ္တာနုဝါဒဘေး၊ မိမိကိုသူတစ်ပါးတို့က စွပ်စွဲ မှု ပရာနုဝါဒဘေးကို ပယ်ဖျောက်နိုင်တယ်-တဲ့၊ အတ္တာနုဝါဒဘေးဆိုတာ သူတစ်ပါးတို့က စွပ်စွဲတာ မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် ပြန်ပြီး စွပ်စွဲတာ မျိုးဖြစ်တယ်၊ ဒီလို ကိုယ့်ဘာသာကိုယ် ပြန်ပြီးစွပ်စွဲ တယ်ဆိုတာ ကလည်း ဘေးတစ်မျိုးဖြစ်ပါတယ်၊ သူက ပရာနုဝါဒဘေးထက် ကြောက်စရာကောင်းတယ်။ ဘာကြောင့် လဲဆိုတော့ ကိုယ်ပြုလုပ်ထားတဲ့ မကောင်း မှုကို သူတစ်ပါးမသိပေမယ့် ပြုလုပ်သူ ကိုယ်တိုင် ကတော့ သိတယ်၊ ဒီတော့ "ငါဟာ ကောင်းတဲ့လူ မဟုတ်ဘူး၊ သူ့အသက်ကို သတ်ထားသူပဲ၊ ဒါမှ မဟုတ်၊ သူ့ဥစ္စာကို ခိုးထားသူပဲ"စသည်ဖြင့် မိမိကိုယ် ကိုမိမိ ပြန်ပြီးစွပ်စွဲတယ်၊ စွပ်စွဲတယ်ဆိုတာ စိတ်ထဲ ကဖြစ်ဖြစ် ပါးစပ် ကဖြစ်ဖြစ် (နှုတ်ကဖြစ်ဖြစ်) ပြောတာဖြစ်တယ်၊ ကိုယ်ပြုလုပ်တဲ့ မကောင်းမှုကို ခဏခဏလည်း စဉ်းစား မိနေတတ်တယ်၊ စဉ်းစားမိ တိုင်းလည်း စိတ်မကောင်းဖြစ်နေတော့တာပဲ။

## ငါမဟုတ်ပြီးတာဘဲ၊

ပရာနုဝါဒဘေးဆိုတာကတော့ မိမိကို သူတစ်ပါးက စွပ်စွဲတဲ့ဘေးဖြစ်တယ်၊ သူတစ်ပါးစွပ်စွဲ တာက စွပ်စွဲတဲ့အတိုင်း ဟုတ်ချင်မှဟုတ်မယ်၊ အချို့ ဒိဋ္ဌထင်ထင် သိမြင်တာမဟုတ်ဘဲလည်း အထင်နဲ့ ဟုတ် လောက်တယ်ဆိုပြီး စွပ်စွဲတာမျိုးလည်းရှိတယ်၊ မဟုတ်မှန်းသိလျက် မုန်းလို့ စွပ်စွဲတာမျိုးလည်းရှိတယ်၊ ဒီလို မဟုတ်ဘဲစွပ်စွဲတာမျိုးကို မခံချင်လို့ စိတ်ဆိုး

http://www.dhammadownload.com



ရင်သာ ခဏတဖြုတ် ဆိုးချင်ဆိုးမယ်၊ ကိုယ့်မှာ သူတို့ စွပ်စွဲတိုင်း မဟုတ်တာဆိုတော့ ဘာမှကိစ္စ မရှိဘူး၊ ကိုယ့်ဘာသာကိုယ် သန့်ရှင်းမှန်း ကိုယ်ကသိနေတာ ဖြစ်လို့ "သူဘယ်လိုပြောပြော ငါမဟုတ်ပြီးတာပဲ" ဆိုပြီးနေသာတယ်၊ ဒါကြောင့် ဒီပရာနုဝါဒဘေးက သူတို့ စွပ်စွဲတိုင်း ဟုတ်-မဟုတ်ကို ကိုယ်ကသိနေ တာဖြစ်လို့ စွပ်စွဲသလိုမဟုတ်ရင် ဘာမှကိစ္စမရှိဘူး၊ ကြောက်စရာ မလိုဘူး။

စွပ်စွဲတဲ့အတိုင်း ဟုတ်ယင်တော့ ပရာနုဝါဒ ဘေးသာမကဘူး၊ အတ္တာနုဝါဒဘေးပါ ပါလာတတ် တာဖြစ်လို့ ဟုတ်တဲ့အတိုင်း ပရာနုဝါဒဘေးဆိုက် ရောက်လာပြီဆိုယင် အတ္တာနုဝါဒဘေးလည်း ရောက်ပြီး ပါလာပြီဆိုတာမှတ်ပေရော့၊ ဒါကြောင့် ပရာနုဝါဒဘေးထက် အတ္တာနုဝါဒဘေးကပိုပြီး ကြောက်စရာ ကောင်းတယ်လို့ ဆိုတာပေါ့၊ အများအားဖြင့် မင်းဒဏ်ဆိုတဲ့ ဒဏ္ဍဘေးကိုလည်း ကင်းစေပါတယ်၊ ဒုဂ္ဂတိ ဘေးကင်းစေတာကတော့ ရှေ့နားကပြောခဲ့ပြီးမို့ ထင်ရှားနေပါပြီ။

သီလရှိသူဆိုတော့ မကောင်းမှုကို မပြုလုပ် ဘူး၊ ကိုယ်တိုင်ကလည်း မပြုမလုပ်တာကို သိနေတယ်၊ သူတစ်ပါးကလည်း ဒီလူသီလနဲ့လူဆိုတာသိကြတယ်၊ ဒီတော့ သီလရှိသူကို ဘယ်သူကမှ မကောင်းမှု နဲ့မစွပ်စွဲဘူး၊ မဟုတ်ဘဲနဲ့စွပ်စွဲလည်း မဟုတ်လို့ဘာမှ ကိစ္စမရှိဘူး၊ သီလက သီလရှိသူတို့အတွက် ဒီဘေး နှစ်ဘေးမျိုးကို ဖျက်ဆီးပေးတတ်တယ်၊ ဒါကြောင့် အဋ္ဌကထာဆရာက မိန့်ဆိုတာဖြစ်ပါတယ်။ ပြီးတော့ သီလကောင်းတဲ့သတင်း ကျော်စောခြင်းနဲ့ စိတ်ကြည် လင်ရွှင်ပြခြင်းကိုလည်း ဖြစ်ပါတယ်-တဲ့။

ဆောင်ပုဒ် ။

* စွပ်စွဲမည့်အရေး စသည်ဘေး၊
ဖျက်ပေးသီလက။

* ကျော်စောသတင်း၊စိတ်ကြည်လင်း၊
ဖြစ်ခြင်းသီလက။

၁၀။ ဂုဏာနံ မူလဘူတဿ၊
ဒေါသာနံ ဗလဃာတိနော။
ဣတိ သီလဿ ဝိညေယျံ၊
အာနိသံသ ကထာမုခံ။

**ဣတိ**-ဆိုအပ်ခဲ့သမျှ အဝဝသော ဤနည်း အားဖြင့်၊ **ဂုဏာနံ**-လောကီ လောကုတ္တရာ အဖြာဖြာ သော ဖြစ်လာအထူး ဂုဏ်ကျေးဇူးတို့၏၊ **မူလဘူ တဿ**-အခြေခံမြစ်ရင်း စင်စစ်တကယ် ဖြစ်၍ဖြစ် သော၊ **ဒေါသာနံ**-ကိလေသာအညစ် အပြစ်ဟူသမျှ တို့၏၊ **ဗလဃာတိနော**-ဝတ္တုကို လွန်ကျူးကျော်ရမ်း အစွမ်း ကိုလည်း ဖျက်ဆီးတတ်သော၊ **သီလဿ**- စောင့်ထိန်းအပ်လှသော မြတ်သီလ၏၊ **အာနိသံသ ကထာမုခံ**- အာနိသင်ကို ဆိုရာအချက် စကား အမြွက်ကို၊ **ဝိညေယျံ**-ဤ၌တွင်ဇေစပ် တစ်ရပ်အနေ သိအပ်ပေ၏။

အဋ္ဌကထာဆရာမြတ်က သီလရဲ့အကျိုး အာနိသံသတွေကို အတော်များများ ၉-ဂါထာဖြင့် ထုတ် ဖော်မိန့်ဆိုခဲ့ပါတယ်၊ ဒီလိုမိန့်ဆိုခဲ့တဲ့အတိုင်း လောကီ လောကုတ္တရာ ဂုဏ်ကျေးဇူးတို့ရဲ့ မူလဘူတ အခြေခံ အရင်းအမြစ်လည်းဖြစ်၊ ကိလေသာတို့ ကျူးလွန်နိုင်တဲ့ အားအစွမ်းကိုဖျက်လည်း ဖျက်ဆီး တတ်တဲ့ သီလရဲ့ အကျိုးအာနိသံသကို ဆိုရာစကား အမြွက်ကိုသိပါ-တဲ့၊ အဋ္ဌကထာဆရာက ဖော်ပြသင့် သလောက် ဖော်ပြ တဲ့သီလရဲ့ အကျိုးအာနိသံသ တွေဟာ ဒါအဆုံးပါပဲ၊ ကုန်စင်အောင် မည်သူမျှ မဖော်ပြနိုင်တဲ့ သီလအာနိ သံသပါလို့ ဆရာကိုယ်တိုင် ရှေ့နားက ပထမဂါထာတွင် ဖော်ပြခဲ့ပါတယ်၊ ဒါကြောင့် သူလည်းကုန်စင် အောင်ဖော်ပြနိုင်စွမ်း မရှိဘူးဆိုတာ အထူးပြောစရာမလိုပါဘူး၊ သူကုန်စင် အောင်ဖော်ပြနိုင်စွမ်းမရှိလို့လည်း သူဖော်ပြသမျှ သီလာနိသံသဟာ အမြွက်မျှသာပါတဲ့၊ ဒီအမြွက်စကား မျှကိုပဲ အမြွက်မျှလို့သိကြပါတဲ့။

ဆောင်ပုဒ် ။

* သီလာနိသင်၊ကုန်အောင်စင်၊ ရှင်ပင်မဟောနိုင်။

* အမြွက်လောက်ပြ၊ထုတ်ဖော်ပြ၊ ဤမျှဟော ကြားနိုင်။

သီလာနိသံသပြီး၏။

-----

**မဟာစည်ဩဝါဒါစရိယ ဘဒ္ဒန္တသံဝရ**
**ရေးသားတော်မူသော**
**"အမြိုက်ဓမ္မတရားတော်"စာအုပ်**
**စာမူခွင့်ပြုချက်အမှတ်-၄၇၈/၂၀၀၀(၇)မှ**
**ထုတ်နုတ်ပူဇော်ပါသည်။**

**စာတည်းချုပ်**

http://www.dhammadownload.com



# ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ
# နာယကဆရာတော်များအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်ကြီး
# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ ဗဟုဇနဟိတဓရ၊
# ဘဒ္ဒန္တဝါသဝ မဟာထေရ်ဟောကြားသော
# ''သောကကင်းဝေးနေနိုင်ရေး'' တရားတော်

ဒီကနေ့ ဘုန်းကြီးဟောကြားမည့် တရားတော်က **သောကကင်းဝေး နေနိုင်ရေး** တရားတော် ဖြစ်ပါတယ်။

သောကဆိုတာ ပါဠိစကားသုံးပါပဲ၊ မြန်မာလိုပြန်တော့ စိုးရိမ်ပူဆွေးခြင်းသဘောလို့ ဆိုလိုပါတယ်။ လူတွေဟာ ဒီစိုးရိမ်ပူဆွေးခြင်း၊ သဘောတရားတွေ မကြာခဏဖြစ်ပြီး ဆင်းရဲမှုဒုက္ခတွေ ခံနေကြရပါတယ်။

သက်မဲ့ သက်ရှိ အရာဝတ္ထုတွေ မရှိပြန်တော့လဲ တောင့်တပြီး ပူပန်မှုဖြစ်ရပြန်တယ်၊ ရှိလာပြန်တော့လဲ ပျက်စီးဆုံးရှုံးသွားမှာ စိုးရိမ်ကြောင့်ကြပြီးပူမှုတွေဖြစ်ရတယ်၊ မရှိတောင့်တ ရှိကြောင့်ကြလို့ လောက မှာသုံးနေကြတဲ့ အထက်မီး အောက် မီးပုံးလို ဖြစ်နေကြရပါတယ်။

ဒီနေရာမှာ သောကဖြစ်ကြောင်းတရား၊ သောကချုပ်ကြောင်းတရား၊ သောက၏ တရားကိုယ်များကို ခွဲခြားသိထားကြရမယ်၊ နောက်ဆုံးအချက် သောက၏ တရားကိုယ်ကို အရင်သိကြရအောင်၊ သောက၏ တရားကိုယ်က ဒေါမနဿ ခေါ်တဲ့ ဝေဒနာစေတသိက်တရားပါပဲ၊ သောကဖြစ်ကြောင်း တရားကတော့ -

ဉာတိဗျသန- ဆွေမျိုး မိဘပျက်စီးခြင်း၊ ဘောဂဗျသန-စီးပွားဥစ္စာပျက်စီးခြင်း၊ စသော ဗျသန တရားငါးပါး တစ်ပါးပါးကြောင့်လဲ သောကဖြစ်တတ်ပါတယ်။ နောက်ပြီးတော့ ကာမာသဝ၊ ဘဝါသဝ၊ စသောအာသဝတရား လေးပါးကြောင့်လဲ ဖြစ်ရတတ်ပါတယ်။

သောကချုပ်ကြောင်း ငြိမ်းကြောင်း တရားကတော့ "ဧကာယနမဂ္ဂ" လမ်းခွဲ လမ်းမှားမရှိ တစ်ကြောင်း တည်းသော လမ်းလို့ ခေါ်ဆိုရတဲ့ သတိပဋ္ဌာန်မဂ္ဂင်လမ်းကြောင်းပါပဲ၊ ဒီသတိပဋ္ဌာန်မဂ္ဂင် လမ်း ကြောင်းအတိုင်း လျှောက်သွားရင်

၁။ စိတ်ညစ် စိတ်နွမ်းမှုကိုလဲ ပယ်ဖျောက်ပြီး ကြည်လင်စေတယ်။

၂။ စိုးရိမ်ပူပန်မှုလည်း လွန်မြောက် ကျော်လွှားသွားနိုင်တယ်။

၃။ ငိုကြွေးပင်ပမ်းမှုကိုလဲ လွန်မြောက် သွားစေနိုင်တယ်။

၄။ ကိုယ်ထဲမှာ အနေဆိုး အခံရခက်တဲ့ ကာယိကဒုက္ခကိုလဲ ချုပ်ပျောက်စေနိုင်တယ်။

၅။ စိတ်ထဲမှာ အနေဆိုးပြီး အမျိုးမျိုး အခံရခက်တဲ့ စေတသိကဒေါမနဿကိုလဲ ချုပ်ငြိမ်းစေနိုင်တယ်။

၆။ အရိယာမဂ် (ဖိုလ်) ဉာဏ်ကိုလဲ ရစေနိုင်တယ်။

၇။ ဒုက္ခကင်းပြတ် အငြိမ်းဓာတ် နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုနိုင်တယ်။

ဒီအကျိုး (၇)မျိုး ရနိုင်ကြောင်းကို သတိပဋ္ဌာနသုတ်မှာ မြတ်ဗုဒ္ဓအရှင်က တရားကြေငြာချက်အဖြစ် ထုတ်ပြတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



ဒီ(၇)မျိုးထဲမှာ ၂ နံပါတ်ဖြစ်တဲ့ တရားကြေငြာချက်တွက် စိုးရိမ်ပူပန်မှုကို လွန်မြောက်ကျော်လွှား နိုင်တယ်ဆိုတဲ့ အချက်နဲ့ပတ်သက်လို့ သာဓကတစ်ခု ထုတ်ယူကြည့်ကြရအောင် တစ်ချိန်တွင် ရှင်တော် ဗုဒ္ဓသည် တောင်ငါးလုံး ကာခိုတဲ့ ရာဇဂြိုလ်မြို့ရဲ့ အနီး ဝါးတောမြတ်မွန် ဝေဠုဝန်ခေါ် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူစဉ် ရှင်တော်ဗုဒ္ဓ၏ ထံမှောက်သို့ ဒုက္ခသည် ကလေးတစ်ဦး ရောက်လာလေသည်။

ရောက်လျှင် ရောက်ခြင်း လျှောက်ထားခြင်း ပြုလိုက်သည်မှာ **သောကံ မေ ဘန္တေ နိဗ္ဗာပေထ** တဲ့။

ရှင်တော်မြတ်ဘုရား၊ တပည့်တော် အပူသည် ပါဘုရား၊ တပည့်တော်၏ အပူမီးကို ငြိမ်းပြီးပေး တော်မူပါဘုရားတဲ့၊ လူတစ်ခု ပူမှုရဲ့ ဆယ်ထွေမက အသချေ်ပါဟုပင် ဆိုရမည်လားမသိ၊ ပူလိုက်သည်ဖြစ်ခြင်း၊ နေဆယ်ဆူရင်မှာခွင်းသလို ပူလွန်းလှတဲ့အတွက် ရှင်တော်ဘုရားထံ ရောက်လာခြင်းဖြစ်ပါတယ်။

မှန်ပါတယ်၊ ပုထုဇဉ်လူသားတို့ရဲ့ သဘာဝဟာ သဘောကျစရာအာရုံကလေးတွေနဲ့ တွေ့နေတဲ့အခါ မှာဆိုရင် ကျောင်းကန်နား၊ သွားရမှန်းမသိ ဖြစ်တတ်ပြီး စိုးရိမ်သောက ဒုက္ခတစ်ခုခု ကျရောက်တွေ့ကြုံလာ မှသာ ကျောင်းကန်ရိပ် ခိုနားစိတ် ပေါက်လာတတ်သည်မှာ ဓမ္မတာပင်ဖြစ်ပါ၏။

ဗုဒ္ဓထံမှောက် ရောက်လာသူကား အခြားမဟုတ်၊ ရာဇဂြိုလ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မဟာရာဇာ၏ သားတော်ကလေးတစ်ပါးဖြစ်သူ အဘယရာဇကုမာရခေါ်တဲ့ မင်းသားကလေး ပင်ဖြစ်ပါ၏။ နာမည်ကတော့ အဘယ (မောင်ဘေးကင်းတဲ့) အခုမှာတော့ ဘေးမကင်းတဲ့အတွက် ဗုဒ္ဓထံမှောက် ရောက်လာခြင်းပါ။

အကြောင်းအရာက ဒီလိုပါ၊ ခမည်းတော် ဗိမ္ဗိသာရ မဟာရာဇာက အောင်ပွဲရလာတဲ့ သားတော် အဘယမင်းသားလေးအား ခုနစ်ရက် ခုနစ်လီ မင်းစည်းစိမ်များ ခံစားဘို့ ဆုတော်အဖြစ် အပ်နှင်းပေးလိုက်ရာ၊ မင်းသားကလေးဟာ ခုနစ်ရက်ပတ်လုံး နန်းတွင်းက နန်းပြင်မထွက်ပဲ နန်းစည်းစိမ်များ အပျော်အပါး တွေနဲ့ ခံစားကာနေခဲ့ပါတယ်။

ရှစ်ရက်မြောက်အရောက်မှာ အခွေအရံများနဲ့ အတူ ဥယျာဉ်တော်ထွက်ပြီး ပျော်ပွဲခံလေရာ အဆိုအကကောင်း ကချေသည်မလေး တစ်ဦးပါခေါ်ပြီး ကပွဲသဘင်ဆင်ယင်ကျင်းပ ပျော်ရွှင်နေကြတုန်းပင် မမျှော်လင့်သော မြင်ကွင်းတစ်ခု ကြုံတွေ့လိုက်ရပါတယ်။

မြင်ကွင်းကား ကချေသည်မလေး ခွေယိုင်လဲကျ သေပွဲဝင်သွားရတဲ့မြင်ကွင်းပါပဲ၊ ပူလိုက်သည်ဖြစ်ခြင်း ဒီနေရာမှာ ကျေးဇူးတော်ရှင် ကမ္ဘာ့သာသနာပြု မဟာစည်ဆရာတော် ဘုရားကြီး က ဒီလိုမိန့်ကြားခဲ့ပါတယ်။ နှစ်သက်နေတုံး ပျက်ဆုံးရှုံးနလုံးမသာဖြစ်ရသည်၊ ကာမသုတ္တန် ဒေသနာနဲ့ အညီ မိန့်တော်မူ ခြင်းပင်ဖြစ်ပါ၏။ ဒီအချက်မှာ မြင်ကွင်းနှစ်မျိုး ကွဲပြားမြင်ဘို့ လိုလှပါ သည်။

ယင်းမြင်ကွင်းနှစ်မျိုးကား –

(၁) လောကအနေမြင်ကွင်းတစ်မျိုး၊

(၂) ဓမ္မအနေမြင်ကွင်းတစ်မျိုး ဟု ဒီနှစ်မျိုးပင်ဖြစ်ပါ၏။ ထိုနှစ်မျိုးတွင်

၁။ လောကမြင်ကွင်း မြင်ကွက်ကတော့ အမျိုးသမီးကလေးပဲ၊ အမျိုးသားကလေးပဲ၊ လှ မလှ၊ ကောင်း မကောင်း ပုံဟန်ဒြပ်၊ ဂုဏ်သကပ်တွေနဲ့ တွဲပြီး ပြုံးချည်တစ်ခါ၊ မဲ့ချည်တစ်လှဲ့၊ ချဲ့ချင်သလောက်ချဲ့ပြီး ကြည့်တတ်၊ မြင်တတ်ကြလေသည်။

http://www.dhammadownload.com



၂။ ဓမ္မအနေမြင်ကွက် ကြည့်ကွက်အရဆိုလျှင် ဒီလိုမြင်သင့်၊ ကြည့်သင့်ပါ၏၊ "အရှိရုပ်နာမ် အသိမှန် နိဗ္ဗာန် ရနိုင်သည်" ဆိုတဲ့အချက်နဲ့၊ "အရှိတရား အသိမှား လွဲပြားနိဗ္ဗာန်ပြည် "ဆိုတဲ့ အချက်နှစ်ခုပါပဲ။

ဗုဒ္ဓအလို ဓမ္မမြင်ကွင်းနဲ့ကြည့်လိုက်က အရှိဟာ ရုပ်နဲ့နာမ်ပါပဲတဲ့၊ မှန်ပါသည်၊ ကချေသည် မလေးရဲ့ သန္တာန်မှာ ရှိနေတဲ့ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ ရုပ်တရားတွေနဲ့ မင်းသားလေးရဲ့ သန္တာန်မှာ ရှိနေတဲ့ မျက်စိအကြည် ရုပ်တရား၊ နားအကြည် ရုပ်တရားကိုပေါင်းဆုံ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အပွင့်ဓာတ် မြင်သိစိတ်၊ ကြားသိစိတ် နာမ်တရား ဒီရုပ်နာမ် တရား နှစ်ပါးကလွဲလို့ ဘာမှ အပို မရှိတော့ပါ။

အဲဒီ အရှိရုပ်နာမ်တရားတွေမှာက အမှတ်အသားလေး သုံးခုပါရှိပြီးဖြစ်ပါ၏။ ဥပ္ပါဒ– စ ဖြစ်မှု၊ ဌီတိ ခဏတည်နေမှု၊ ဘင်္ဂ–မကြာခင်ပျက်မှု၊ ဒီသုံးခု ပါပြီး အမှတ်အသားတွေကို ဓမ္မမြင်ကွင်း သွင်းပြီး မြင်အောင် ကြည့်ရမှာဖြစ်ပါတယ်။ ဒီလို မကြည့် တတ်တဲ့အတွက် သောကအပူ ဘလောင်ဆူပြီး ရှင်တော်ဗုဒ္ဓထံ ရောက်လာခြင်းဖြစ်ပါတယ်။

မဟာကရုဏာရှင် ဗုဒ္ဓကား ပုဂ္ဂိုလ်မရွေး လူမျိုးမရွေး၊ ဓမ္မရေအေးဖြင့် တိုက်ကျွေးမြဲ လမ်းစဉ်အရ မင်းသားလေးအား မြင်ကွင်းနှစ်မျိုးဖြင့် မြင်နေကြပုံကို ညွှန်ပြတော်မူပြီး သောကကင်းဝေး ချမ်းသာ ရေး လမ်းစဉ်တရားကို ညွှန်ပြတော်မူပါ၏။ ဒေသနာကား ထေပဿထိမ်လောက် စသည်ဖြစ်ပါတယ်။

ဒီဒေသနာတော်မှာ ကြည့်ရမြင်ရမဲ့နေရာကို ကြည့်ဘို့အတွက် ထေပဿထိမ်လောက် ဟုခေါ်တော်မူပြီး မိန့်လိုက်ပါတယ်။ ကြည့်ရမဲ့နေရာ ဘယ်နေရာလဲဆိုရင် ဣမံ လောကံ ဒီလောကခေါ်တဲ့ ခန္ဓာကြီး ပါပဲ၊ အဲဒီခန္ဓာက လောကခေါ်တဲ့ ရုပ်နာမ်ကို အများမြင်နေကြပုံက စိတ္တံ ရာဇရထူပမံ ဘုရင်၏ စီးတော်ရထား ကြီးလို မြင်နေကြပါ၏၊ ဘုရင်စီးတဲ့ ရထားဆိုတာ ဆေးရေးပန်းချီအမျိုးမျိုး၊ ကျောက်သံပတ္တမြား အဖုံဖုံနဲ့၊ ချယ်လှယ် မွမ်းမံထားလေတော့ အပေါ်ရံမြင်ကြည့်ပြီး လှပတင့်တယ်သည်လို့ပဲ ထင်မြင်နေကြတော့၏။ အပေါ်ရံရွှေမှုံကြဲ အထဲက နွားချေးခံဆိုတာလို အတွင်းခံ သစ်သားရုပ်တရား ဆွေးမြေ့ပျက်စီးမည့် သဘောတရားကို လားလားမှ မမြင်တော့ပါ၊ အဲဒီ အမြင်ကို ဗုဒ္ဓက ဗာလ အမြင်၊ အရှိအမှန်မမြင်ကြသေးတဲ့ ဗာလ ပုထုဇဉ်တို့၏ အမြင်ဖြစ်ကြောင်းကို ယတ္တဗာလဝိသီဒန္တိဟု ထပ်ဆင့် မိန့်တော်မူပါတယ်။ လောကအမြင်က ဒီအတိုင်းပင် မြင်နေကြပါတယ်။

ဒီနောက်မှာ ဆက်လက်၍ ဗုဒ္ဓအလို ဓမ္မအမြင်၊ မြင်တတ် ကြည့်တတ်ကြသူတို့မှာ အရှိရုပ်နာမ် အပေါ် အမြင်မှန်ပြီး ဖြစ်ချိန်မှာဖြစ်လာ ပျက်ချိန်ကျက တားမရတဲ့ အနိစ္စသဘာဝ အစစ်ဖြစ်တဲ့ ရုပ်နာမ် အပေါ်တွင် အခိုင်အမြဲထင်မြင်လျှက် နှစ်သက်စွဲလန်းမှုမဝင်ပဲ ဓမ္မအမြင် လမ်းစဉ်မှန်အတိုင်း မြင်ပုံကို မိန့်ကြားတော်မူလိုက်သောအခါ မင်းသားကလေးသည် သူ့ခန္ဓာတွင် လောကအမြင်မှ ဓမ္မအမြင်သို့ ကူးပြောင်း သိမြင်သွားတဲ့အတွက် ပူပန်မှု သောကကင်းပျောက်ပြီး သောတာပတ္တိ မဂ်ဖိုလ်သို့ ဆိုက်ရောက်ကာ ချမ်းသာ ရေး ဓမ္မလမ်းကြောင်းပေါ်သို့ ရောက်ရှိသွားပါပြီ၊ တရားနာသူများဖိုလ်လူတို့လဲ အရှိရုပ်နာမ်ကို အသိမှန် ရအောင် ရှုမှတ်နိုင်ကြ၍ သောကကင်းပျောက် မဂ်ဖိုလ် ချမ်းသာ လမ်းပေါက်နိုင်ကြပါစေသတည်း။

သာဓု ..... သာဓု ..... သာဓု ....

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**

http://www.dhammadownload.com



# ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော်များအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ဝိနယပါဠိပါရဂူ၊အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလမဟာထေရ် ဟောကြားတော်မူသော

# " သီလဝိသုဒ္ဓိတရားတော် "

ဒီနေ့ဟောကြားမယ့် တရားတော်ကတော့ ဝိသုဒ္ဓိ(၇)ပါးထဲက "သီလဝိသုဒ္ဓိ" တရားတော်ပဲ၊ အမြင့်အရပ်မှာရှိတဲ့ အရာဝတ္ထုကို ယူချင်လို့ရှိရင် လှေခါး စသည်တို့နဲ့ တက်ပြီးတော့ယူရပါတယ်။

အဲဒီလိုပါပဲ၊ အဆင့်မြင့် ဝိပဿနာတရားတွေ အားထုတ်ပြီးတော့ မဂ်ဖိုလ်ဉာဏ် ယူတော့မယ်ဆိုလို့ရှိရင်လဲပဲ ဝိသုဒ္ဓိဆိုတဲ့ လှေခါးနဲ့တက်ပြီးတော့ ယူရပါတယ်၊ အဲဒီဝိသုဒ္ဓိ(၇)မျိုးရှိပါတယ်၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ၊ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိ လို့ (၇)မျိုးရှိပါတယ်၊ အဲဒီ(၇)မျိုးထဲက ယနေ့ ဟောမယ့်ဟာကတော့ နံပါတ်(၁) သီလဝိသုဒ္ဓိတရားတော်ပဲ၊ နဂိုက တရားအားထုတ်မယ့် ပုဂ္ဂိုလ်တွေမှာ သီလရှိပေမယ့်လို့ အဲဒီသီလတွေက ကျိုးပေါက်ပြောက် ကျားမှုရှိချင်ရှိနေမယ်၊ အဲဒီလို သီလတွေ မလုံမခြုံ ဖြစ်နေရင် သမာဓိ ရဘို့ ဝိပဿနာဉာဏ်ဖြစ်ဖို့က မလွယ်ပါဘူး၊ ဒါကြောင့်မို့လို့ တရားအားထုတ်တော့ မယ်ဆိုရင် သီလစင်စင်ကြယ်ကြယ် လုပ်ရပါတယ်။

လူတွေဆိုလို့ရှိရင်လဲ သီလတွေထပ်ယူရတယ်၊ ရဟန်းတော်များဆိုလို့ရှိရင်လဲ ပါတိမောက္ခ သံဝရသီလတွေကောင်းမွန်အောင် မကျိုးမပေါက်အောင် ထိန်းသိမ်းထားရတယ်၊ အဲဒီလို မိမိတို့ ဆောက်တည်ထားတဲ့သီလ မပျက်မပြယ်စင်ကြယ်ပြီးတော့ နေတာကို သီလဝိသုဒ္ဓိ လို့ခေါ်ပါတယ်၊ အဲဒီသီလကလဲပဲ အမျိုးမျိုးရှိပါတယ်၊ ရိုးရိုး သီလရှိတယ်၊ အဲဒီထက်မြင့်မြတ်တဲ့ ဥပသီလရှိတယ်၊ အမြတ်ဆုံး ဖြစ်တဲ့ ပရမတ္တသီလ ဆိုတာရှိပါတယ်၊ ရိုးရိုးသီလဆိုတာကတော့ စီးပွားဥစ္စာတွေ ဥစ္စာပစ္စည်းတွေ ပျက် စီးချင်ပျက်စီးပစေ၊ သီလတော့ မပျက်စီးစေရ ဘူးဆိုတဲ့သဘောနဲ့၊ စောင့်ထိန်းတာကို ရိုးရိုးသီလစောင့်ထိန်းတယ် လို့ခေါ်ပါတယ်၊ အဲဒီထက် မြင့်မြတ်တဲ့ သီလစောင့်ထိန်း နည်း[illegible]မိမိခန္ဓာ ကိုယ်မှာရှိတဲ့ လက်,ခြေ, နား, နှာခေါင်း အစရှိတဲ့ ကိုယ်လက် အင်္ဂါတွေ ပျက်စီးချင်ပျက်စီးသွားပစေ၊ ကိုယ်လက် အင်္ဂါတွေ ဆုံးရှုံးချင်ဆုံးရှုံးပစေ၊ သီလကိုတော့ မပျက်စေရဘူးလို့ အဲဒီလို ကိုယ်လက်အင်္ဂါ အဆုံးရှုံးခံပြီးတော့ စောင့်ထိန်းတာကို ဥပသီလ မြင့် မြတ်တဲ့သီလ လို့ခေါ်ပါတယ်။

နောက် အမြတ်ဆုံးဖြစ်တဲ့ ပရမတ္တသီလဆိုတာကတော့ အသက်သေချင်သေပေစေ၊ သီလကိုတော့ မဖျက်ဘူးလို့ သီလကိုတော့ မကျိုးပေါက်စေရဘူးလို့ အဲဒီလို နှလုံး သွင်းပြီးတော့ စောင့်ထိန်း တာကို ပရမတ္တသီလ လို့ခေါ်ပါတယ်၊ဒီသီလသုံးမျိုးမှာ အညံ့စားဖြစ်တဲ့ ရိုးရိုးသီလဆောက်တည်ခြင်းဖြင့် ဖြစ်လေရာဘဝမှာ ဩဇာအာဏာရှိတဲ့ လူမင်း၊ လူမိဖုရားဘဝမျိုးတွေ ရနိုင်တယ်တဲ့၊ အလတ်စားဖြစ်တဲ့ ဥပသီလ ဖြင့် မြင့်မြတ်တဲ့ နတ်ဘဝမျိုးရနိုင်တယ်တဲ့၊ ပရမတ္တသီလ အရင်းတည်ပြီးတော့ တရားတွေ အားထုတ်လို့ရှိရင် မြင့်မြတ်တဲ့နိဗ္ဗာန်ကို လွယ်လွယ်ကူကူရနိုင်တယ်တဲ့၊ နောက်ပြီး တော့ သီလဆောက်တည်တဲ့ ပုဂ္ဂိုလ်တွေမှာ သီလ အကျိုးတရား ငါးပါး ဆိုလဲ ရသေးတယ်၊ အဲဒါတွေက ဘာတွေလဲဆိုတော့ ဤလောကမှာ သီလနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ မမေ့ မလျော့ခြင်းကို အကြောင်းပြုပြီးတော့ ယခုပစ္စုပ္ပန်ဘဝမှာ စီးပွားဥစ္စာ ပြည့်စုံ ချမ်းသာတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင် တယ်တဲ့၊ အဲဒါကတစ်ပါး။

နောက်တစ်ခုက သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရဲ့ ကောင်းမြတ်တဲ့သတင်းတွေဟာ ပြန့်လွှင့် သွားတတ်တယ်တဲ့၊ ဟုတ်တယ်၊ ပန်းသတင်းလေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်ဆိုတဲ့အတိုင်း ဘယ်ပုဂ္ဂိုလ်ဟာဖြင့် သီလ သမာဓိ ပြည့်စုံတယ်လို့ ကိုယ့်ရပ်ကွက်

http://www.dhammadownload.com



ကိုယ့်မြို့ ကိုယ့်ရွာမှာ ကျော်ကြားထင်ရှားမှုဆိုတာ ရှိနေတတ် ပါတယ်၊ အဲဒါ သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့ ကောင်းတဲ့ သတင်းတွေဟာ ပျံ့လွင့်သွားတတ်တယ်တဲ့၊ ဒါကတော့ နံပါတ်နှစ် အကျိုးနံပါတ်(၃)က သီလရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုပရိသတ် မျိုးပဲ ချဉ်းကပ် ချဉ်းကပ် ရဟန်းပရိသတ်ထဲ ပဲသွားရ မလား၊ မင်းပရိသတ်ထဲသွားရမလား၊ လူပရိသတ်ထဲသွားရမလား၊ ဘယ်လိုပရိသတ်ထဲသွားသွား၊ ရဲရဲ ရင့်ရင့် သွားရဲ တယ် တဲ့၊ အဲဒါဟာလဲ သီလပြည့်စုံသူရဲ့ အကျိုးပါပဲတဲ့၊ နံပါတ်(၄)ကတော့ သီလနဲ့ ပြည့်စုံ တဲ့ပုဂ္ဂိုလ် ဟာ သေခါနီးမှာ တွေတွေဝေဝေမဖြစ်ဘူးတဲ့၊ သေခါနီးတွေဝေတယ်ဆိုတာ သေခါနီးမှာ သတိတွေလစ်ပြီးတော့ ရှုးရှဲ ရှုးရှဲ နဲ့ အသက်ကြီးသာရှုပြီးတော့ တော် တော်နဲ့ မသေနိုင်ပဲ သတိလက်လွတ်ဖြစ်ပြီးတော့ မေ့မြောနေတာ မျိုးကို ဆိုလိုပါတယ်။ သီလနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကတော့ သေခါနီးမှာ မေ့မြောပြီးတော့ အကြာကြီးဖြစ် မနေဘူးတဲ့ သတိလက်လွတ်မဖြစ်ဘူးတဲ့၊

နောက်ပြီးတော့ နံပါတ်(၅)ကတော့ သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ သေသည့် အခါမှာ မှာင်ရဲဘဝတို့ တိရိစ္ဆာန်ဘဝတို့၊ ပြိတ္တာဘဝတို့ မရောက်ပဲနဲ့ ကောင်းရာ သုဂတိ နတ်ပြည်ကို ရောက်တယ်တဲ့၊အဲဒီ အကျိုးတရား ငါးပါးလဲ ရပါတယ်၊ နောက်ပြီးတော့ သီလဟာ အိုသည့်တိုင်အောင် ကောင်းမြတ်တဲ့ တရား ပဲတဲ့၊အိုမင်းမစွမ်းဖြစ်နေရင် တချို့က ဘာမှမကောင်းတော့ဘူးလို့ ပြောတတ်တယ်၊ မြတ်စွာဘုရားကတော့ သီလနဲ့ ပြည့်စုံရင် အိုသည့်တိုင်အောင် ကောင်းတယ်တဲ့၊ အိုသည့်တိုင်အောင်ကောင်းတဲ့ အဆင်း တန်ဆာဟာ သီလပဲတဲ့၊ ဒိပြင်မရှိဘူးတဲ့၊ ရှိုးရိုးလူတွေဆင်မြန်းတဲ့ အဆင်း တန်ဆာတွေ၊ အဝတ်အထည် တွေဆိုတာကတော့ သူ့အရွယ်အလိုက်ပဲ တင့်တယ်တာပဲ၊ ကလေးတွေဝတ်တဲ့ အဝတ်အစားတွေ၊ အဆင်းတန် ဆာတွေဟာ ကလေးတွေနဲ့ ပဲတင့်တယ်တယ်၊ လူလတ်ပိုင်းတွေဝတ်တဲ့အဝတ်အထည် အဆင်းတန်ဆာတွေဟာ လူလတ်ပိုင်းတွေနဲ့ပဲတင့်တယ်တယ်၊ လူကြီးဝတ်တဲ့ အဝတ်အထည် အဆင်းတန်ဆာ တွေဟာလဲပဲ လူကြီးတွေ နဲ့ပဲ လိုက်ဖက်ပါတယ်၊ အဲဒါတွေကို ဒိပြင်ပုဂ္ဂိုလ်တွေဝတ်လို့ မတင့်တယ်ပါဘူး၊ ကလေးလေးတွေဝတ်တဲ့ဟာ လူလတ်ပိုင်းတွေဝတ်လို့ မတင့်တယ်ဘူး၊ လူလတ်တွေဝတ်တဲ့ဟာလဲ လူကြီးတွေဝတ်လို့ မတင့်တယ်ဘူး၊ သူ့အရွယ် အလိုက်သာ အဲဒီ အဝတ်အထည် အဆင်းတန်ဆာတွေဟာ တင့်တယ်ကြတယ်တဲ့၊

သီလဆိုတဲ့ အဆင်း တန်ဆာကတော့ အဲဒီလို မဟုတ်ဘူး၊ သီလဆိုတဲ့ အဆင်းတန်ဆာကတော့ ကလေးတွေသီလစောင့်လဲပဲ ဘယ်သူ မှမကဲ့ရဲ့ဘူး၊ အားလုံးက ချီးကျူးကြမှာပါပဲ၊ လူလတ်ပိုင်း တွေသီလဆောက်တည်ရင်လဲ ဒါလဲကောင်းတာပါပဲ၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ သီလပြည့်စုံရင်လဲပဲ ဒို့အဖိုးက ဒို့အဖွားက သိပ်သီလမြဲတယ်နဲ့ အားလုံးကပဲ ဝမ်းမြောက်ဝမ်းသာ ချီးကျူးတတ်ကြပါတယ်၊ ဒါကြောင့် သီလ ဟာ အိုသည့် တိုင်အောင် ကောင်းတဲ့ တရားပါပဲ။

တစ်ခါ တုံးက သုဘလုလင်က မြတ်စွာဘုရား ကိုမေးတယ်၊ အရှင်ဂေါတမတဲ့၊အချို့သော ပုဂ္ဂိုလ်တွေ ကျန်းမာရေးကောင်းကြတယ်တဲ့၊ အချို့ပုဂ္ဂိုလ်တွေ ကျန်းမာရေး မကောင်းပါဘူးတဲ့၊ အဲဒါဘာဖြစ်လို့ ပါလဲလို့ မြတ်စွာဘုရားကို မေးတယ်။

ဒီတော့ မြတ်စွာဘုရားက သုဘလုလင်တဲ့ ဤလောကမှာ အချို့သော ပုဂ္ဂိုလ် တွေဟာ သီလစောင့်ထိန်းမှု မပြုကြဘူးတဲ့၊ ကိုယ်မှု နှုတ်မှု မကောင်းတာတွေ လုပ်ကြ တယ်တဲ့၊ ကိုယ်နဲ့ သူ့အသက်သတ်ခြင်း၊ ခိုးခြင်းစသည် လုပ်ကြတယ်၊ နှုတ်နဲ့လိမ် ပြောခြင်း၊ ဂုံးတိုက်ခြင်း၊ အစရှိသည်တွေလုပ်ကြတယ်၊ အဲဒီလို သူများတွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် ပြုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်လေရာဘဝမှာ ကျန်းမာရေးချို့တဲ့ပြီးတော့ ရောဂါဘယတွေထူပြော နေတတ်တယ်၊ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ကတော့ ကျန်းမာရေး တွေကောင်းတတ်တယ်လို့ အဲဒီလို မြတ်စွာဘုရား က ဖြေကြားပါတယ်၊ အဲဒါကြောင့် သီလဟာ ဖြစ်လေရာဘဝမှာ ကျန်းမာရေးကောင်းဖို့ အထောက်အပံ့လဲ ဖြစ်တယ်တဲ့၊ နောက်ပြီးတော့ "သီလံယောဂိဿ လင်္ကာတော" သီလဟာ ယောဂီပုဂ္ဂိုလ်ရဲ့ အဆင်း တန်ဆာဘဲ၊ ယောဂီဆိုတာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကိုခေါ်ပါတယ်၊ ရိုးရိုးလူတွေရဲ့ အဆင်းတန်ဆာ ကတော့ ပုတီး၊ နားဒေါင်း၊ လက်ကောက်၊ ရွှေ ငွေ စသည်တွေပါပဲ၊ ကောင်းမြတ်တဲ့ ပိုး၊ ဖဲ၊ ကတီပါ အစရှိ တဲ့ အဝတ်တန်းဆာတွေ ဒါတွေက ရိုးရိုးလူ တွေရဲ့ အဆင်း

http://www.dhammadownload.com



တန်ဆာပါပဲ၊ တရားအားထုတ်တဲ့ယောဂီ ပုဂ္ဂိုလ်ရဲ့ အဆင်းတန်ဆာက ဘာလဲ ဆိုတော့ သီလပါပဲတဲ့။

သီလက တရားအားထုတ်တဲ့ပုဂ္ဂိုလ်အတွက် အကောင်းဆုံး အဆင်းတန်ဆာ ပါပဲ၊ အဲဒီသီလဆိုတဲ့ အနံ့ဟာ ရှီးရှီး ပန်းရနံ့တွေနဲ့မတူဘူးတဲ့၊ ရှီးရှီး ပန်းရနံ့တွေဟာ လေသင့်ရာမှာသာမွှေးတယ်၊ လေညာကိုဆန်ပြီးတော့ မမွှေးဘူး၊ တောင်စလပ်ပန်းတို့၊ စပါယ်ပန်းတို့၊ ကြက်ရုံးပန်းတို့၊ အစရှိတဲ့ပန်းတွေဟာ လေအောက်ကိုသာမွှေး တယ်၊ လေညာကိုမမွှေးနိုင်ဘူး၊ သီလဆိုတဲ့ ပန်းကတော့ လေညာပါသွားပြီးတော့မွှေးနိုင်တယ်၊ ဒါကြောင့်မို့လို့ သီလဟာ လေညာတိုင်အောင်မွှေးတဲ့ အမွှေးနံ့တစ်ခုပဲလို့ ဆိုကြပါ တယ်၊ အဲဒီသီလနဲ့ပြည့်စုံနေတာဟာ ကောင်း တယ်တဲ့၊ သီလမပြည့်စုံပဲနဲ့ လူ့ဘဝ နှစ်ပေါင်းတစ်ရာလောက် အသက်ရှည်ခြင်းထက်၊ သီလပြည့်စုံပြီးတော့၊ တစ်ရက်လောက် အသက်ရှည်တာက ပိုမြတ်တယ်လို့ မြတ်စွာဘုရားက ချီးမွမ်းပါတယ်၊ "သီလ သမာ မရှိပါပဲ တစ်ရာအသက် ရှည်သည်ထက်လဲ တစ်ရက်လောက်မျှ မြတ်သီလနှင့် ပြည့်ဝ သူမှာ ဤလူ့ရွာ လွန်စွာမြင့်မြတ်သည်"တဲ့။

ဒီအကြောင်းကို မြတ်စွာဘုရားက သံကိစ္စသာမဏေ အကြောင်းကို ဟောကြား တော်မူပါတယ်၊ မြတ်စွာ ဘုရားသက်တော်ထင်ရှား ရှိစဉ်အခါတုံးက ရဟန်းတော် သုံးကျိပ်တို့ဟာ မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းယူပြီး တရားအားထုတ်ဘို့ စီစဉ်ကြတယ်၊ အဲဒီတော့ မြတ်စွာဘုရားက သင်တို့ဟာ ဘယ်နေရာမှာ သွားပြီး တရားအား ထုတ်ကြမလဲလို့မေးတော့ တပည့်တော်တို့ ဒီက ယူဇနာ(၁၂၀)လောက်ဝေးတဲ့ ရွာတစ်ရွာကို အမှီ ပြုပြီးတော့ အဲဒီတောမှာပဲ တရားအားထုတ်ဘို့ရာ အစီအစဉ် ရှိပါတယ်လို့ လျှောက်ကြတယ်၊ ဒီတော့ မြတ်စွာဘုရားက ဆင်ခြင်ကြည့်တဲ့အခါမှာ သူတို့သွားမဲ့ နေရာမှာ အန္တရာယ်ရှိနေတယ်၊ ဒီအန္တရာယ်ကို သံကိစ္စသာမဏေ မှသာလျှင် ကျော်လွှားနိုင်လိမ့်မယ်လို့ သိတော်မူတဲ့အတွက် မြတ်စွာဘုရားက ဒီလိုဆိုရင် သင်တို့ တရားအား ထုတ်သွားတဲ့အခါမှာ သင်တို့နောင်တော်ကြီး ရှင်သာရိပုတ္တရာ ထံဝင် သွားကြဦး၊ ဝင်ကန်တော့ကြဦးလို့ မှာလိုက်တယ်။

ဒါနဲ့ ရှင်သာရိပုတ္တရာထံသွားပြီးတော့ ကန်တော့ကြတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာက မေးတယ်၊ ငါ့ရှင် တို့ ဘာကိစ္စလာကြသလဲ၊ မှန်လှပါ၊ မြတ်စွာဘုရားက သင်တို့တရားသွားအားထုတ်ရင် နောင်တော်ကြီးကို ကန်တော့ပြီးမှ သွားကြဆိုလို့ တပည့်တော်တို့လာခဲ့ကြပါတယ်လို့ ဆိုတော့ ရှင်သာရိပုတ္တရာက ဆင်ခြင်ကြည့်တယ်၊ အဲဒီလို ဆင်ခြင်ကြည့်တဲ့အခါကျမှ မြတ်စွာဘုရားက သံကိစ္စသာမဏေကို ထည့်စေ လိုတယ်လို့ စိတ်ထဲမှာ သိလာတယ်။

သံကိစ္စသာမဏေဆိုတာ ရှင်သာရိပုတ္တရာရဲ့ တပည့် (၇)နှစ်သား ရဟန္တာပုဂ္ဂိုလ် လေးပါပဲ၊ သူ့ကို နဂိုက ရှင်သာရိပုတ္တရာ အလုပ်အကျွေးသူဌေးသမီး တစ်ယောက်ရဲ့ ဝမ်းမှာ ပဋိသန္ဓေတည်ခဲ့တယ်၊ အဲဒီ ကလေးလေး ပဋိသန္ဓေရက်တွင်းမှာရှိတုံးမှာပဲ မိခင်ဖြစ်တဲ့ပုဂ္ဂိုလ်သေဆုံးသွားရော၊ ဒါနဲ့အလောင်းကို သုသန်ထုတ် မီးရှို့ကြ တဲ့အခါမှာ ဒီပြင်အသားတွေတော့ လောင်တယ်တဲ့၊ ဝမ်းဗိုက်သားကြီးက မလောင်ပဲ ဖြစ်နေတယ်တဲ့၊ ဒါနဲ့ ညနေ ကျတော့ မီးရှို့တဲ့ပုဂ္ဂိုလ်တွေက တံဆူးဝါးနဲ့ ဝမ်းဗိုက်ကို ထိုးဖောက်ကြတော့ အဲဒီ ကလေးရဲ့ မျက်စိဒေါင့်နား နည်းနည်းပွတ်ထိုးမိသွားတယ်၊ ဒါကြောင့်မို့လို့ နောင်အခါကျတော့ သံကိစ္စလို့နာမည်ရတယ်၊ အဲဒီလို အလောင်းမှာ ကျန်နေတဲ့ အသားတုံးကြီးကို မီးတွေဘာတွေရှို့ပြီးတော့ မနက်ကျမှပဲ လာကြည့်ကြ မယ်ကွာဆိုပြီး ပြန်သွားကြ တယ်။

နောက်တနေ့မနက် လာကြည့်တဲ့အခါကျတော့ အဲဒီမီးပုံပေါ်မှာ ကလေးလေး တွေ့တယ်တဲ့၊ ဟာ– ဒီကလေးလေးဟာ မီးမလောင်ဘူး၊ အသားတွေ အကုန်လုံး မီးလောင်သွားတာ ဒီကလေးမီးမလောင်ဘူး၊ အံ့ဩ စရာအတော်ကောင်းတယ်၊ ဆိုပြီးတော့ အဲဒီ ကလေးလေးကို ယူသွားပြီးတော့ သူ့ဆွေမျိုးတွေဆီပေးတယ်၊ ဒါနဲ့ သူ့ဆွေ မျိုးတွေက ဒီကလေးလေးကို တဖြည်းဖြည်းမွေးမြူကြတာပေါ့ လေ၊တနေ့တော့ ဒီကလေးလေး နဲ့ပတ်သက်ပြီး၊ ဗေဒင်ဆရာမေးကြည့်တော့ ဗေဒင်ဆရာက ဒီကလေးကို မွေးစား ထားရင် ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက် မွဲလိမ့်မယ်၊ တကယ်လို့ ဒီကလေးဟာ သာသနာ့ဘောင်မှာ သာသနာ့ဝန်ထမ်း လုပ်လို့ရှိရင်တော့ နောက်ပါအခြွေ အရံတွေနဲ့ တကွ သာသနာမှာ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ဖြစ်လိမ့်မယ်လို့ ဗေဒင်ဆရာတွေက ဟောကြတယ်တဲ့။

http://www.dhammadownload.com



ဒီလိုနဲ့ အဲဒီကလေးလေးကို ပြုစုစောင့်ရှောက်ပြီး အတော်လေး ပြေးနိုင် လွှားနိုင် ကစားနိုင်တဲ့ အရွယ်ကျတော့ ကလေးတို့ဘာဝ ကစားကြတဲ့အခါမှာ ဒီပြင်ကလေးတွေက ရှုံးကြတယ်၊ ရှုံးတော့ ဒီကောင်သေတွင်းထွက်က ငယ်ငယ်ထဲက သေသွားရင် အေးတယ်၊ သေတွင်းထွက်က တို့ချည်းနိုင်နေတာပဲနဲ့ ပြောကြတော့ အဲဒီကောင်လေးက ငါ့ကို သေတွင်းထွက်လို့ ဟိုကောင်တွေကပြောတယ်၊ သေတွင်းထွက်ဆိုတာ ဘယ် လိုဟာပါလိမ့်မလဲ၊ ဒေါ်ဒေါ်တို့ကို မေးကြည့်ဦးမှပဲလို့ဆိုပြီး သူ့အဒေါ်တွေ ကိုမေး ကြည့်တော့ ခုန အကြောင်း တွေပြောပြတာကို၊ မီးလောင်လို့ မသေတဲ့ အကြောင်း ပြောပြတော့ သူက အတော်သံဝေဂဖြစ်တယ်၊ အော်– ငါ့ဘဝဟာ ကံကောင်းလို့ လူ့ဘဝရတာ၊ ငယ်ငယ်ကများ မီးလောင်သေဆုံးသွားရင် ငါလူ့ဘဝ ရမှာတောင် မဟုတ်ဘူး၊ ဒါကြောင့် ဒီလောက်တောင် ခဲခဲယဉ်းယဉ်း ရတဲ့ ဘဝကို ငါအလဟဿ မဖြစ်စေတော့ဘူး၊ သံသရာ လွတ်မြောက်ကြောင်း အလုပ်တွေ လုပ်ဖို့ ငါသာသနာ့ဘောင် ဝင်တော့ မယ် ဆိုပြီး သူ့ဒေါ်ဒေါ်တွေပြောတော့ သူ့ဒေါ်ဒေါ်တွေကလဲ သဘောကျတယ်၊ ဒါနဲ့ရှင်သာရိပုတ္တရာထံအပ်တယ်။

အဲဒီလိုနဲ့ ရှင်သာရိပုတ္တရာထံ ရောက်တဲ့အခါကြတော့ ရှင်သာရိပုတ္တရာက ကမ္မဋ္ဌာန်းပေးပြီးတော့ ခေါင်း ရိတ်တဲ့အခါမှာ တရားတွေရှုမှတ်ပွားများရင်းနဲ့ ခေါင်းရိတ် ဆုံးတဲ့အခါမှာ ရဟန္တာဖြစ်တယ်တဲ့ အဲဒီကိုယ်တော် လေးပါပဲ။

ရှင်သာရိပုတ္တရာက အဲဒီလိုဆိုရင် ငါ့ရှင်တို့ သင်တို့မှာ ကပ္ပိယ ကိုရင်ပါလား ဆိုတော့ မပါသေးတဲ့ အကြောင်းလျှောက်ကြတယ်၊ ဒီလိုဆိုလို့ရှိရင် သံကိစ္စ သာမဏေ ကိုခေါ်သွားကြဆိုတော့၊ ဟာ–ကိုရင် ပေါက်စ လေး တပည့်တော်တို့ မခေါ်ချင်ပါဘူး ဘုရား၊ မခေါ်ချင်လို့ဘယ်ဖြစ်မလဲ မြတ်စွာဘုရားက ဒါကြောင့် ငါ့ဆီလွှတ်လိုက်တာ၊ ဒါကြောင့် ကိုရင်သံကိစ္စကို ခေါ်သွားကြ ဆိုတာနဲ့ သူတို့လဲ ခေါ်သွားကြတယ်။

အဲဒီလိုနဲ့ ခုန ယူဇနာ (၁၂၀)လောက်ဝေးတဲ့ ရွာကြီးနားက တောတစ်ခုမှာ အမိုပြုပြီးတော့ တရားအားထုတ်နေကြတယ်၊ ဒီလိုတရား အားထုတ်နေတဲ့ အခါမှာ ရဟန်းတော်တွေအတွက် အန္တရာယ်တစ်ခု ပေါ်လာတယ်တဲ့၊ ဘာလဲဆိုတော့ ခိုးသား တွေက တခါထဲသူတို့ရဲ့ဓားပြတိုက်မှု ခိုးမှုကိစ္စတွေ အောင်မြင်ရေး အတွက် လူတစ် ယောက်ရဲ့ လည်ချောင်းသွေးနဲ့ ယစ်ပူဇော်မယ် ဆိုပြီးတော့ ကြံကြရင်းကနေ ရဟန်းတော်တွေ ဆီလာပြီးတော့ တောင်းကြတယ်၊ အရှင်ဘုရားတို့ တပည့်တော်တို့ ယဇ်ပူဇော်ချင်လို့ ဒီထဲက ရဟန်းတစ်ပါး လောက်လိုချင်ပါတယ်ဆိုတော့ အဲဒီတော့ အကြီး ဆုံးဖြစ်တဲ့ မထေရ်ကြီးက ဒါငါ့တာဝန်ပဲ ဒီတော့ ညီတော်တို့ ချမ်းချမ်းသာသာနေကြ၊ ငါလိုက်သွားမယ်လို့ပြောတယ်၊ အဲဒီတော့ ဒုတိယ မထေရ်က နောင်ကြီးမလိုက်နဲ့ နောင် တော်ကြီးလိုက်လို့ရှိရင် ခေါင်းဆောင်မရှိလို့ ဒုက္ခရောက်ကုန်မှာပေါ့၊ တပည့်တော် လိုက်မယ်၊ တပည့်တော်အသေခံမယ်၊ တတိယကိုယ်တော်က နောင်တော်မလိုက်နဲ့ ငါလိုက်မယ်နဲ့ အဲဒီလို သူလိုက်မယ် ငါလိုက်မယ်ဖြစ်နေ တာနဲ့ ကိုရင်သံကိစ္စက အရှင်ဘုရားတို့ မလိုက်ကြနဲ့ဘုရား၊ တပည့်တော်တာဝန်ပါ၊ ဒီနေရာတပည့်တော်လိုက်ရမှာ၊ ကိုရင်လိုက်လို့ဘယ်ဖြစ်မလဲ ကိုရင်တော့ ထည့်လိုက်ပြီးတော့ သူတို့တော့ အလွတ် နေကြတယ်လို့ ဒို့ကို ကဲ့ရဲ့မယ်၊ ကိုရင်လိုက်လို့မဖြစ်ဘူး၊ ဖြစ်ပါတယ်ဘုရား၊ဒီကိစ္စအတွက် တပည့်တော်လိုက်လာတာ၊ အရှင်ဘုရားများ ကြောင့်ကြမဖြစ်ပါနဲ့ တပည့်တော်လိုက်သွားပါမယ်ဆိုပြီးတော့ လိုက်သွားတယ်၊ အဲဒီတော့ ဓားပြဗိုလ်ကြီးကို ရဟန်းတော် အကြီးအကဲကမှာတယ်၊ ကိုရင်လေးက ငယ်ပါတယ်ကွယ် သူ့ကိုဓားကြီးတွေပြလား ဘာလား မလုပ်ပါနဲ့၊ အဲဒါကြောင့်မို့လို့ သူ့ကို သင့်တင့်တဲ့ နေရာမှာ ထားပါ၊ ကြောက်လန့်နေပါ့မယ်လို့ မှာလိုက်တယ်၊ သူကလဲ ရဟန္တာမှန်းမသိဘူး။

ဒါနဲ့ ခိုးသားဓားပြတွေကခေါ်ပြီးတော့ ဟိုရောက်တော့ကိုရင်လေးကို သစ်ပင်ရိပ် မှာထား၊ ကိုရင်လေး ငယ်ငယ် ဆိုတော့ ကြိုးတွေဘာတွေနဲ့တုပ်မထားပါဘူး၊ ကိုရင်က လဲပဲ အဲဒီသစ်ပင်ရိပ်မှာ ဖလသမာပတ် ဝင်စား ပြီးတော့နေတယ်တဲ့၊ အဲဒီအချိန်မှာ ခိုးသားဓားပြတွေက ဓားတွေသွေးကြ၊ ထင်းတွေ ဘာတွေပုံကြပြီးတော့ ဓားပြ ဗိုလ်ကြီးက အဲဒီဓားကြီးနဲ့ ကိုရင်ရဲ့လည်ပင်းကိုခုတ်ချလိုက်တယ်၊ ကိုရင်က ဖလသမာပတ် ဝင်စား နေတဲ့အချိန် ဆိုတော့ ဓားကြီးက ဒိုင်းဆိုမြည်ပြီးတော့ ဓားကြီးကကွေးသွားတယ်တဲ့၊ ကွေးသွားတော့ ဘာဖြစ်ပါလိမ့်ဆိုပြီး ဓားကြီး ဖြောင့်ပြီး

http://www.dhammadownload.com



တော့ ဒုတိယအကြိမ် ခုတ်လိုက်တယ်၊ ခုတ်လိုက်တာနဲ့ ဓားကြီးက ဒုံဆိုမြည်ပြီးတော့ ကော့သွားပြန်တယ်၊ ဒီတော့မှ ဓားပြဗိုလ်ကြီးက ဘယ့်နှယ်လဲ အရင်တုံးက ငါ့ဓားဟာ သံမကောင်းတဲ့ဓားနဲ့များ ယှဉ်ခုတ်ရင် သံညှံ့တဲ့ ဓါးတွေတောင်ပြတ်ကုန်ပါတယ်၊ ခု ဒီကိုရင် လေးခုတ်တာနဲ့ ငါ့ဓား ဘေးကွေးလိုက်၊ နောက် ကော့ လိုက်နဲ့ ဘယ်လိုဖြစ်တာလဲ၊ ပြီးတော့ အသေ တာခံမယ့် ကိုရင်ကလဲ ခါတိုင်းလူတွေလို မဟုတ်ဘူး၊ ခါတိုင်းလူ တွေများ သတ်ရင် ငိုကြ ယိုကြ ထပြီး ရှိခိုးကြ တောင်းပန်ကြ ဒီကိုရင်ကတော့ တယ်ငြိမ်သက်ချက် ကောင်းပါလား ဆိုပြီး ကိုရင်လှုပ်ပြီးတော့ ကိုရင် ကိုရင် ကိုရင်ကိုလေ ဟောဒီဓားကြီးနဲ့ခုတ်တာ ကိုရင် သေရမှာ မကြောက်ဘူးလား၊ ကိုရင်ကြည့်ရတာ သေရမှာလဲ ကြောက်ပုံမရပါဘူး၊ ကိုရင်မျက်နှာ သွင်ပြင်က အလွန် အင်မတန်ကြည်လင်တယ်၊ ဣန္ဒြေဟာ အလွန် အင်မ တန် စင်ကြယ်တယ်၊ ကိုရင် သေရမှာ မကြောက်ဘူး လားလို့အဲဒီလိုမေးတယ်။

အဲဒီလိုမေးတော့ ကိုရင်က ဟာ–ငါတို့လို ရဟန္တာပုဂ္ဂိုလ်မှာ သေရမှာ မကြောက်ဘူး၊ ဒီခန္ဓာကိုယ်ကြီးဟာ ဝန်ထုပ်ဝန်ပိုးကြီးပဲ၊ သူ့ကို နေ့တိုင်းပြုစု ကျွေးမွေး လုပ်နေရတာဟာ၊ အတော်ဒုက္ခရောက်တယ်၊ ဒီခန္ဓာကိုယ်ကြီး ပြစ်ချရတဲ့နေ့ဟာ ဒို့အတွက် ချမ်းသာတဲ့နေ့ပါပဲ၊ ဒါကြောင့် ငါတို့လို ရဟန်းပုဂ္ဂိုလ်မျိုးမှာ စိတ်ဆင်းရဲ တယ်ဆို တာ၊ ကြောက်တယ်၊ လန့်တယ် ဆိုတာမရှိပါဘူး၊ လို့ပြောတော့မှ ရဟန္တာ ပုဂ္ဂိုလ်ဆိုပဲ၊ ရဟန္တာရဲ့ ဂုဏ်ကျေးဇူးကို ဒီအသက်မရှိတဲ့ ဓားကြီးက မှသိသေးတယ်၊ ငါဟာ အသိစိတ်ရှိတဲ့လူ လုပ်နေပြီးတော့ ရဟန္တာရဲ့ ဂုဏ်ကျေးဇူး ကိုမသိ၊ ငါမှား ကုန်ပြီ ဆိုပြီးတော့ဓားကြီးပြစ်ချပြီးတော့ ကိုရင်ကို ဦးချ တောင်းပန်တယ်၊ နောက်ပြီး တော့ တပည့် တော်လဲပဲဒီမှာပဲ သီလတွေ စောင့်ထိန်းပြီးတော့ ကိုရင်ဝတ်ပါရစေဘုရား၊ ဒီခိုးမှု၊ တိုက်မှု အလုပ်တွေမလုပ် ပါရစေနဲ့ တော့လို့ဆိုတော့ သူ့တပည့်တွေက ဆရာ ဘာလုပ်မလို့လဲတဲ့၊ ငါတော့ ခိုးမှု တိုက်မှုတွေ မလုပ်တော့ဘူး၊ ကိုရင်ဝတ် တော့မယ်၊ အဲဒီလိုဆိုရင်လဲ ကျွန်တော်တို့လဲ ကိုရင်ဝတ်တော့မယ်ဆိုပြီး တောင်းပန် ကြတယ်၊ အဲဒီတော့မှ ကိုရင်သံကိစ္စက အားလုံးသောသူခိုး ဓားပြတွေ တောထဲမှာပဲ သူတို့ ငှက်ကြီးတောင် ဓားတွေနဲ့ ပြတ်အောင်သွေး ခေါင်းရိတ်ခိုင်းပြီးတော့ အဝတ်တွေ ကိုသစ်ခေါက်ဆိုးဝတ်စေပြီးတော့ ကိုရင်ဝတ် (၁၀)ပါး သီလ ပေးလိုက်တယ်၊ အဲဒီအဖွဲ့ကြီးနဲ့သူဟာ ပြန်သွားပြီးတော့ ရဟန်းတော်တွေလဲပြောပြတယ်၊ သူမသေတဲ့ အကြောင်း အားလုံးသောခိုးသားဓားပြတွေ ကိုရင်ဝတ်ကြတဲ့အကြောင်းပြောပြတယ်၊

အဲဒါကြောင့် ရဟန်းတော်တွေက ရှင်သာရိပုတ္တရာ ဆီသွားအုံး သူတို့တွေ့ရင် ဘယ်လောက်များဝမ်း သာကြမလဲဆိုတော့ အဲဒီ ရှင်သာရိပုတ္တရာဆီလဲသွား၊ ရှင်သာရိ ပုတ္တရာကလဲ မောင်သံကိစ္စ တပည့်တွေများသား ပါလား၊ မှန်လှပါ၊ ခိုးသားတွေဟာ တပည့်တော်ဆီမှာ အားလုံးကိုရင်ဝတ်ကြပါတယ် ဘုရား၊ အေးကောင်းတယ်၊ မြတ်စွာ ဘုရားဆီသွားကန်တော့ကြ ဆိုတော့၊ မြတ်စွာဘုရားဆီသွား ကန်တော့ တော့ မြတ်စွာဘုရားက ကိုရင် သံကိစ္စတပည့်တွေ တယ်များပါလား၊ မှန်လှပါ၊ ခိုးသားတွေ တပည့်တော်ဆီမှာ အားလုံး(၁၀)ပါးသီလယူပြီး ကိုရင်ဝတ်ကြတယ်ဘုရားလို့ လျှောက်တော့၊ အေးအေး ကောင်းတယ်၊ ခိုးသားဓားပြတို့ အရင်တုံးက သင်တို့ဟာ သီလ သမာဓိ မရှိပဲနဲ့ နှစ်ပေါင်းများစွာ အသက်ရှည်ကြပြီး၊ အဲဒါဟာ အလကားပဲ၊ ခုသင် တို့ကိုယ်တိုင်လဲ သီလ ပြည့်ပြည့်စုံစုံ သင်တို့ဆရာကလဲ သီလပြည့်ပြည့်စုံစုံနဲ့ အဲဒီလို တစ်ရက်လောက် အသက်ရှည်တာက ပိုမြတ်တယ် ဆိုပြီး မြတ်စွာဘုရားက ဂါထာတစ်ပုဒ်ကိုဟောတယ်။

"သီလ သမာ မရှိပါပဲ၊ တစ်ရာအသက် ရှည်သည်ထက်လဲ၊ တစ်ရက်လောက်မျှ မြတ်သီလနဲ့ ပြည့်ဝသူမှာ ဥာဏ်လူ့ရွာ လွန်စွာမြင့်မြတ်သည်"။ သီလ သမာဓိ မရှိပဲနဲ့ အနှစ်တစ်ရာလောက်အသက်ရှည်တာထက် သီလနှင့်ပြည့်စုံပြီး တစ်ရက်လောက် အသက်ရှည်တာက ပိုမြတ် တယ်လို့ မြတ်စွာဘုရားက ချီးကျူးတော်မူပါတယ်။

ဒါကြောင့် ယောဂီအပေါင်းတို့ဟာလဲပဲ ဝိသုဒ္ဓိ(၇)ပါးတို့တွင် အရင်းခံ အခြေကျတဲ့ သီလဝိသုဒ္ဓိနဲ့ ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြ၍ ဝိသုဒ္ဓိအဆင့် ဆင့်ဖြင့် မဂ်ဉာဏ်ရကာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို လျှင်မြန်စွာ မျက်မှောက် ပြုနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ တရားတော်ကို နိဂုံးချုပ်လိုက်ပါတယ်။

သာဓု .... သာဓု .... သာဓု ....

http://www.dhammadownload.com



# ကျမ်းဂန်နှင့်အညီ မဟာစည်ဟောသည့်ဝိပဿနာ

"တရားစာဆိုတာ မိုရာမူ အထောက်အထားရှိမှ ရေး ရတယ်၊ မြတ်စွာဘုရား ဟောထားတဲ့ ပါဠိဖြစ်စေ၊ ရဟန္တာ မထေရ်မြတ်ကြီးတွေ ဟောထားတဲ့ ပါဠိဖြစ်စေ၊ အဋ္ဌကထာ ဖြစ်စေ၊ ဒီလိုနိုင်လုံတဲ့ ကျမ်းဂန် သာဓကရှိရ တယ်၊ အဲဒီလို သာဓကတွေကို မှီငြမ်းပြုပြီးတော့ ရေးရတယ်၊ တရားဟော ရင်လဲ ဒီလိုကျမ်းဂန်တွေ ကို အမှီပြုပြီးတော့ ဟောရတယ်၊ တရားကျင့်ကြံ အားထုတ် ရင်လဲ ဒီလိုကျမ်းဂန် တွေကို အမှီပြုပြီးတော့ ကျင့်ရ တယ်။"

**(ဝိပဿနာ အခြေခံ တရားတော်)။**

"ပညာဘာဝနာကို ဘယ်လိုပွားစေရမယ် ဆိုတာကိုလဲ မြတ်စွာဘုရားက မျဉ်းကြောင်းကလေး ချထားခဲ့တယ်၊ အဲဒီ ပညာဘာဝနာ မျဉ်းကြောင်းတွေ ကတော့ အများကြီးပါပဲ၊ ခန္ဓာငါးပါးနဲ့လဲ မျဉ်းကြောင်း တွေ ချထားခဲ့တာရှိတယ်၊ အာယတနနဲ့လဲ ချထားခဲ့တာ ရှိတယ်၊ ဓာတ်နဲ့လဲ ချထားခဲ့တာရှိ တယ်၊ သစ္စာနဲ့လဲ ချထားခဲ့တာရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့လဲ ချ ထားခဲ့တာရှိ တယ်၊ နာမ်ရုပ်နဲ့လဲ ချထားခဲ့တာရှိတယ်၊ အများ ကြီးပါပဲ၊ အဲဒီမျဉ်းတွေထဲက ဘယ်မျဉ်းနဲ့ပဲဖြစ်ဖြစ် တစ်ခုခုနဲ့ ညီညွတ်အောင် လိုက်ပြီးတော့ ကျင့်ရတယ်၊ အဲဒီလို မျဉ်းကြောင်းနဲ့တူတဲ့အတွက် မြတ်စွာဘုရား ဟောထားတဲ့တရား ဒေသနာတွေကို (သုတ္တ) သုတ်လို့ ခေါ်ပါတယ်တဲ့။

ဒါကြောင့် ဘုန်းကြီးတို့က တရားဟောတော့ မယ်ဆိုလို့ရှိရင် (သုတ္တ)သုတ်ဆိုတဲ့မျဉ်းကြောင်း ကလေး ကို ရှေးဦးစွာချရတယ်၊ ဲ ဘုန်းကြီးတို့ကတော့ တရား မျဉ်းကြောင်း ချတဲ့ အလေ့အထ ပြုလုပ်ထားပါတယ်၊ ဒီကနေ့ည တရားပွဲမှာ ဟောဖို့ ချမယ့် တရားမျဉ်း ကလေး ကတော့ အရိယာဝါသ သုတ်တရားတော်တဲ့။ **(အရိယာဝါသ တရားတော်၊၄၉-၅၀)**

ကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂါတိ ပုစ္ဆက အဂ္ဂမဟာ ပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး ဟောကြား ထားတော်မူသည့် အထက်ပါတရားတော်များကို ကြည့်လျှင် ဆရာတော် ဘုရားကြီးသည် ပိဋကတ် ကျမ်းဂန်များကို နှံ့နှံ့စပ်စပ် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်တော်မူသည့် ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘုရားရှင်၏ တရား ဒေသနာတော် ဖြစ်သည့် ပိဋကတ် ကျမ်းဂန်များနှင့်အညီ ရေးသားရေး, ဟော ကြားရေးကို မည်မျှ အလေးဂရု ပြုတော်မူလေ့ရှိ သည်ကို သိရှိနိုင်၏၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာ တော်ဘုရား ကြီးသည် "တောက်မည့် မီးခဲ တရဲရဲ" ဆို သကဲ့သို့ပင် သာမဏေ(ကိုရင်)ဘဝမှ စပြီး သက်တော် ဝါတော် ငယ်ရွယ်စဉ် ကပင် မြတ်ဗုဒ္ဓ၏ တရားတော် ပိဋကတ် ကျမ်းဂန်များနှင့် ညီညွတ်သည့်တရားကိုမှ နှစ်သက် သဘောကျတော်မူ၏။ ထင်ရှားသည့် သာဓကများကို ထုတ်ပြပါမည်။

မန္တလေးမြို့၊ အဘယာရာမ ဆရာတော်၊ အမေရိ ကန်နိုင်ငံ၊ ကာလီဖိုးနီးယား၊ ဓမ္မနန္ဒဝိဟာရ ဆရာတော်၊ ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာ ပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာ ဘိဝံသ (မဟာစည် ဩဝါဒါစရိယ) ရေးသား ပြုစုသော "မဟာစည် ဆရာတော်ဘုရားကြီး ၏ **ထေရုပ္ပတ္တိ**"စာအုပ် (စာမျက်နှာ ၂၃ -၂၄)၌ အောက်ပါအတိုင်း ရေးထား၏။

"အရှင်သောဘနလည်း ထိုကဲ့သို့သော ရတနာ သုံးပါး၌ မလှုပ်မယိုင် ခိုင်မာလှသောသဒ္ဓါတရားကို ရလိုသည်၊ မိမိ၏ ကိုယ်တွေ့ အသိဖြင့် မြတ်စွာဘုရား ၏ စကားတော်များကို အားပါးတရထောက်ခံလိုသည်၊ ဤအကြောင်းကြောင့်လည်း အရှင်သောဘနသည် ပဋိပတ်ကို ကိုယ်တိုင် လက်တွေ့ အားထုတ်လိုခြင်း ဖြစ်လေသည်။ ပဋိပတ်ကို လက်တွေ့ အားထုတ်လိုသူ သည် နည်းပေါင်းများစွာ ရှိသည့်အနက်မှ မိမိ ကြိုက်နှစ်သက်ရာနည်းကို ရွေးချယ်ရမည်ဖြစ်၏၊ ဝိသုဒ္ဓိ မဂ်၌ သမထ ဝိပဿနာဆိုင်ရာ ထိုနည်းတို့ကို အကျယ် တဝင့် ဖွင့်ဆိုရေးသားထားသည်ကို တွေ့နိုင်သည်၊ သို့သော် နည်းရှိသမျှကို အားထုတ်ရမည်မဟုတ်၊ တစ်နည်းနည်းကိုသာ အားထုတ်ရန် ဖြစ်သည်၊ အရှင်

http://www.dhammadownload.com



သောဘနသည် သာမဏေ ဘဝကပင် မဟာသတိပဋ္ဌာန်သုတ်ကို လေ့လာကြည့်ရှုသော အခါ ထိုသုတ်နိဂုံးလာ ဘုရားရှင်၏ အာမခံချက်ကိုတွေ့၍ သဘောကျခဲ့ဘူးသည်၊ ထိုအာမခံချက်ကား "သတိပဋ္ဌာန် တရားအားထုတ်လျှင် အကြာဆုံး ၇ နှစ်၊ အမြန်ဆုံး ၇ ရက်အတွင်းမှာပင် ရဟန္တာသော်၎င်း၊ အနာဂါမ်သော်၎င်း ဖြစ် နိုင်သည်"ဟူ၍ပင်ဖြစ်၏။ မြတ်စွာဘုရား၏ အာမခံတော်မူ ချက်မှာ အားထုတ်ဖွယ် ကောင်းပါဘိသည်၊ ထို့ကြောင့် ကမ္မဋ္ဌာန်းကို အလေးအနက် အားထုတ်မည့် ပုဂ္ဂိုလ်သည် အဆိုပါ အာမခံချက်ကို တွေ့သိထားသူ ဖြစ်ပါလျှင် သတိပဋ္ဌာန်ကိုပင် ရွေးချယ်မည်မှာ သေချာလှပေသည်၊ ထို့ကြောင့်ပင် အရှင်သောဘနလည်း သတိပဋ္ဌာန်ကို အားထုတ်ရန် ဆုံးဖြတ်ချက်ချထားခဲ့လေသည်။

သတိပဋ္ဌာန် အားထုတ်ရန် ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် အရှင်သောဘနသည် သတိပဋ္ဌာန်သုတ်ကို ကျကျ နန လေ့ လာခဲ့သည်၊ အဋ္ဌကထာ ဋီကာတို့နှင့် မြတ်စွာဘုရား ဆိုလိုတော်မူရင်း အာဘော်ကို ပိုင်နိုင်သည်အထိ လေ့လာခဲ့သည်၊ အဋ္ဌကထာကို အလွတ်ရလုနီးပါးမျှ ဖြစ်အောင်ပင် သဲသဲမဲမဲ လေ့လာခဲ့သည်၊ ထို့ကြောင့် တောင်ဝိုင်းကလေးမှ ထွက်ခွါခါနီးအချိန်တွင် စာတွေ့ ဗဟုသုတမှာ ပြည့်စုံနေပြီ ပင်ဖြစ်သည်၊ ကျမ်းဂန်ကိုပင် ဆရာအရာထား၍ အားထုတ် မည်ဆိုလျှင်ပင် အထိုက်အလျှောက် ဖြစ်နိုင်လောက်ပေပြီ၊ သို့သော် ကမ္မဋ္ဌာန်းတရား အားထုတ်သည့်အလုပ်မှာ လက်တွေ့ လုပ်ရသော အလုပ်ဖြစ်၏၊ လက်တွေ့ လုပ်ရသော အလုပ်၌ လက်တွေ့လုပ်ဖူးသောဆရာကို အမှီပြုလျှင် သာ၍ ခရီးရောက်မည်၊ အချိန်ကုန် လူပမ်းအဖြစ်ကို ရှောင်နိုင်မည်၊ လက်တွေ့ လေ့လာထားပြီးသောဆရာ၏ ညွှန်ကြားချက်ကို နာရလျှင် မိမိအဖို့ များစွာအကျိုးရှိမည်၊ လမ်းမှန်သို့ ရောက်မည်ကိုလည်း စိတ်ချယုံကြည်နိုင်သည်။"

ငှင်းပြင် ဝဏ္ဏကျော်ထင် ဦးဘသန်း (ရှင်ဗုဒ္ဓဃောသ) ရေးသော "မဟာစည် ထေရ်မြတ် အတ္ထုပ္ပတ္တိ" စာအုပ် (စာ မျက်နှာ ၅၅)တွင်လည်း **အရှင်သောဘန** **စဉ်းစားပုံ** ဟူ သော ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားထား၏။

"သထုံမြို့ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားသည် ဘုရားဟောပါဠိတော် မဟာသတိပဋ္ဌာနသုတ်(သတိပဋ္ဌာန်) နည်းဖြင့် လက်တွေ့ တရားအားထုတ်ပုံကို ရှင်းလင်းအောင် ဟောပြနေတော်မူသည်။ ငါတို့ ကိုယ်တိုင်လည်း မဟာသတိ ပဋ္ဌာနသုတ် ပါဠိ အဋ္ဌကထာဋီကာများကို ပရိယတ္တိနည်းအရ ကောင်းကောင်း လေ့လာ သင်ကြားထားပြီးပင် ဖြစ်သည်။ သို့ရာတွင် မင်းကွန်း ဇေတဝန် ဆရာတော်ကြီးမှာ သာမန် ပုဂ္ဂိုလ်မဟုတ်ပေ၊ ပါဠိ အဋ္ဌကထာ ဋီကာ ပိဋကတ်ဆိုင်ရာတို့၌ ကျနစွာ တတ်မြောက်တော်မူသည့်အပြင် ထိုတရားကို လည်း ထိထိရောက်ရောက် လက်တွေ့ကျင့်သုံးထားပြီး ဖြစ်ပေသည်။ တပည့် ရာ, ထောင် များစွာတို့အားလည်း လက် တွေ့ ညွှန်ပြဟောကြားနေသော ဆရာတော်ကြီးဖြစ်တော်မူ ပေသည်။ သို့ဖြစ်၍ ပရိယတ်ပဋိပတ်စွယ်စုံဖြစ်တော်မူသော ဇေတဝန် ဆရာတော်ကြီးထံတွင် လက်ဆုပ်လက်ကိုင် ရရှိ အောင် နည်းနိဿယ ခံယူကာ အားထုတ်သင့်သည်" ဟု စဉ်းစားထားယင်း ရှိတော်မူသည်။

အထက်ပါ အတ္ထုပ္ပတ္တိစာအုပ် နှစ်အုပ်ကို ကျေးဇူးတော် ရှင် မဟာစည် ဆရာတော်ဘုရားကြီးက မိမိ၏ ဘဝဖြစ်စဉ်ကို မှန်မှန်ကန်ကန် ရေးထားသော စာအုပ်များအဖြစ် ခွင့်ပြုတော်မူခဲ့သဖြင့် ပုံနှိပ် ထုတ်ဝေထားခြင်းဖြစ်၏။ ပဋိပတ္တိ ကျင့်စဉ်တရားကို အားထုတ်ရန် မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးအထံသို့ မရောက်ရှိမီကပင် တရားကို ကျင့်ကြံအားထုတ်ရာ၌ ပိဋကတ်ကျမ်းဂန်များနှင့် ညီညွတ်မှု ရှိရေးကို အထူးအလေးဂရုပြုသော ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ထိုစဉ်က သက်တော်နှင့် ဝါတော်သည် (၂၈) နှစ်၊ (၈) ဝါမျှသာ ရှိသေး၏။

ဗုဒ္ဓဘုရားရှင်၏ မဟာသတိပဋ္ဌာန သုတ်နှင့်အညီ ဝိပဿနာ တရားကို ကိုယ်တော်တိုင် အပြည့်အစုံ ရှုမှတ်တော်မူပြီး၍ တပည့်ယောဂီများအား တရားကို ဟောကြား ပြသပေးသောအခါမှာလည်း ပိဋကတ်ကျမ်းဂန် များနှင့်အညီ သာ ဟောကြား ပြသတော်မူလေ၏၊

http://www.dhammadownload.com



မိမိ နည်းတူ အခြားပုဂ္ဂိုလ်များလည်း ပိဋကတ်ကျမ်းဂန်များနှင့်အညီ ဖြစ်ရေးကို **(ဝိပဿနာ အခြေခံ တရားတော်၌)** အောက်ပါ အတိုင်း သတိပေးထားတော်မူ၏။

"မြတ်စွာဘုရား ဟောထားတဲ့ ဒေသနာတော်တွေဟာ လက်သမားဆရာတို့ရဲ့ မျဉ်းကြိုးနဲ့တူလို့ သုတ္တလို့ခေါ်ပါတယ် တဲ့၊ တူပုံကတော့ လက်သမားဆရာများဟာ သစ်လုံးများကို ရွှေတော့မယ် ခွဲစိပ်တော့မယ်ဆိုရင် ရှေးဦးစွာ မျဉ်းချရ တယ်၊ မျဉ်းမချပဲ မျက်မှန်းရမ်းပြီးတော့ ခုတ်လိုက်ခွဲစိပ်လိုက် လို့ရှိရင် မလိုရာလည်း ရောက်သွားတတ်တယ်၊ လိုတဲ့အစိပ်အပိုင်း သစ်သားတွေလည်း ပျက်စီးသွားတတ်တယ်။ ဖြောင့်ဖြောင့် မတ်မတ် မသွားနိုင်ဘူး၊ ဒါကြောင့် မျဉ်းကလေး ချပြီး တော့မှ အဲဒီမျဉ်းကြောင်းကလေးအတိုင်း ခုတ်ရခွဲစိပ်ရတယ် ပြုပြင်ရတယ်၊ အဲဒါလိုပါပဲ မြတ်စွာဘုရားသာသနာတော်မှာလည်း သီလ,သမာဓိ,ပညာဆိုတဲ့ သိက္ခာသုံးပါးအကျင့်တရား တွေကို ကျင့်ချင်တဲ့ သူတော်ကောင်းတွေ မြတ်စွာဘုရား၏ တပည့်သားတွေဟာ မြတ်စွာဘုရား ဟောထားတဲ့ တရား တော်ကို မျဉ်းကြောင်းကလေးလိုသဘောထားပြီးတော့ ကျင့်ရတယ်၊ မြတ်စွာဘုရားက တရားမျဉ်းကြောင်း တရားစည်း ကမ်းတွေကို ချထားပါတယ်။ သီလကို ဘယ်လိုကျင့်ရမယ်၊ သမာဓိကို ဘယ်လိုပွားစေရမယ်၊ ပညာကို ဘယ်လို ဖြစ်စေ ရမယ်လို့ မြတ်စွာဘုရားက ဟောကြားထားပါတယ်။ အဲဒါ တွေဟာ တရားစည်းမျဉ်းတွေပါပဲ။ အဲဒီတရားမျဉ်းကြောင်း စည်းကမ်း နည်းလမ်းလေးများအတိုင်း ကျင့်ရတယ်။

တရားစာတွေ တရားကျမ်းဂန်တွေ ရေးရင်လည်း အဲဒီစည်းမျဉ်းအတိုင်း ရေးရတယ်၊ တရားဟောရင်လည်း အဲဒီ စည်းမျဉ်းအတိုင်းပဲဟောရတယ်။ ကိုယ့်စိတ်ကူးရှိတိုင်း ထင်ရာတွေကို လျှောက်ပြီးရေးရတာ ဟောရတာ မဟုတ်ဘူး။ တစ်ချို့ကတော့ တရားကျမ်းဂန်ရယ်လို့ မရှိပေမယ့် သူထင်တဲ့ အတိုင်း သူတွေ့တဲ့အတိုင်း လျှောက်ပြီးတော့ ရေးတော့ ဟောတော့တာပါပဲ။ ရေးရုံ ဟောရုံတွင်သာ မကသေးဘူး။ စာပေကျမ်းဂန်တွေ, စာတတ် ပုဂ္ဂိုလ်တွေကိုတောင်မှ ရှုံ့ချ ပုတ်ခတ်လိုက်ကြသေးတယ်။ အဲဒါမျိုးတွေကတော့ စာကြည့်တဲ့ပုဂ္ဂိုလ် တရားနာတဲ့ပုဂ္ဂိုလ်တွေက စဉ်းစားဆင်ခြင် တတ်ဖို့လိုပါတယ်။ တရားဆိုတာ စည်းကမ်းရှိရတယ်၊ ဘုရားဟော ဒေသနာမှ မလွတ်စေရဘူး၊ ခေတ်လူတွေ နားလည်အောင် ခေတ်ကာလသုံး ဝေါဟာရမျှလောက်သာ ပြောင်းလဲပြီး ဟောရတယ်၊ အနက်အဓိပ္ပာယ်ကိုတော့ မပြောင်းလဲရဘူး၊ ဘုရားဟော ဒေသနာတော်အတိုင်းပဲ ဖြစ်စေရတယ်။

ဒါကြောင့် အခုပေးထားတဲ့ ဆောင်ပုဒ်အရ စွဲလမ်းနိုင် တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ဟာ ဘယ်ကရသလဲလို့ဆိုရင် မြတ်စွာဘုရား ဟောထားတဲ့ ခန္ဓာ ငါးပါးဆိုင်ရာ ဒေသနာတော်တွေက ရပါတယ်။ တစ်သုတ် နှစ်သုတ်လောက်ကို အကျဉ်းချုပ်ထုတ်ပြပြီးမယ် – ရူပံ ဘိက္ခဝေ အနိစ္စံ၊ ရဟန်းတို့ ရုပ်သည် မမြဲ၊ ယဒနိစ္စံ တံ ဒုက္ခံ မမြဲသော တရားသည် ဆင်းရဲပေ၏။ ယံ ဒုက္ခံ တဒ နတ္တာ– ဆင်းရဲတရားသည် အတ္တကောင်မဟုတ်၊ ယဒနတ္တာ တံ နေတံ မမ နေ သောဟမသ္မိ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ယံ– အကြင် တရားသည်၊ အနတ္တာ – အတ္တကောင်မဟုတ်၊ တံ –ထိုအတ္တ ကောင်မဟုတ်သော သဘောတရားကို၊ န ဧတံ မမ – ဤသည်ကား ငါ့ဥစ္စာ မဟုတ် ငါ့ဥစ္စာ အနေအားဖြင့် သာယာ သိမ်းပိုက်ထိုက်သောတရား မဟုတ်၊ န သော အဟံ အသ္မိ – ဤသည်ကား ငါမဟုတ် ငါဟူ၍ မာန်မာန ထောက်လွှား ထိုက်သော တရားမဟုတ်၊ န မေ သော အတ္တာ – ဤသည်ကား ငါ၏ အတ္တမဟုတ်၊ အတ္တကောင် ငါကောင် အနေအားဖြင့် ထင်မှားထိုက်သော တရားမဟုတ်၊ ဣတိ – ဤသို့၊ ဧတံ – ဤမမြဲ ဆင်းရဲ အတ္တကောင် မဟုတ် သော ရုပ်သဘောကို၊ သမ္မပ္ပညာယ– မှန်ကန်စွာသိသော ဝိပဿနာ ပညာ မဂ်ပညာဖြင့်၊ ယထာဘူတံ –ဟုတ် တိုင်း မှန်စွာ၊ ဒဋ္ဌဗ္ဗံ – ရှုမြင်အပ်၏။

အဲဒီအနိစ္စ ဒုက္ခ အနတ္တမည်တဲ့ ရုပ်တရားကို မမြဲတဲ့ အနေအားဖြင့် သိအောင်၊ ကြောက်ဖွယ်ကောင်းတဲ့ ဆင်းရဲ အနေအားဖြင့်သိအောင်၊ အတ္တကောင်

http://www.dhammadownload.com



ငါကောင်မဟုတ်တဲ့ သဘောတရားမျှအနေအားဖြင့်သိအောင် ရှုရမယ်တဲ့။ ယခု ထုတ်ပြခဲ့တဲ့ ပါဠိကတော့ ရုပ်ကို ရှုဖို့ ညွှန်ပြတဲ့ ဒေသနာ ပါဠိ တစ်စိတ်တစ်ပိုင်း ပဲ၊ ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို ရှုဖို့အတွက်လည်း ဝေဒနာ အနိစ္စာ သညာ အနိစ္စာ စသည်ဖြင့် နည်းတူပဲ ညွှန်ပြထားပါတယ်။" စသည် ဖြင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သည် ကိုယ်တိုင်က စံပြအဖြစ် ပိဋကတ် ကျမ်းဂန်များ နှင့် အညီ တရားစာကို ရေးသားခြင်း, ဟောကြားခြင်း တို့ကို ပြုတော်မူလျက် အခြားသူများကိုလည်း ပိဋကတ် ကျမ်းဂန်များနှင့် အညီသာ ရေးသားကြရန်, ဟောကြားကြရန် အထူးသတိ ပေး မှာကြားတော်မူ၏။

အချို့သောပုဂ္ဂိုလ်များက ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြား ပြသတော်မူတဲ့ ဝမ်းဗိုက် က "ဖောင်းမှု ပိန်မှု"ကို စိတ်စိုက်ပြီး "ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်" စသည်ဖြင့် ရှုမှတ်မှုကို ကျမ်းဂန်လာ နည်းလမ်း မဟုတ်ပဲ ဆရာတော်ဘုရားကြီးက ကိုယ့်နည်း ကိုယ်ဟန်ဖြင့် ထွင်ပြီး ဟောကြားပြသည်ဟု ထင်မှတ် ပြော ဆိုကြ၏။ တစ်ချို့ကလည်း မဟာစည်နည်းက "ဖောင်းတယ် ပိန်တယ်" လို့ပဲ မှတ်ရတယ်လို့ ထင်မှတ်နေတတ်ကြ၏။ ထိုသို့ ထင်မှတ်ကြခြင်းသည် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ တရား စာအုပ်များကို သေသေ ချာချာ မကြည့်ရှုဘူးခြင်း၊ ဆရာတော် ဘုရားကြီး၏ တရား ရှုမှတ်နည်းကို ကိုယ်တိုင် လက်တွေ့ မရှုမှတ်ဘူးခြင်းများကြောင့် ထင်မှတ်ကြခြင်းဖြစ်ပေသည်။ အမှန်မှာတော့ ထိုသို့ ရှုမှတ်ခြင်းသည် ကျမ်းဂန်နှင့်လည်း ညီညွတ်နေ၏၊ ဖောင်းတာ ပိန်တာ မှတပါး အခြား မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဒွါရ ခြောက်ပါးမှာ ဖြစ်ပေါ်လာတဲ့ မြင်စရာ အဆင်း, ကြားစရာ အသံစသည့် အာရုံခြောက်ပါးမှ ထင်ရှား ရာ အာရုံကိုလည်း မပြတ် ရှုမှတ်သွားရမည်သာ ဖြစ်ပေ၏။ မဟာသတိပဋ္ဌာန သုတ်မှာ လာသည့်အတိုင်း ဣရိယာပုထ် လေးပါးက ခန္ဓာကိုယ် အမူအရာအားလုံး, ခံစားမှု ဝေဒနာ အမျိုးမျိုး, စိတ်ကူးစဉ်းစား ကြံစီမှုအမျိုးမျိုးနှင့် စိတ်၏အာရုံ သဘောတရားများကိုလည်း ရှုမှတ်ရ၏။

မျက်စိစသည့် အတွင်းအာယတန (၆)ပါးမှာ ထင်ရှားဖြစ်ပေါ်လာသည့် အဆင်းရူပါရုံ စသည့် အပြင်အာယတန(၆)ပါး၊ မြင်သိစိတ်စသည့် ဝိညာဏ် (၆)ပါးတို့ ပေါင်းဆုံမိ၍ဖြစ်ပေါ်လာသည့် တွေ့ထိမှု ဖဿတရားများနှင့် ကောင်း ဆိုး အလတ် ခံစားမှု ဝေဒနာ တို့ကို မြင်ခိုက် ကြားခိုက် စသည်မှာပင် "မြင်တယ် မြင်တယ်၊ ကြားတယ် ကြားတယ်" စသည်ဖြင့် ရှုမှတ်နေသော ယောဂီမှာ မြင်ရသည့် အာရုံ စသည်တို့နှင့်စပ်လျဉ်းပြီး နှစ်သက်သာယာမှု တဏှာမဖြစ်၍ တဏှာဝဋ်မြစ် တဒင်္ဂတခဏ ပြတ်နေ၏၊ ရုပ်နာမ်ကို ပိုင်း- ခြား သိပြီး အကြောင်းအကျိုးကို သိမြင်ကာ အဖြစ်အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်လာရသောအခါ ဝိပဿနာ ဉာဏ်တွေ ဖြစ်ပေါ်နေ၍ အမှန်မသိမှု အဝိဇ္ဇာဝဋ်မြစ်လည်း တဒင်္ဂတခဏ ပြတ်နေ၏။ ဖြစ်ပေါ်လာသမျှ အာရုံအမျိုးမျိုး ကို ရှုမှတ်နိုင်သည်နှင့် အမျှ အဝိဇ္ဇာနှင့်တဏှာ ဝဋ်မြစ်နှစ်ပါး ပြတ်နိုင်၏။ သို့ဖြစ်၍ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော စသော ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် ညီညွတ်သလို "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" မြင်ရာမှာ မြင်ကာမျှ ဖြစ်စေရမယ် (စွဲလမ်းမှု တဏှာစသည် မဖြစ်စေရဘူး) စသည်ဖြင့် ဟောကြားထားသော မာလုကျပုတ္တ သုတ် စသည်တို့နှင့်လည်း ညီညွတ်လှပေ၏။ လက်တွေ့ ရှုမှတ်ဖူးသော ယောဂီများက တရားကို မပြတ် သတိစပ်နေအောင် ရှုမှတ်ခြင်းဖြင့် အဝိဇ္ဇာနှင့် တဏှာဝဋ်မြစ်များ တဒင်္ဂ တခဏ ပြတ်နေသည်ကို ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိကြရ၏။

နောက်ကျမှ လက်တွေ့ရှုမှတ်ဘူးသူ အချို့ယောဂီ များက "မဟာစည်နည်းဖြင့် တရားရှုမှတ်မိတာ နောက်ကျသွား တယ်၊ ဒါကမှ ကိုယ်တွေ့ တရားအစစ် ပဲ" စသည်ဖြင့် ပြောပြကြသည်ကို ကြားသိရဘူး၏။ ဗုဒ္ဓဘုရားရှင် ဟောကြား တော်မူတဲ့ မဟာသတိပဋ္ဌာန သုတ် ကျမ်းဂန်လာ နည်းများ အတိုင်း ဟောကြား ညွှန်ပြထားတော် မူတဲ့ နည်းလမ်း ဖြစ်၍ တကယ် လက်တွေ့ ရှုမှတ်ကြည့်သည့်အခါ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တစသည့် သဘောအမှန်

http://www.dhammadownload.com



ကို မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ကြရ၏။ စာသိမျှ မဟုတ် သလို၊ မှန်းဆပြီး သိရသော အသိမျိုးလည်း မဟုတ်ပေ။

ဤနေရာ၌ "ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှု"ကို ရှုမှတ် ခြင်း သည် ကျမ်းဂန်နှင့်အညီဖြစ်ပုံ၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ထွင်ထားသည့် နည်းလမ်း မဟုတ်ပုံတို့ကို ပိုပြီး ရှင်းရှင်းလင်းလင်း သိနိုင်စေရန် ဆရာတော် ဘုရားကြီး ရှင်းပြထားတော် မူတဲ့အတိုင်း ရေးပြပါဦးမည်။

"ဒီနေရာမှာ ရှူ ရှိုက်လေလဲ ဝါယောဓာတ်ပဲ၊ အဲဒီ ရှူ ရှိုက် အတွေ့အထိကိုတော့ ရှုဖို့ရန် ဘာကြောင့် မညွှန်ကြား ပါသလဲလို့ မေးစရာ ရှိပါတယ်။ အဖြေ ကတော့ မိမိ၏ သဘောအရဆိုရင်တော့ ရှူရှိုက်လေ ရုပ်ကို ရှုခြင်းဖြင့်လည်း ဝါယောရုပ်နဲ့ ရှုသိနာမ်ကို သိပြီး ဝိပဿနာဉာဏ် ဖြစ်သင့် တယ်လို့လဲ သဘောကျ ပါတယ်။ ဒါပေမယ့် ဝိသုဒ္ဓိမဂ်၌ ကာယာနုပဿနာ (၁၄)ပိုင်းကို သမထကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်း တို့ဖြင့် ခွဲခြားပြရာတွင် အာနာပါနကို သထမ - ကမ္မဋ္ဌာန်းလို့သာ ပြထားတယ်။ ပြပုံကတော့

ဣရိယာပထပဗ္ဗံ စတုသမ္ပဇညပဗ္ဗံ ဓာတုမနသိကာရ ပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာ ဝသေ န ဝုတ္တာနိ၊ ပ ၊ အာနာပါနပဗ္ဗံ ပန ပဋိကူလမနသိကာရ ပဗ္ဗဉ္စ ဣမာနေဝတ္ထ ဒွေသမာဓိဝသေန ဝုတ္တာနိ (ဝိသုဒ္ဓိမဂ် ပထမတွဲ နှာ ၂၃၂) ဣရိယာပထပဗ္ဗံ စတု သမ္ပဇညပဗ္ဗံ ဓာတု မနသိကာရပဗ္ဗန္တိ - ဣရိယာပုထ် ၄ ပါး ရှုပုံအပိုင်း သမ္ပဇဉ် ၄ ပါး ရှုပုံအပိုင်း ဓာတ်လေး ပါး နှလုံးသွင်းပုံ အပိုင်းဟူသော၊ ဣမာနိ တီဏိ ဤသုံးပိုင်းတို့ကို၊ ဝိပဿနာဝသေန ဝိပဿနာ ဘာ ဝနာ အလိုအားဖြင့်၊ ဝုတ္တာနိ ဟောတော်မူအပ်ကုန်၏၊ ပ ၊ ပန-ထိုမှတပါး၊ အာနာပါနပဗ္ဗံ ပဋိကူလမနသိ ကာရပဗ္ဗဉ္စ - ရှူ ရှိုက်လေ ရှုပုံကိုပြသော အာနာပါန ပိုင်းနှင့် ဆံပင် မွေးညင်း စသည်တို့ကို စက်ဆုပ်ဖွယ် ရှုပုံပြသော အပိုင်းဟူသော၊ ဣမာနေဝ ဒွေ ဤနှစ်ပိုင်း တို့ကိုသာလျှင်၊ ဧတ္ထ - ဤကာ ယာနုပဿနာ ၁၄ ပိုင်းတို့တွင်၊ သမာဓိဝသေန သမာဓိ ဘာဝနာ အလို အားဖြင့်၊ ဝုတ္တာနိ ဟောတော်မူအပ်ကုန်၏။

အထက်ပါ ဝိသုဒ္ဓိမဂ်၌ အာနာပါနပိုင်းကို သမာဓိ ဘာဝနာ သမာဓိကမ္မဋ္ဌာန်းလို့ အတိအလင်းပြဆိုထား တယ်၊ အဲဒီတော့ ဘုန်းကြီးတို့က အာနာပါနကို ရှုဖို့ ညွှန်ကြားရင် မလိုလားတဲ့သူတွေက အထက်ပါ ဝိသုဒ္ဓိမဂ်ကို ကိုင်ပြီး ဘုန်းကြီးတို့ ညွှန်ပြနေတာကို သမထကမ္မဋ္ဌာန်းပဲ၊ ဝိပဿနာ မဟုတ်ဘူးလို့ စွပ်စွဲ ပယ်ဖျက်ကြမှာ သေချာပါတယ်၊ ဘုန်းကြီးတို့ကလည်း အထက်ပါ ဝိသုဒ္ဓိမဂ်ကို ပယ်ဖျက်ပြီး ဝိပဿနာလို့ ဖြေရှင်းဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဘုန်းကြီး တို့ ကိုယ်တိုင် ကတော့ အာနာပါနကို ဝိပဿနာအနေဖြင့် မညွှန်ကြားခြင်းဖြစ်ပါတယ်။ ဒါပေမယ့်လို့ အာနာပါန ကိုသာ ရှုချင်ပါတယ်ဆိုတဲ့ သူတွေကိုတော့ သူတို့ သဘော အတိုင်း ရှုဖို့ ခွင့်ပြုပါတယ်၊ မတားမြစ်ပါဘူး။

လူတစ်ယောက်က ဖောင်းတာ ပိန်တာ မှတ်နေရင် ဘုရားဟော ပါဠိတော်နဲ့ ဝေးကွာ မနေဘူးလားလို့ ဒီလို စောဒနာပါတယ်။ အဖြေကတော့ ဘုရားဟော ပါဠိ တော် များနဲ့ မဝေးပါဘူး၊ အံကျကိုက်ညီနေပါတယ်လို့ ဖြေကြားပါတယ်။ ဒီလိုဖြေကြားနိုင်ခြင်း၏ ခိုင်လုံတဲ့ သာကေပါဠိတော် ရာထောင်မက များစွာရှိနေပါတယ်၊ ဘယ်လိုပါဠိတော်တွေလဲ ဆိုလျှင် သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် စသည်တွေ ပါပဲ၊ အဲဒီ ပါဠိတော် တွေမှာ ဒွါရ ခြောက်ပါးက ထင်ရှား ပေါ်လာတဲ့ ရုပ်နာမ် တွေကို မရှုရင် ကိလေသာဖြစ်ကြောင်း၊ ရှုပြီး အမှန် အတိုင်း သိမှ ကိလေသာ ကင်းငြိမ်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း အတိအလင်း ပြဆိုထားပါတယ်၊ အခုဟောနေတဲ့ မာလုကျပုတ္တ သုတ် တစ်ခုတည်းဖြင့် အဲဒီလို ဟောထား ပုံဟာ အလွန် ထင်ရှားနေပါတယ်။

နောက်ပြီးတော့ သတိပဋ္ဌာန် ဒေသနာတော်မှာပင် ဓာတုမနသိကာရပိုင်း၌ ဓာတ်လေးပါးကို ရှုတယ်ဆိုတာ ဟာထင်ရှား ပေါ်လာတဲ့ ဓာတ်တွေကို ရှုရတာပဲ၊ ဝမ်းဗိုက်ဖောင်း ပိန်ရိုက်၌ တောင့်တင်းလှုပ်ရှားတဲ့

http://www.dhammadownload.com



ဝါယောဓာတ်ထင်ရှားတဲ့အတွက် အဲဒီဝါယောဓာတ်ကို ရှုတာဟာ ဓာတု မနသိကာရ ပါပဲ၊ ဓာတ်ဆိုတဲ့ ကျမ်းဂန် စကားကို မသုံးဘဲ၊ ဖောင်းတယ် ပိန်တယ်လို့ အရပ်သုံး စကားနဲ့ ရှုရတာက တော့ (ဂစ္ဆာမီတိ ပဇာနာတိ) စသည်ဖြင့် ညွှန်ပြထားတဲ့ ဘုရားစကားတော်နှင့် အညီပါပဲ၊ အဲဒီအရပ်သုံးစကားဖြင့် ရှုမှတ်လို့ သမာဓိဉာဏ်ရင့်လာတဲ့အခါကျတော့ တောင့်တင်းလှုပ်ရှားတဲ့ ဓာတ်သဘော အဆက်ဆက်မျှ ဖြစ်ပျက်နေတာလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိကြရတာပါပဲ။

နောက်ပြီးတော့ သတိပဋ္ဌာန် ပါဠိတော် အာယ တန ဓမ္မာနုပဿနာပိုင်း၌ (ကာယေစ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေစ ပဇာနာတိ)လို့ ညွှန်ပြထားတဲ့ပါဠိတော်နဲ့လဲ အံကျ ကိုက်ညီနေပါတယ်။ အဲဒီပါဠိက ကိုယ်ထဲမှာ ဘယ်အစိတ်အပိုင်းက မဆို ထိတွေ့ရတဲ့ အာရုံနဲ့ ထိတွေ့ရဌာန ကာယပသာဒ သိပုံကို ဟောထား တာပါပဲ၊ ဒါကြောင့် သတိပဋ္ဌာန်သုတ် ပါဠိတော်နဲ့ မဝေးပါဘူး၊ အံကျ ကိုက်ညီနေတာပဲ။ သံယုတ် ပါဠိ တော်တွေမှာတော့ အလားတူပြထားတဲ့ သုတ္တန် စကား တော်တွေ ရာပေါင်းများစွာ ရှိနေပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့က ဣရိယာပထပိုင်း ဒေသနာတော်မှာ (ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ)ဆိုတဲ့ စကားရပ်ဖြင့် ဣရိယာ ပုထ်လေးပါးမှ အလွတ်ဖြစ်တဲ့ ကိုယ် အမူအရာ ဟူသမျှ ကိုလဲ ညွှန်ပြတယ်လို့ ကောက်ယူ ထားပါတယ်။"

**(မာလုကျပုတ္တသုတ် တရားတော် ၁၃၇ - ၁၄၁)**

"တချို့ကတော့ မူလမင်းကွန်း ဇေတဝန် ဆရာ တော် ဘုရားကြီးက ဝမ်းဗိုက်က ဖောင်းတာ ပိန်တာကို မှတ်ဖို့ မဟောခဲ့ပါဘူး၊ မဟာစည် ဆရာတော်က အသစ်ထွင်ထား တာလို့ ဒီလိုလဲ အပြစ် ပြောတတ်ကြ ပါတယ်၊ ဒီစောဒနာကို တော့ ၁၂၉၀ - ပြည့်နှစ်က ထုတ်ဝေတဲ့ **သတိပဋ္ဌာန ဒီပနီ** ခေါ် မြို့လှမြို့ ဆရာကြီး ဦးချစ်အောင်၏ ကျမ်း (နှာ- ၂၇၂) နှင့် ၁၂၉၈ - ခုနှစ်က ထုတ်ဝေတဲ့ **ဝိပဿနာ ဋီကာ**ခေါ် ဦးမြတ်ကျော်၏ ကျမ်း(နှာ-၁၈၉)တို့ကို ကြည့်ရှုပြီး ခိုင်မာစွာ ဖြေရှင်းနိုင်ပါတယ်။ အဲဒီအကြောင်းအရာများကို မဟာ ရတနာ ဒုတိယတွဲ (နှာ ၁၇၄-၉)တို့၌ ဖော်ပြထားတာ လဲ ရှိနေပါတယ်။

ဘုရားတပည့်တော် စပြီး ကမ္မဋ္ဌာန်းပြတာက ၁၃၀၀ ပြည့်နှစ်က ဖြစ်ပါတယ်၊ ဝိပဿနာ ရှုနည်း ကျမ်း ကို ပုံနှိပ် ထုတ်ဝေတာက ၁၃၀၆ ခုနှစ်က ဖြစ်ပါ တယ်။ ဒါကြောင့် ဆရာကြီး ဦးမြတ်ကျော်၏ ဝိပဿနာ ဋီကာ ကျမ်းက ဘုရားတပည့်တော် ကမ္မဋ္ဌာန်းပြတာ ထက် ၂ - နှစ် အလျင်ကျပါတယ်၊ ဝိပဿနာ ရှုနည်း ကျမ်းထက် (၈)နှစ် အလျင်ကျပါတယ်၊ ဆရာကြီး ဦးချစ်အောင်၏ သတိပဋ္ဌာနဒီပနီကျမ်း ကတော့ (၁၀)နှစ်၊(၁၆)နှစ် အလျင် ကျပါတယ်။ ထိုကျမ်းများ တွင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ နည်းကို အစဉ်မှီး၍ ရေးသားထားကြောင်း၊ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး ကြည့်ရှုပြီး ထည့်နှုတ် ပြင်ဆင်ချက် အရ စက်တင် ပုံနှိပ်ကြောင်းများကို အတိအလင်း ဖော်ပြ ထားပါတယ်။ အဲဒီ**သတိပဋ္ဌာန ဒီပနီ** နှင့် **ဝိပဿနာဋီကာ** ကျမ်းတို့၌ "မင်းကွန်း ဇေတဝန် ကမ္မဋ္ဌာန်းဌာနများမှာ **ပူတယ် ပိန်တယ်** ဟူ၍လည်းကောင်း၊ **ဖောင်းတယ် ရှုပ်တယ်** ဟူ၍လည်း ကောင်း ရှုမှတ်ကြကြောင်း၊ ထိုသို့ ရှုမှတ်ခြင်းမှာ သင့်မြတ် မှန်ကန်ကြောင်းများ အထင်အရှား ပြဆိုထား ပါတယ်။

ဒါကြောင့် မဟာစည်ကမ္မဋ္ဌာန်း မပြမီကပင် ပျော်ဘွယ် အစရှိသော မင်းကွန်း ဇေတဝန် ကမ္မဋ္ဌာန်း ဌာနများမှာ ပူတယ် ပိန်တယ် ဟူ၍လည်းကောင်း၊ ဖောင်းတယ် ရှုပ်တယ် ဟူ၍လည်းကောင်း ရှုမှတ်ခြင်း၊ ဟောပြောခြင်းများ ရှိခဲ့ ကြောင်း၊ ဘုရားတပည့်တော်က စ၍ တီထွင်တာ မဟုတ် ကြောင်းများကို ခိုင်ခိုင်မာမာ ရှင်းလင်းပြနိုင်ပါတယ်၊ ထိုသို့ ရှင်းလင်းပြသင့်သော အခါ၌ ရှင်းပြဖို့ လိုပါတယ်။

ဝိပဿနာ ရှုရမည့် လေဟာ ၆ - မျိုးရှိပါတယ်၊ (၁) အထက်သို့ ဆန်တက်တဲ့ ဥဒ္ဓင်္ဂမလေ၊ (၂) အောက်သို့ စုန်ဆင်းတဲ့ အဓောဂမလေ၊ (၃)ဝမ်းဗိုက်

http://www.dhammadownload.com



ထဲမှာ တည်နေတဲ့ ကုန္တိသယလေ၊ (၄) အူထဲမှာ တည်နေတဲ့ ကောဋ္ဌာသယ လေ၊ (၅) လက်ခြေစသော အင်္ဂါကြီးငယ် ကို လျှောက်တဲ့ အင်္ဂမင်္ဂနုသာရီလေ၊ သွား ရပ် ထိုင် လျောင်းတိုင်း ကွေး ဆန့်တိုင်း လှုပ်ရှား ပြုပြင်တိုင်း ဒီအင်္ဂမင်္ဂါနုသာရီ လေနဲ့ပဲ ပြုလုပ်နေ ရတယ်၊ အဲဒီလေကို ဘယ်နားကသာ ရှုရမယ်လို့ အကန့်အသတ် မရှိဘူး၊ ထင်ရှားရာက ရှုရတာချည်းပဲ၊ ဒါကြောင့် မြတ်စွာ ဘုရားက မဟာသတိပဋ္ဌာနသုတ် ပါဠိ တော်မှာ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ စသည်ဖြင့် သွားတာ ရပ်တာ ထိုင်တာ လဲလျောင်းတာ ကွေးတာ ဆန့် တာ လှုပ်ရှား ပြုပြင်တာ ကိုယ်အမူအရာ ဟူသမျှကို ရှုပြီး သိဖို့ တိုက် ရိုက်ပဲ ဟောတော်မူခဲ့ပါတယ်၊ အဲဒီမှာ ဝမ်းဗိုက် ၏ လှုပ်ရှားမှု ကိုယ်အမူအရာ ရှုသိဖို့လဲ ပါဝင်ပါတယ်။

နောက်ပြီးတော့ နံပါတ်(၆) လေက အဿာသ ပဿာသ ခေါ်တဲ့ ရှူရှိုက်လေပဲ၊ အဲဒါကို အာနာပါန လို့လဲ ခေါ်တယ်၊ အဲဒီရှူရှိုက်လေကို ဝိပဿနာ လုပ်ငန်းအရာမှာ တော့ မည်သည့်နေရာ ကသာ ရှုရမယ် လို့ အကန့်အသတ် မရှိပါဘူး၊ အခြားလေ ၅ –မျိုးလိုပဲ ထင်ရှားရာက ရှုကောင်း တာချည်းပါပဲ။ ဘာကြောင့်လဲ ဆိုယင်–

သဗ္ဗံ အဘိညေယျံ – ရုပ်နာမ် တရားအလုံးစုံကို ရှေးရှု ပြု၍ သိရမယ်၊ စက္ခုံ အဘိညေယျံ – မျက်စိကို ရှေးရှုပြု၍ သိရမယ်၊ ရူပါ အဘိညေယျာ–အဆင်းရုပ် တို့ကို ရှေးရှုပြု၍ သိရမယ်စသည်ဖြင့် ဒွါရ တစ်ပါး တစ်ပါးမှာ ငါးပါးသော တရားတို့ကို သိရန် ဒွါရ ၆ – ပါး၌ ၅ –ပါး ၆– လီ = ၃၀ – သောတရားတွေကို သိရန် ဟောတော်မူတဲ့အတွက်ကြောင့် ပါပဲ။ အဲဒီ ၃၀ ထဲက ကာယဒွါရဖြင့် တွေ့ထိရတဲ့ အတွေ့ ရုပ်တွေထဲမှာ အာနာပါနခေါ်တဲ့ ဒီရှူရှိုက်လေလဲ ပါပါတယ်။ ဒါကြောင့် ထင်ရှားတွေ့ရတဲ့ ဝမ်းဗိုက်ကလေကိုလည်း ရှုရကြောင်း အလွန်ပင်ထင်ရှား နေပါတယ်။ အဲဒီအချက် တွေကို မဟာစည်ဝိပဿနာ စာအုပ်တွေမှာ အပြည့်အစုံ ရှင်းပြထားပါတယ်၊ အဲဒီ ရှင်းလင်းပြထားတာတွေကို သေသေချာချာ နားလည်အောင် ကြည့်ရှု လေ့လာပြီး ဟောကြားစေလိုပါ တယ်။ **(၂၄) ကြိမ်မြောက်နှင့်** **(၃၂)ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူ ပူဇော်ပွဲများတွင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် မိန့်ကြားတော်မူ သောဩဝါဒများ)**

**ဝိပဿနာ ရှုနည်းကျမ်း** ပထမတွဲ (၂၅၄–၅)၌လည်း **အာနာပါန၌ ဝိပဿနာဖြစ်ပုံ** ခေါင်းစဉ် ဖြင့်– "ထွက်သက် ဝင်သက်ကို ရှုလျှင် သမထသာ ဖြစ်သည်၊ ဝိပဿနာ မဖြစ်ဟု ထင်မှားပြောမှား မရှိ စေရန် ဤအဋ္ဌကထာ ဋီကာတို့ကို အထူးသတိပြုရာ၏" စသည်ဖြင့် ရှင်းပြထားတော်မူ၏။

ငှင်းပြင် မင်းကွန်း ပဋိပတ္တိ သာသနာပြု "ကိုကြွစံ ဦးပဏ္ဍိစမ္မ – ဆရာကြီးဦးမြတ်ကျော်" ရေးပြီး မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး ထည့်နုတ် ပြင်ဆင်သော **ဝိပဿနာ ဒီပနီကျမ်း** စာမျက်နှာ (၁၀၆ – ၁၀၇)တို့တွင် အောက်ပါအတိုင်း ရေးသားထားသည် ကို တွေ့ရ၏။

"ကာယာနုပဿနာ သတိပဋ္ဌာန်အရ အာနာ ပါနပဗ္ဗကို အားထုတ်ပုံမှာ – သော သတော၀ အဿသ တိ၊ သတော၀ ပဿသတိ၊ သော–ထိုယောဂီ ပုဂ္ဂိုလ် သည်၊ သတော၀–မလစ်စေမူ သတိပြု၍သာလျှင်၊ အဿသတိ – ထွက်သက် ကို ရှူ၏၊ သတော၀– မလစ် စေမူ သတိပြု၍သာလျှင်၊ ပဿသတိ – ဝင်သက်ကို ရှူရှိုက်၏။ ဤသို့ ဟောတော်မူသော ဒေသနာအရ အတွင်းလေ ထွက်လျှင် ထွက်တယ်၊ အပြင်လေ ဝင်လျှင် ဝင်တယ် ဟု မှတ်ရ၏။ အတွင်း လေ အပြင်လေ၊ လေဟောင်း လေသစ် စသည်ဖြင့် မမှတ်ရ။

အဓိပ္ပာယ်ကား၊ ဤထွက်သက် ဝင်သက်ကို မှတ်ရာ၌ အချို့မှာ ထွက်တယ် ဝင်တယ်ဟုမှတ်၏။ အချို့မှာ ရှူတယ် ရှိုက်တယ်ဟု မှတ်၏။ အချို့မှာ **ပူတယ် ဝိန်တယ်** ဟု မှတ်၏။ မှတ်ချင်သလိုပင် မှတ်ရ ပါ၏။ သဘောမှာမူကား၊ မိမိတို့ ပြောဆိုနေကြဖြစ် သော ဝေါဟာရ ဘာသာစကား အားလျော်စွာ အသိ ဉာဏ်၌ ထင်ရှားသည်သာလျှင် လိုရင်း ဖြစ်၏။ ဤနေရာ၌ ပစ္စုပဋ္ဌာန်အရကို သဘောကျလျှင် အမှန်ပင် ယုံကြည်သင့်လှပေသည်။ ထွက်သက် ဝင်သက် သည် အစ အလယ် အဆုံးဟု ၃ – ပါးစီ ရှိ၏။ ထို ၃ –ပါး တို့တွင် ထွက်သက်၏အစ ချက်၊ အလယ် ရင်ချိုင့်၊ အဆုံး နှာသီးဖျား ဖြစ်၏။ ဝင်သက်၏အစ

http://www.dhammadownload.com



နှာသီးဖျား၊ အလယ် ရင်ချိုင့်၊ အဆုံး ချက်၊ ဤသို့မှတ်သားရ၏။ ထိုထွက်သက် ဝင်သက်တို့ကို မှတ်သောအခါ ထွက် တယ် ဝင်တယ်၊ ရှူတယ် ရှိုက်တယ် ဟုမှတ်လျှင် နှာသီးဖျားတွင် ထင်ရှား၍ နှာသီးဖျားမှာ စိတ်ကို ထားရ၏။ **ဝိန်တယ် ပူတယ်** ဟု မှတ်လျှင် ချက်၏ တည်ရာ ဗိုက်တွင် ထင်ရှား၍ **ဗိုက်မှာ စိတ်ကို ထားရ ၏။"**

အထက်ပါ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ရှင်းပြထားပုံများနှင့် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ထုတ် နုတ် ပြင်ဆင်ကာ ပုံနှိပ်ထုတ်ဝေသော ဝိပဿနာ ဒီပနီကျမ်း စသည်တို့၌ **"ဝိန်တယ် ပူတယ်၊" "ဖောင်းတယ် ရှုပ်တယ်"** ဟူသော ရှုမှတ်နည်းများကို ပြဆိုထားသဖြင့် "ဖောင်းတယ် ဝိန်တယ်" ဟု ရှုမှတ်သောနည်းသည် မဟာစည် ဆရာတော်ဘုရားကြီးက ထွင်ထားသော နည်းလမ်း မဟုတ် သည်မှာ အလွန်ပင် ထင်ရှားလှ၏။ ပိဋကတ်ကျမ်းဂန်များနှင့် ညီညွတ်သည်မှာလည်း အလွန်ပင် ထင်ရှားလှပါ၏။

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားပြသသော သတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ် နည်းသည် ကျမ်းဂန်များနှင့် ညီညွတ်ပြီး လက်တွေ့အကျိုးရှိ ၍လည်း မဟာစည်နည်းဖြင့် ရှုမှတ်သောယောဂီပုဂ္ဂိုလ်များ ပြည်တွင်းရော ပြည်ပမှာပါ သိန်း သန်းချီ၍ရှိနေ၏၊ နေ့စဉ် နှင့်အမျှ သတိပဋ္ဌာန် ဝိပဿန တရား ရှုမှတ်နေကြသော ယောဂီပုဂ္ဂိုလ် ဦးရေများ တိုးပွားလျက်သာ ရှိနေ၏။

မဟာစည် သတိပဋ္ဌာန် ဝိပဿနာတရား ရှုမှတ်နည်း သည် ယခုခေတ်ကျမှ ကမ္ဘာသို့တိုင်အောင် ထင်ပေါ် ကျော်ကြားလာသည် မဟုတ်ပေ၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ရန်ကုန် သာသနာ့ရိပ်သာသို့ ကြွရောက် သီတင်းသုံး သာသနာပြုကာစ နှစ်များကပင် ကမ္ဘာ နိုင်ငံများစွာမှ ယောဂီများ မဟာစည် သာသနာ့ရိပ်သာသို့ လာရောက်ပြီး တရား ရှုမှတ်ခဲ့ကြ၏။ ၎င်းတို့ထဲမှ အချို့က မိမိတို့နိုင်ငံတွင် ဗုဒ္ဓသာသနာတော် တည်တံ့ ပြန့်ပွား အောင် မဟာစည် သတိပဋ္ဌာန်နည်းဖြင့် ဝိပဿနာတရား ကို ဆက်လက်ပြီး ရှုမှတ်ကာ ဟောပြနေကြ၏။

၎င်းနိုင်ငံခြားသား ယောဂီဟောင်းများထဲတွင် ထင်ရှား သည့်ပုဂ္ဂိုလ်များမှာ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဗြိတိသျှ ဒုတိယရေတပ်ဗိုလ်ချုပ် H.E. Shattock၊ ၁၉၆၇ တွင် အမေရိ ကန်မက်ဆာချူးဆက်ပြည်နယ်၊ ဘာရီမြို့ Barre ကမ္မဋ္ဌာန်း ဌာနမှ ကမ္မဋ္ဌာန်းဆရာ Mr. Joseph Goldstein စသည် တို့လည်း ပါဝင်၏။ ဗြိတိသျှ ဒုတိယရေတပ် ဗိုလ်ချုပ် H.E Shattock က မဟာစည်ဆရာတော်အထံ၌ သတိပဋ္ဌာန်တရား ရှုမှတ်ခဲ့ရမှုအပေါ်မှာ သူ၏အမြင်ကို An Experiment In Mindfulness စာအုပ်တွင် ဤသို့ ရေးသားထား၏။ "ဤသတိ ပဋ္ဌာန်တရားသည် သဘာဝကျလှခြင်း၊ အခြားသော ကမ္မဋ္ဌာန်းတရား များနှင့် ကောင်းစွာ ကွဲပြားခြားနားခြင်း၊ ရှုပွားရသည်မှာ လွယ်ကူခြင်း၊ စိတ်ချယုံကြည်ရခြင်း၊ ယုတ္တိဗေဒ နည်းလမ်းကျခြင်း၊ တကယ်ကျင့်လျှင် တကယ် အကျိုးခံစား ရခြင်း၊ စိတ်တည်ငြိမ်လာခြင်းတို့ကြောင့် အစိုးရဌာနများ ရုံးများ၌ပင် သတိပဋ္ဌာန်တရားကို ပွားများစေသင့်သည်၊ ယင်း သို့ပွားများလျှင် လုပ်ငန်းများပိုမို ချောမွေ့ အောင်မြင်မည်၊ သတိပဋ္ဌာန်ကျင့်စဉ်ကို လက်တွေ့စမ်းသပ် အားထုတ် ကြည့်မည်ဆိုပါက အနောက်နိုင်ငံသားများ နှစ်သက်လက်ခံ နိုင်ကြလိမ့်မည်ဟု ကျွန်တော် အသေအချာဆိုဝံ့ပါသည်"။

"ထိုသို့ တရား အားထုတ်ခြင်းဖြင့် ကိုယ် စိတ် နှစ်ဖြာလန်းဆန်း တက်ကြွ နေလေ့ရှိ၏၊ ထို့အပြင် တစ်နေ့တာ အတွင်း တွေ့ကြုံရသည့် ပြဿနာ အခက်အခဲများကို ရင်ဆိုင်ရာတွင်လည်း နံနက်စောစော တရားအားထုတ်ထားသည့် အကျိုးကြောင့် ပိုမို၍ ရဲရဲရင့်ရင့် ရှိ၏၊ မိမိကိုယ် မိမိ ပိုမို၍ စိတ်ချယုံကြည်၏။" ဟူ၍ ရေးသားထားပေ၏။

၁၉၅၂ ခုနှစ်မှာ ရှုမှတ်သည့် ဗြိတိသျှ ယောဂီ စိတ်ရောဂါ အထူးကု ဆရာဝန်ကြီး Dr. Eric Granham Howe က ဒီတရားဟာ အလွန်ကောင်းပါ တယ်၊ တစ်ကမ္ဘာလုံးက စာသင်ကျောင်းတွေမှာ ဒီသတိ ပဋ္ဌာန်တရားတော်ကို ကျောင်း သားတွေအား သင်ပေး ပြီး တရား အားထုတ်ကြမယ် ဆိုရင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေး ရသွားမှာပဲ" လို့ မဟာစည် ဆရာတော် ဘုရားကြီးအား လျှောက်ထားခဲ့၏။

http://www.dhammadownload.com



Mr. Joseph Goldstein, Dr. Jack Cornfield နှင့် Mr. Guy Armstrong စသောယောဂီဟောင်းများကလည်း ၎င်းတို့၏ အမေရိကန်နိုင်ငံတွင် Barre ကမ္မဋ္ဌာန်း ဌာနကို ဖွင့်လှစ် ထားပြီး A heart full of peace, The Emerging Western Buddhism, The Experience of Insight စသော တရားစာအုပ်များစွာကိုလည်း ရေးသား ထုတ်ဝေကာ ဗုဒ္ဓသာသနာပြုနေကြ ၏၊ မဟာစည် ဆရာတော်ဘုရားကြီးကို ၁၉၇၉ – ခုနှစ်တွင် အမေရိကသို့ ပင့်ဖိတ်ကာ သတိပဋ္ဌာန် ဝိပဿနာ တရားစခန်းများကို ဖွင့်လှစ်ကြ၏၊ Mr. Joseph Goldstein စသည့် ဘာရီ ကမ္မဋ္ဌာန်းဌာန တရားပြပုဂ္ဂိုလ် လေးဦးတို့ကလျှောက်ထား၍ ဆရာတော်ဘုရားကြီးက ၎င်းတို့အား မဟာစည် ကမ္မဋ္ဌာန်း တရားပြဆရာများအဖြစ် အသိ အမှတ်ပြုကြောင်း လက်မှတ်တစ်စောင်စီ ချီးမြှင့်တော်မူခဲ့၏။

အထူးသဖြင့် ယနေ့ခေတ်လူငယ်များ ဝတ်စားဆင်ယင် ကြရာမှာ အားကျ အတုယူနေကြသည့် ကိုရီးယား သမ္မတနိုင်ငံတွင် မဟာစည်နည်းဖြင့် ဝိပဿနာ တရား ရှုမှတ်ကြသော ထေရဝါဒ ကိုရီးယား ဘုန်းကြီးများနှင့် လူဝတ်ကြောင် ယောဂီများ နေ့စဉ်နှင့် အမျှ တိုးပွားနေသဖြင့် ၂၀၀၉–ခုနှစ်၊ အောက်တိုဘာလက ကိုရီးယား ထေရဝါဒ သံဃာ့ဂိုဏ်းကြီး တစ်ဂိုဏ်းကို ဖွဲ့စည်းတည်ထောင်နိုင်သည့်အဆင့်အထိ ဖြစ်လာခဲ့ပေပြီ။ ကိုရီးယားလူမျိုးများက သတိပဋ္ဌာန် ဝိပဿနာတရား ကျင့်သုံးကြသော မြန်မာ ယောဂီများကို အားကျ အတုယူပြီး ဝိပဿနာတရား ကျင့်သုံးအားထုတ်နေကြ၏၊ မြန်မာယောဂီဝတ်စုံ လုံချည်အင်္ကျီတို့ကို အမြတ်တနိုး ဝတ်ဆင်ကြ၏။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရေးနှင့် စာရိတ္တ မြင့်မားရေးအတွက် မြန်မာလူငယ်များ သတိပြုသင့်လှ၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၉၅၂ ခုနှစ်မှ စ၍ အိန္ဒိယ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ယိုးဒယား၊ အင်ဒိုနီးရှား စသည့် နိုင်ငံအသီးသီးသို့ ကြွရောက်တော်မူခဲ့ပြီး ပရိယတ်နှင့်တကွ ပဋိပတ်ဖြစ်သော သတိပဋ္ဌာန် ဝိပဿနာတရားကို ဟောကြားချီးမြှင့်တော်မူခဲ့၏။ ၁၉၇၉–ခုနှစ်၊ နှစ်ဦးအခါကာလ၌ အမေရိကန်နိုင်ငံမှ Mr. Joseph Goldstein တို့အဖွဲ့နှင့် အင်္ဂလန်မှဦးရေဝတတို့၏ အဖန်ဖန် ပင့်ဖိတ်လျှောက်ထားချက်အရ မြတ်ဗုဒ္ဓ၏ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားရေးအတွက် ဆရာတော်ဘုရားကြီးသည် ကရုဏာ ကြီးမားစွာဖြင့် **အမေရိကန်၊ အင်္ဂလန်၊ စကော့တလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အီတလီ၊ ဟော်လန်၊ ဂျာမနီနှင့် ထိုင်း နိုင်ငံများသို့** ထပ်မံကြွရောက်ကာ ဝိပဿနာ တရားကို ဟောကြားပြသခြင်း၊ ကမ္မဋ္ဌာန်းဌာနများ ဖွင့်လှစ်ပေးခြင်း၊ ရဟန်းခံပေးခြင်း စသည်တို့ကို ပြုတော်မူလျက် ကမ္ဘာမှာ ဗုဒ္ဓသာသနာတော် နှစ်(၅၀၀၀)မက တည်တံ့ပြန့်ပွားအောင် ပြုပေးတော်မူခဲ့ သဖြင့် ယနေ့ခေတ်တွင် ကမ္ဘာ နိုင်ငံများစွာ၌ **မဟာစည်** ဟု ပြောလျှင် ဗုဒ္ဓဘာသာ တရားကို လေ့လာ လိုက်စားသူတိုင်း လိုလိုပင် သိနေကြ ပေပြီ။ ကျေးဇူး အလွန်များလှ၏။

မဟာစည် ဆရာတော်ဘုရားကြီးအား ပိဋကတ် ကျမ်းဂန်များနှင့်အညီ ဟောကြားပြသသဖြင့်လည်း မန္တလေးမြို့ မစိုးရိမ် ဆရာတော်ဘုရားကြီး ဦးသုရိယ၊ ပခုက္ကူမြို့ကြာတတ်အကျော် ဆရာတော်ကြီးများ အပါအဝင် ထင်ရှားသည့် ဆရာတော်ဘုရားကြီးများက ချီးကျူးစကားများ မိန့်ကြား ခဲ့ကြသည့်နည်းတူ ယနေ့ခေတ်တွင်လည်း **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ** ဖြစ်တော်မူသည့် မန္တလေးမြို့ ဗန်းမော် ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကလည်း မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတော်မူသော **ဝိပဿနာ ရှုနည်းကျမ်း** စာအုပ်ကြီး နှစ်တွဲကို "**မဟာစည် ဝိပဿနာ နယပ္ပကရဏ** ပဌမော ဘာဂေါ၊ ဒုတိယော ဘာဂေါ" ဟူ၍ ပါဠိဘာသာ ကျမ်းစာကြီးများအဖြစ်သို့ ပြန်ဆိုကာ ရေးသားထားတော်မူ၏။ စာပေကျမ်းဂန်တတ်ပုဂ္ဂိုလ်များက မည်သည့် တရားရှုမှတ်နည်းသည် ဗုဒ္ဓ ပိဋကတ်ကျမ်း ဂန် များနှင့် ညီညွတ်သည် မညီညွတ်သည်ကို သိတော်မူကြ၏၊ ညီညွတ်သောနည်းကို ရှုမှတ်ကြ၏၊ အားပေးကြ၏။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် ဝိပဿနာ ရှုနည်းအတိုင်း ကိုယ်တိုင်ရှုမှတ်ကာ ဟောကြားပြသနေကြသော မဟာစည် ကမ္မဋ္ဌာန်း တရားပြ ဆရာများ၏ မဟာစည် ဝိပဿနာ ရှုမှတ်နည်းသည် မည်သို့ မည်ပုံ ပိဋကတ် ကျမ်းဂန်များနှင့် ညီညွတ်သည်ကို စာဖတ် သူအနေဖြင့် သိရပြီဖြစ်၍ ကိုယ်တိုင်လက်တွေ့ ရှုမှတ်လျှင် လက်တွေ့ပင် အကျိုးရနိုင်၏၊ မသိသေးသော ပုဂ္ဂိုလ်များကိုလည်း သိရှိ နားလည်လာအောင် ရှင်းပြပေးနိုင်၏။

**မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံ ဂစ္ဆတိ။**

**လဒ္ဓကာလောပိ ဒုပ္ပညော၊ ကာမံ ဘုဉ္ဇံ ဂစ္ဆတိ။**

မြက်ကိုစားသည့် သားသမင်သည် သိန်း၊ သန်း၊ ကုဋေမက အလွန် တန်ဖိုးကြီးမားလှသည့် ပတ္တမြားတွေ၊ ကျောက်စိမ်းတုံးတွေကို တွေ့မြင်နေရပါသော်လည်း ကောက်ယူရကောင်းမှန်း မသိရှာပဲ၊ ပတ္တမြား၊ ကျောက်စိမ်းတုံးကြီးများ၏အနီးမှာ ပေါက်နေသော မြက်များကိုသာ တန်ဖိုးရှိသော အစာများအဖြစ် အားပါးတရ စားလျက် တန်ဖိုးကြီးမားလှသည့် ပတ္တမြား၊ ကျောက်စိမ်း တုံးကြီးများ၏ အပေါ်မှာ ကျင်ကြီး ကျင်ငယ်များကိုပင် စွန့်၍ သွားတတ်ကြသေး၏။ ထိုနည်းတူစွာပင် တန်ဖိုး မဖြတ်နိုင်သည့် ဗုဒ္ဓ ဓမ္မ သံဃ ရတနာသုံးပါး ထွန်းလင်းသည့် ဗုဒ္ဓ သာသနာတော်ကြီးနှင့် တွေ့ကြုံမှသာ ကျင့်ကြံအားထုတ်ခွင့်ရသော ဝိပဿနာ တရားကို အလေးအနက် တန်ဖိုးထားကာ မရှု မမှတ်ပဲ အာရုံငါးပါး ကာမဂုဏ် တရားတို့ကို ခံစားရုံနှင့်သာ အချိန် ကုန်သွားကြမည် ဆိုပါလျှင်ဖြင့် ပတ္တမြား ကျောက်များ၏ တန်ဖိုးကို မသိကြသည့် သမင် ဒရယ် စသည်တို့နှင့်သာ တူဖွယ်ရာရှိလိမ့်မည်ဟု ကျမ်းဂန်များက ဆိုထား၏။

ဗုဒ္ဓဘုရားရှင်က နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူ ကာနီး အချိန်၌ "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေ ယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။ သုဘဒ္ဒ ပရိဗိုဇ် ရဟန်းတော်များ ကောင်းကောင်းနေကြ သမ္မာကာလ ပတ်လုံး လောကမှာ ကိလေသာ အာသ ဝေါ ကုန်ခမ်းတဲ့ ရဟန္တာတွေ ဘယ်တော့မှ မဆိတ်သုဉ်း ဘူး၊ အမြဲတမ်းရှိနေလိမ့်မယ်" ဟူ၍ (မဟာပရိနိဗ္ဗာန သုတ်၌) ဟောကြားထား တော်မူခဲ့၏။ "အနည်းဆုံး ရုပ်နာမ် အဖြစ်အပျက်ကို သိမြင်သည့် ဥဒယဗ္ဗယဉာဏ် အဆင့်လောက် ရောက်ပြီးသည်အထိ ဝိပဿနာတရား ရှုမှတ်နေသည့် ယောဂီက စပြီး သောတာ ပန် သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များက မိမိတို့ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိထားသော ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကိုရနိုင်သည့် ရှုမှတ်နည်းကို တရား မရှုမှတ်ဖူးသေးသော ပုဂ္ဂိုလ်များအား ပြောပြလျက် လက်တွေ့ တရားရှုမှတ်ဖြစ်လာအောင် ပြုလုပ်ပေးကြလျှင် ရဟန်းတော်များ ကောင်းကောင်း နေကြသည်မည် ၏" ဟု အဋ္ဌကထာ ဆရာက ဖွင့်ဆိုပြထား၏။

သို့ဖြစ်၍ စာဖတ်သူအနေဖြင့် ဗုဒ္ဓပိဋကတ်ကျမ်းဂန် များနှင့်အညီ မဟာစည် ဆရာတော်ဘုရားကြီး ဟောကြား ညွှန်ပြတော်မူခဲ့သော သတိပဋ္ဌာန် ဝိပဿနာတရား ရှု မှတ်နည်းကို ယုံမှား သံသယ မရှိ ကြိုးစားပြီး ရှုမှတ်မည် ဆိုလျှင် မရှုမှတ်ဖူးသေးသော ပုဂ္ဂိုလ်များအားလည်း ရှုမှတ် ဖြစ်အောင် ကူညီပေးကြမည်ဆိုပါလျှင်ဖြင့် ဤကမ္ဘာကြီးမှာ လောဘ ဒေါသ မောဟ စသော ကိလေသာ စိတ်အညစ် အကြေးကင်းဝေးသူများ တိုးပွားလာကာ ကမ္ဘာကြီး ငြိမ်း ချမ်းသာယာမှုကို ရရှိစေနိုင်သဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး နှစ်ပေါင်း (၅၀၀၀)မက ကြာသည်အထိ ဤကမ္ဘာ မှာ တည်တံ့ပြန့်ပွားနေအောင် သာသနာပြုနေသူပင် ဖြစ် နိုင်ပါကြောင်း ရေးသား တင်ပြလိုက်ပါ၏။

ရဟန်းစင်စစ်၊ တစ်ကျိပ်နှစ်တို့၊
ရှင်ချစ် မြတ်စွာ၊ သာသနာ၌၊ ကောင်းစွာနေပါ၊
ရဟန္တာ၊ ဘယ်ခါ မဆိတ်ပြီ။

**အရှင်မဏ္ဍလ (မုံရွာ)**

http://www.dhammadownload.com



# သဗ္ဗဒါနံ ဓမ္မဒါနံဇိနာတိ

အလှူတကာတို့တွင် တရားဓမ္မအလှူသည် အမြတ်ဆုံးဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားခဲ့ပါ၏။ မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိ စွမ်းရည်များ ထင်ရှား ထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြားတော်မူသော တရားဒေသနာနှင့် အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာတော်အတွက် အကျိုးကျေးဇူးလွန်စွာများလှပါ၏။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့လျက်ရှိသော ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာရှိ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ချုပ်က မဟာစည်ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းစီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် မဟာစည်တရားတော်ပြန့်ပွားရေး ရံပုံငွေ ကျပ်သိန်း(၅၀၀)ခန့်ဖြင့် လည်ပတ်လုပ်ကိုင်နေပါသည်။ ထုတ်ဝေဖြန့်ချိရမည့် စာအုပ်အရေအတွက်နှင့် ငွေလက်ရှိပမာဏမှာ မလောက် မငဖြစ်နေပါသည်။ မြန်မာပြည်တစ်ဝှမ်းလုံး မှ ဝယ်ယူလိုကြသော ကျမ်းစာအုပ်များကို အချိန်မီ မြန်မြန်ဆန်ဆန် ဖြန့်ဝေရောင်းချနိုင်ရေးအတွက် မဟာ စည်တရားတော်ပြန့်ပွားရေး ငွေပဒေသာပင် အလှူ ရှင်များ လိုအပ်လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဘုရားဟောပါဠိတော်လာရှိသည့် အမြတ်ဆုံးအလှူဖြစ်သော "တရားစာအုပ်များ လှူဒါန်းလိုပါက" မဟာစည် တရားတော်ပြန့်ပွားရေး ထာဝရငွေပဒေသာပင် တစ်ပင်လျှင် ၅၀၀၀/-ကျပ် နှုန်းဖြင့် စိုက်ထူ လှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပဒေသာပင် စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ်လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀ နှင့်အထက် လှူဒါန်းလိုပါက အောက်ပါ လိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါ၏။

**တဏ္ဍသိုလ် စိုးယဉ်**

**ဆက်သွယ်ရန်လိပ်စာ**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊
မဟာစည်သာသနာ့ရိပ်သာ၊
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၅၄၁၉၇၁/၅၄၅၉၁၈/၅၄၅၄၆၉

http://www.dhammadownload.com



# မဟာစည်
# ဝိပဿနာရှုနည်းကျမ်းကြီးအား
# အင်္ဂလိပ်ဘာသာဖြင့်ရိုက်နှိပ်လျက်ရှိခြင်း

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး သည် ၁၃၀၀ ပြည့်နှစ်၌ မွေးရပ်ဇာတိဖြစ်သော ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာတွင် (၃)ဦးသော ယောဂီတို့အား သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားတော်ကို စတင်ဟောကြား ပြသတော်မူခဲ့ပါသည်။ ဟောကြားပြသတော်မူသော သတိပဋ္ဌာန်တရားတော်နှင့် ရှုမှတ်နည်းသည် အလွန်လွယ်ကူစွာ အားထုတ်နိုင်သည့်အပြင် တရားထူးများကိုလည်း လျင်မြန်စွာ ရရှိစေနိုင်ခဲ့ပါသည်။ ဟောကြား ပြသတော်မူသော တရားတော်များကို ပညာနုရှင် ရဟန်း ရှင် လူ များအတွက် ကျမ်းတစ်စောင် ရေးသားပြုစုပေးပါရန် ဆရာတော်ဘုရားကြီးအား တရားနာ တရားရှုမှတ်သူ ယောဂီအပေါင်းမှ ပန်ကြားလျှောက်ထားချက်အရ ဆရာတော်ဘုရားကြီးသည် ဤထင်ရှား ကျော်ကြားလာသော ဝိပဿနာရှုနည်းကျမ်းပထမတွဲနှင့်ဒုတိယတွဲကို ၁၃၀၄–ခုနှစ်၊ (၁၉၄၂–ခုနှစ်) ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ၊ မဟာစည်ကျောင်းတော်တွင် သီတင်းသုံးလျက် ရေးသားတော်မူခဲ့ပါသည်။

၁၉၄၉–ခုနှစ်တွင် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်က ပင့်ဆောင်ချက်အရ ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွရောက်သီတင်းသုံးတော်မူပြီး ဒီဇင်ဘာလ(၄)ရက်၊ ၁၉၄၉–ခုနှစ်တွင်စတင်၍ သတိပဋ္ဌာန်ဝိပဿနာ တရားတော်ကို ယောဂီ(၂၅)ဦးဖြင့် စတင်ဟောကြား ပြသတော်မူခဲ့ပါသည်။ ဆရာတော် ဘုရားကြီး၏ ဟောကြားသော တရားတော်နှင့် ရှုမှတ်ပုံနည်းသည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးနှင့် ကမ္ဘာ့နိုင်ငံများသို့ ကျယ်ကျယ် ပြန့်ပြန့် ပြန့်နှံ့ခဲ့ပါသည်။ ပြည်တွင်းမှ တရားအားထုတ်လိုသူ ယောဂီပေါင်းများစွာ မဟာစည်ရိပ်သာကြီးသို့ လာရောက် အားထုတ်ကြသလို ကမ္ဘာ့နိုင်ငံ အသီးသီးမှလည်း တရားအားထုတ်လေ့ကျင့် လိုသူများလည်း ရောက်ရှိလာခဲ့ကြပါသည်။

တရားစတင်အားထုတ်သူယောဂီများအား ဆရာတော်ဘုရားကြီးသည် ရှုမှတ်နည်း အလုပ်ပေးတရားတော်ကို ဦးစွာဟောကြားတော်မူ၍ တရားရှုမှတ်စေပါသည်။ ထိုအလုပ်ပေး တရားတော်ကို နိုင်ငံခြားသား ယောဂီများအတွက် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို၍ " The Satipaṭṭhāna Vipassanā Meditation" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ပါသည်။ ထိုနောက် ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲ၏ အခန်း(၅)ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ " Practical Insight Meditation " အမည်ဖြင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အမှာစာရေးသား၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းတရားများကို ဟောကြားပြသတော် မူသည့်အပြင် ပရိယတ္တိဆိုင်ရာ ကျမ်းစာအုပ်ပေါင်း(၈၀) ကျော်ကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များ ကမ္ဘာအနှံ့ ဖြန့်ချိရန် ဘာသာပြန်အဖွဲ့ကို ကျွမ်းကျင်သော စာပေပညာရှင်များဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ အင်္ဂလိပ်ဘာသာသို့ ဘာသာ ပြန်ဆို

http://www.dhammadownload.com



ပြီးသော ကျမ်းစာအုပ် ပေါင်း(၃၄)အုပ် ရှိခဲ့ပါသည်။ တရားတော်များ ဘာသာပြန်အဖွဲ့က ဝိပဿနာ ရှုနည်းကျမ်းကို ဘာသာပြန်ရန်အတွက် ဦးမင်းဆွေ (မင်းကျော်သူ)အား တာဝန်ပေးအပ်ခဲ့ရာ ၁၉၈၄-ခုနှစ်တွင် ဘာသာပြန်ဆို ပြီးစီးခဲ့ပါသည်။

ဘာသာပြန်ဆိုပြီးသည့်အချိန်တွင် မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးဖြစ်၍ ဘာသာပြန်ဆိုချက်အား စိစစ်တည်းဖြတ်ရန် အခက်အခဲဖြစ်ပေါ်ခဲ့ပါသည်။ ဤဝိပဿနာရှုနည်းကျမ်းသည် ပရိယတ္တိဆိုင်ရာ ပဋိပတ္တိဆိုင်ရာကဏ္ဍတို့တွင် လွန်စွာအရေးကြီး လေးနက်သော ကျမ်းဖြစ် သဖြင့် အမှားအယွင်းကင်းစေရန် ပရိယတ္တိ-ပဋိပတ္တိနှစ်ရပ် ကျွမ်းကျင်တော်မူ၍ မဟာစည်သတိပဋ္ဌာန်နည်း ဖြင့် အားထုတ်လေ့ကျင့်ပြီးသည့် အင်္ဂလိပ်ဘာသာစာပေပါ ကျွမ်းကျင်စွာတတ်မြောက်သူ သံဃာတော်တစ်ပါးပါးက စိစစ်တည်းဖြတ်ပြီးမှသာ ပုံနှိပ်ထုတ်ဝေရန် ဆရာတော် မထေရ်မြတ်ကြီးများက ဩဝါဒ အမိန့်ရှိတော်မူခဲ့ပါသည်။

အဆိုပါ အရည်အချင်းဖြင့် ပြည့်စုံတော်မူသော မဟာစည်ဩဝါဒါစရိယဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဒေါက်တာသီလာနန္ဒာဘိဝံသ ဆရာတော်က စိစစ်မပြီးမီ ပျံလွန်တော်မူခဲ့ရာ ပါမောက္ခချုပ် အသစ် ဖြစ်လာသော ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ ဆရာတော်ဘုရားကြီးက ဆက်လက်စိစစ်ပေးတော်မူ၍ ယခု ဝိပဿနာရှုနည်းကျမ်း: (The Method of Vipassanā Insight Meditation) ပထမတွဲကို ပုံနှိပ် ထုတ်ဝေနိုင်ပြီဖြစ်ပါသည်။

ဤကျမ်းမဟာကို စိစစ်တည်းဖြတ်ပေးတော်မူသော အရှင်မြတ်ကြီးနှစ်ပါးအား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က အထူးရိုသေလေးစားစွာ ဦးခိုက်ဂါရဝပြုအပ်ပါသည်။ ဤကျမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် ပါဠိစာလုံးများ ပြန်ဆိုရာတွင် တိကျမှန်ကန်စေရန် ဆောင်ရွက်ပေးတော်မူသော အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခဒေါက်တာအရှင်နောဓိဉာဏ၊ ပါမောက္ခဒေါက်တာဦးလှမြင့်နှင့် အင်္ဂလိပ်ဘာသာစာပေအတွက် စိစစ်ပေးသော နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ပါမောက္ခ ဆရာ ဦးသာထူး (M.A. English) တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ဂါရဝဖြင့် ဝဏ်ပြုအပ်ပါသည်။

ဤဝိပဿနာရှုနည်းကျမ်း ရိုက်နှိပ်ရာတွင် ကမ္ဘာ့အဆင့်မီ အကောင်းဆုံး စာရွက်အမျိုးအစားဖြင့် Star Colour ပုံနှိပ်တိုက်တွင် ပုံနှိပ်မည်ဖြစ်ပြီး ရှုနည်းကျမ်း ပထမတွဲကို ၂၀၁၁-ခုနှစ်၊ ဇန်နဝါရီလတွင် ရိုက်နှိပ်ပြီးစီးမည်ဖြစ်ပါသည်။ စာမျက်နှာပေါင်း(၅၀၀) ခန့်ရှိမည်ဖြစ်ပါသည်။ ခန့်ငြားသောကတ်ထူဖုံးဖြင့် တစ်အုပ်လျှင် ၃၅၀၀ ကျပ် ကုန်ကျမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ အုပ်ရေ ၂၀၀၀ ရိုက်နှိပ်၍ ဓမ္မဒါနဖြန့်ဝေမည်ဖြစ်ပါသည်။

**မဟာစည်ဝိပဿနာရှုနည်းကျမ်း**

**ဒုတိယတွဲ ကိုလည်း**

**ဆက်လက် ထုတ်ဝေမည်ဖြစ်ပါသည်။**

**ဉာဏ်လင်းထိန်(ရေနံချောင်း)**
**စာတည်းချုပ်**

http://www.dhammadownload.com



# ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျောင်းထိုင်ဆရာတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး ရေးသားစီရင်အပ်သော

# "ဒန္တာအပ်လျှင်ဒွိမှာနုပ်" တရားတော်

တရားအားထုတ်သော ထိုယောဂီသည် ကမ္မဋ္ဌာန်းပေးတတ်သော ဂုဏ်ထူးအပြားရှိသော မိတ်ဆွေကောင်းသို့ ချဉ်းကပ်ပြီးလျှင် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားနှင့် ကမ္မဋ္ဌာန်းဆရာအား မိမိကိုယ်ကို အပ်နှင်းကာ ပြည့်စုံ ကောင်းမြတ်သောအလို၊ ပြည့်စုံကောင်းမြတ်သော နှလုံးသွင်းရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို တောင်းအပ်၏။

(မိမိကိုယ်ကို အပ်နှင်းကာ–ဟူသော)ထိုစကား၌ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊တပည့်တော်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား စွန့်လှူပါ၏ အရှင်ဘုရား"ဟု ဤသို့ ဘုန်းတော်ကြီးသော ဗုဒ္ဓမြတ်စွာဘုရားအား မိမိကိုယ်ကို အပ်နှင်းသင့်ပေသည်။ မအပ်နှင်းခြင်း၌ အပြစ်ကား ဤသို့မအပ်နှင်းဘဲ အစွန်အဖျားကျသော ကျောင်းတို့၌နေသော ယောဂီရဟန်းသည် ကြောက်ဖွယ်အာရုံထင်လာလျှင် နေမြဲပင် ကြံ့ကြံ့တည်ခိုင်စေခြင်းငှါ မစွမ်းနိုင်သဖြင့် ရွာနီးကျောင်းသို့သွား၍ (နေကာ) လူတို့နှင့် ရောလျက် မအပ်မရာပစ္စည်းရှာခြင်းသို့ရောက်၍ ပျက်စီးလေရာ၏။ အပ်နှင်းခြင်း၌ အကျိုးကား–မိမိကိုယ်ကို (မြတ်စွာဘုရားအား) အပ်နှင်းထားသော ထိုယောဂီရဟန်းအား ကြောက်ဖွယ်အာရုံထင်လာစေကာမူ ကြောက်ခြင်း မဖြစ်ပေါ်ပေ၊ "သူခမိန်၊ သင်သည် ရှေးမဆွကပင် မိမိ ကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းထားသည်မဟုတ်လော" ဟုဆင်ခြင်ကာ ထိုယောဂီရဟန်းအား ဝမ်းမြောက် ခြင်း သည်သာလျှင် ဖြစ်ပေ၏။

ကမ္မဋ္ဌာန်းဆရာအား (မိမိကိုယ်ကို)အပ်နှံသော ယောဂီသည်လည်း "အရှင်ဘုရား တပည့်တော်သည် ဤ အတ္တဘောကို အရှင်ဘုရားအား စွန့်လှူပါ၏ ဘုရား"ဟုဆို၍ အပ်နှံအပ်၏။ ထိုသို့ မအပ်နှံခြင်းအပြစ်ကား –ဤသို့ မိမိကိုယ်ကို (ဆရာအား) အပ်နှံမထားသော ယောဂီသည် (ဆရာက) ကြိမ်းမောင်းနိုင်ခွင့်မရှိသူဖြစ်၏။ (ဆရာ၏) ဆုံးမစကားကို မနာယူတတ်၍ ဆိုဆုံးမရခက်သူမူလည်းဖြစ်၏။ (ဆရာကို)မပန်ကြားဘဲ မိမိအလိုရှိရာအရပ်သို့ သွားတတ်သည်ဖြစ်၍ သွားလိုရာသွားတတ်သူမူလည်းဖြစ်၏။ ထိုသို့သောယောဂီကို ဆရာသည် သင်္ဂြိုဟ်ခြင်း ကို ဆရာသည် သင်္ကန်းစသော အာမိသဖြင့်ဖြစ်စေ၊ ဆုံးမဩဝါဒဟူသော ဓမ္မဖြင့်ဖြစ်စေ၊ မချီးမြှောက်၊ လျှို့ဝှက်ခက်ခဲသော (ကမ္မဋ္ဌာန်းဆိုင်ရာ)စာပေကျမ်းဂန်

http://www.dhammadownload.com



ကိုလည်း မပို့ချ။ ထိုရဟန်းသည် (အာမိသနှင့်ဓမ္မဟူသော)ဤချီးမြှောက်ခြင်း နှစ်မျိုးကို မရသည်ရှိသော် သာသနာ၌ ထောက်တည်ရာမရနိုင်၊ မကြာမီပင် သီလပျက်ခြင်းသို့ဖြစ်စေ၊ လူ့အဖြစ်သို့ဖြစ်စေ ရောက်တတ်၏။ အပ်နှံခြင်း၌အကျိုးကား - မိမိကိုယ်ကို (ဆရာအား)အပ်နှံထားသောယောဂီသည် (ဆရာက) ကြိမ်းမောင်းနိုင်ခွင့်ရှိသူလည်းဖြစ်ပေ၏။ (ဆရာကိုမပန်ကြားဘဲ) သွားလိုရာရာ မသွားတတ်ပေ၊ ဆိုဆုံးမလွယ်သည်ဖြစ်၍ ဆရာနှင့်စပ်သော အသက်မွေးမှု(နေထိုင်မှု) ရှိသည်သာလျှင် ဖြစ်ပေ၏။ ထိုယောဂီသည် ဆရာ့ထံမှ (အဆိုပါ) ချီးမြှောက်ခြင်း နှစ်မျိုးကိုရသဖြင့် စူဠပိဏ္ဍပါတိက မထေရ်၏ အနီးနေတပည့်တို့ကဲ့သို့ သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်တတ်ပေသည်။

(ထိုစူဠပိဏ္ဍပါတိက) မထေရ်၏ အထံသို့ ရဟန်းသုံးပါးတို့ လာကြကုန်သတတ်။ ထိုသုံးပါးတို့တွင် တစ်ပါးက "အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့အတွက် (ပြုလုပ်ရမည်)ဟုဆိုလျှင် အသူတစ်ရာနက်သော ချောက်ကမ်းပါးပြတ်၌ ခုန်ချဝံ့ပါသည်ဘုရား"ဟု လျှောက်၏။ ဒုတိယရဟန်းက "အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့အတွက် (ပြုလုပ်ရမည်)ဟုဆိုလျှင် ဤအတ္တဘောကို ဖနောင့်မှစ၍ ကျောက်ပျဉ်၌သွေးလျက် အကြွင်းအကျန်မရှိအောင် ကုန်စေခြင်းငှါ ပြုဝံ့ပါသည်ဘုရား"ဟု လျှောက်၏။ တတိယရဟန်းက "အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့အတွက် (ပြုလုပ်ရမည်)ဟု ဆိုလျှင် ထွက်သက်ဝင်သက်တို့ကိုပိတ်၍ သေခြင်းငှါ ပြုဝံ့ပါသည်ဘုရား"ဟု လျှောက်၏။ မထေရ်သည် "ဤရဟန်းတို့သည် စင်စစ်ကေန် ထိုက်တန်သော ပုဂ္ဂိုလ်တို့ပေတကား"ဟု (ဆင်ခြင်လျက်) ကမ္မဋ္ဌာန်းကို ဟောလေ၏။ ထိုရဟန်းသုံးပါးတို့သည် စူဠပိဏ္ဍပါတိက မထေရ်၏ အဆုံးအမ ဩဝါဒ၌တည်၍ သုံး ပါးလုံးပင် အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ ဤဆို ခဲ့ပြီးသည်ကား (မြတ်စွာဘုရားနှင့် ဆရာတို့အား) မိမိ ကိုယ်ကို အပ်နှံခြင်း၌ (ရနိုင်သော) အကျိုးပေတည်း။ ထို့ကြောင့် "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ သောမြတ်စွာဘုရားနှင့် ဆရာအား မိမိကိုယ်ကို အပ်နှင်းကာ"ဟူ၍ (ငါ) ဆိုခဲ့ပေသည်။

**ဝိသုဒ္ဓိမဂ်မြန်မာပြန်ပထမတွဲ**
**(နှာ-၃၀၆,၃၀၇,၃၀၈)မှ**
**ထုတ်နုတ်ပူဇော်ပါသည်။**

**ဦးတင့်ဆွေ(ဘဏ္ဍာ)**
**ဟိတေသီအဖွဲ့**

http://www.dhammadownload.com



## ဆဋ္ဌသံဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော "အရိယာပုဂ္ဂိုလ်တို့ ဖိုလ်ဝင်စားပုံနှင့် ဖိုလ်မှထပုံ" တရားတော်

ရုပ်နာမ် သင်္ခါရ အလုံးစုံ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေဘိသကဲ့သို့ အရိယာဖိုလ်စိတ်၏ ဖြစ်ခြင်းသည် **ဖလသမာပတ်** မည် ၏။

ဤဖလသမာပတ်ကို ပုထုဇဉ်တို့သည် မရဖူးသေးသောကြောင့် မဝင်စားနိုင်ကုန်၊ အလုံးစုံသော အရိယာတို့သည် ရပြီးဖြစ်သောကြောင့် ဝင်စားနိုင်ကုန်၏။ သို့သော်လည်း မိမိတို့ရဆဲဖြစ်သော ဖိုလ်တစ်ပါးကိုသာလျှင် ဝင်စားနိုင်ကုန်၏။ ရဖူးသော အောက်ဖိုလ်နှင့် မရသေးသော အထက်ဖိုလ်တို့ကိုကား မဝင်စားနိုင်ကုန်။

အရိယာမှန်လျှင် မိမိ၏ ဖိုလ်ကို ဝင်စားနိုင်သည်ချည်းသာဟု ယုံမှားမရှိ ဆုံးဖြတ်အပ်ကြောင်းကို ဝိသုဒ္ဓိ၌ မိန့်ဆို၏။ ထို့ကြောင့် အရိယာဖြစ်ပါလျက် ဖိုလ်ကို မဝင်စားနိုင်သေးလျှင် သမာဓိနှင့်တကွ ကြွင်းသောဣန္ဒြေတို့ အပြည့်အစုံ မထက်သန်သေးသောကြောင့်ဟူ၍သာ ယူဆရန်ရှိတော့သည်။ ထိုသမာဓိဣန္ဒြေစသည်တို့ အပြည့်အစုံထက်သန်အောင် ဝိပဿနာကိုသာလျှင် အဖန်ဖန် အထပ်ထပ် လေ့လာပွါးများစေအပ်၏။ ထက်သန်ပြည့်စုံသောအခါ၌ ဖလသမာပတ်သို့ရောက်ပါလတ့်။ ဖလသမာပတ်ကို အကြိမ်ကြိမ်ဝင်စားနိုင်မှလည်း စိတ်ချသင့်ပေသည်။

လောက၌ မင်းများ, နတ်များသည် မိမိတို့၏ ကိုယ်ပိုင်ဖြစ်သော မင်းစည်းစိမ်ချမ်းသာ၊ နတ်စည်းစိမ်ချမ်းသာတို့ကို ခံစားကုန်သကဲ့သို့ အရိယာတို့သည်လည်း မိမိတို့၏ ကိုယ်ပိုင်ဖြစ်သော ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူသော လောကုတ္တရာချမ်းသာကို မျက်မှောက်၌ပင် ခံစားခြင်းအကျိုးငှါ "ဤမျှသောကာလအတွင်း၌ ဖိုလ်စိတ်ကိုသာဖြစ်စေလျက်နေမည်"ဟု ရှေးအဖို့ကပင် ပိုင်းခြားမိဋ္ဌာန်၍ အလိုရှိတိုင်းသောခဏ၌ဖလသမာပတ်ကို ဝင်စားကုန်၏။ ဖိုလ်ဝင်စားခိုက်၌ ဖြစ်ချည် ပျက်ချည်နှင့် မတည်တံ့သော သင်္ခါရဟူသမျှမှ ကင်းဆိတ်ရာသို့ ရောက်လျက် ငြိမ်းချမ်းစွာနေရခြင်းအကျိုးရှိ၏။ ထို့ပြင် မဂ်ဖိုလ်သို့ရောက်ပြီးခါစ ပုဂ္ဂိုလ်မှာ ဖိုလ်သို့ အကြိမ်ကြိမ်ရောက်ခြင်း၊ ဖိုလ်၌ ကြာမြင့်စွာတည်ခြင်းတို့ဖြင့် ဆရာသမားနှင့် သီတင်းသုံးဖော်တို့အား စိတ်ချစေရခြင်းအကျိုးလည်းရှိပေ၏။

အရိယာပုဂ္ဂိုလ် ဝိပဿနာရှုလျှင် အဖြစ်အပျက်မှစ၍ ထင်ပေါ်၏။ အဖြစ်အပျက်ကိုသိမြင်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း ဝိပဿနာဉာဏ်များဖြစ်ပေါ်ပြီးလျှင် မကြာမီပင် သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပေါ်တတ်၏။ သို့ဖြစ်၍ ဖိုလ်ဝင်စားရန် ဝိပဿနာရှုသော အရိယာအား ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာတိုင်အောင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ်ကုန်၏၊ သင်္ခါရုပေက္ခာ အားပြည့်သောအခါ၌ အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင် မှတ်သိအပ်ဆဲ သင်္ခါရအာရုံကိုစွန့် လွှတ်၍ သင်္ခါရချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်အာရုံ ထဲသို့ စိတ်သည်ပြေးဝင်သွားသကဲ့သို့ဖြစ်၏။ ထိုစိတ်၏ ဖြစ်ပုံသည် ရှေးမဂ်ဖြစ်စဉ်အခါက စိတ်၏ ဖြစ်ပုံနှင့် အလားတူ၏။ ရှေးက

http://www.dhammadownload.com





ဖြစ်ဖူးသောမဂ်၏ အကျိုးဖြစ်သောကြောင့် ၎င်းစိတ်ကို ဖိုလ်စိတ်ဟုခေါ်သည်။

ငါးမိနစ်ခန့်၊ ဆယ်မိနစ်ခန့်ဖြစ်စေ၊ ဆယ့်ငါးမိနစ်ခန့်၊ နာရီဝက်ခန့်ဖြစ်စေ၊ တစ်နာရီခန့်၊နှစ်နာရီခန့်ဖြစ်စေ၊ ထိုထက်အလွန် အယုတ်ဖြစ်စေ ဖလသမာပတ်၌တည်လိုသော အရိယာသည် ရှေးအဖို့က "ဤမျှကာလပတ်လုံး ဖလသမာပတ်တည်တံ့ပါစေ"ဟု ပိုင်းခြားမိဋ္ဌာန်၍ ဝိပဿနာရှုမှတ်အပ်၏။ ရှုမှတ်ဆဲ၌ကား ထိုဖလသမာပတ် တည်တံ့ရန်ကြောင့်ကြမစိုက်အပ်၊ မမျှော်လင့် မတောင့်တအပ်၊ ရှုမှတ်ရုံသာ ရှုမှတ်အပ်၏။ ထိုသို့ရှုမှတ်နေလျှင် သင်္ခါရုပေက္ခာဉာဏ်အား ပြည့်သောအခါ၌ ရှေးကပိုင်းခြားမိဋ္ဌာန်ထားသည့် ကာလပတ်လုံး သင်္ခါရနိမိတ် အလုံးစုံကို အာရုံမပြုဘဲ သင်္ခါရချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန်ဓာတ်၌သာလျှင် စိတ်သည် သက်ဝင်လျက် တည်နေ၏။ ထိုသို့ ပိုင်းခြားထားသမျှ ကာလပတ်လုံး ဤ ဖလသမာပတ်သည်တည်တံ့လျက်ရှိ၏။ သို့သော်လည်း ဤသို့ ပိုင်းခြားထားသမျှကာလပတ်လုံး တည်တံ့ခြင်းသည် ဝိပဿနာဉာဏ် ထက်သန်၍ နိုင်နင်းသော ပုဂ္ဂိုလ်တို့မှာသာ ပြည့်စုံတတ်ပေသည်။ မထက်သန်၊ မနိုင်နင်းသော ပုဂ္ဂိုလ်တို့မှာ ပိုင်းခြားတိုင်း မပြည့်စုံသည်လည်း ရှိတတ် ပေ၏။ ရှေးအဖို့က ပိုင်းခြားမိဋ္ဌာန်မှုကို မပြုဘဲ ဝင်စား လျှင်ကား ကြာမြင့်စွာ မတည်သည်ကသာများတတ်၏။

အချို့ပုဂ္ဂိုလ်သည် ဖိုလ်ဝင်စားရန်ရှုမှတ်လျှင် ဖိုလ်သို့လည်း လျင်မြန်စွာရောက်တတ်၏။ ဖိုလ်မှလည်းလျင်မြန်စွာထတတ်၏။ ဖိုလ်ဖြစ်ချည် တစ်လှည့်၊ ရှုမှတ်ဆင်ခြင် ချည်တစ်လှည့်အားဖြင့် အကြိမ်များစွာဖြစ်တတ်၏။ ထိုအခါမှာ ဝင်စားမှု၌လည်း မနိုင်နင်း၊ သုတလည်းမရှိသူဖြစ်လျှင် ဖိုလ်ဝင်စားဆဲမှာပင် ထိုထိုအာရုံကိုလည်း ကြံသိရှုမှတ်နိုင်သည်ဟု ထင်မှတ်တတ်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်၏ ထင်မှတ်ပုံမျိုးပင်ဟု ယူသင့်၏။

ဘဝင်စိတ်ဖြစ်ပေါ်လျှင် ဖလသမာပတ်မှ ထသည်မည်၏။ သို့သော်သာမန်အရိယာသည် ထိုဘဝင်စိတ်ကို ထင်ရှားသိရန် ခဲယဉ်း၏။ ဘဝင်၏ အခြားမဲ့၌ ဖိုလ်၊ နိဗ္ဗာန်တို့ကို ဆင်ခြင်မှုဖြစ်စေ၊ တခြား တစ်ပါးကို နှလုံးသွင်းမှုဖြစ်စေ၊ ရှုမှတ်မှုဖြစ်စေ ဆက်၍ဖြစ်ပေါ်၏။ ဆင်ခြင်၊ နှလုံးသွင်း ရှုမှတ်သော ထိုစိတ်များကိုသာလျှင် ထင်ရှားသိလွယ်ပေသည်။ သို့ဖြစ်၍ ထိုသို့သောစိတ်များ ဖြစ်ပေါ်သောအခါ၌ ဖလသမာပတ်မှ ထပြီဟု မှတ်ရာ၏။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော
ဝိပဿနာရှုနည်းကျမ်း(ဒုတိယတွဲ)မှ
ထုတ်နုတ်ပူဇော်ပါသည်။

ဒေါ်ပညာဝတီ
ဓမ္မဂဝေသီအမျိုးသမီးဆောင်
မဟာစည်သာသနာ့ရိပ်သာ

http://www.dhammadownload.com



# မဟာစည်သာသနာ့ရိပ်သာ
# ဆေးပဒေသာပင်အလှူရှင်များ
## (ကျပ် ၁၀၀၀၀ဝ/-နှင့် အထက် အလှူရှင်များ)

(၁-၅-၂၀၁၀ မှ - ၃၁-၈-၂၀၁၀ အထိ)

| စဉ် | အမည်/နေရပ်လိပ်စာ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၁။ | မဟာစည်နာယကဆရာတော် ဘဒ္ဒန္တမင်္ဂလ"မွေးနေ့အလှူ" မဟာဂန္ဓာရုံသင်တန်းကျောင်း၊ ကမ္ဘာအေးမရမ်းကုန်းမြို့နယ်။ ------------------------------------------ | ၁၀,၀၀ဝ |
| ၂။ | ဒေါ်ပညာဝတီ(အဆောင်မှူး)ဓမ္မဂဝေသီဆောင်၊မဟာစည်သာသနာ့ရိပ်သာ။ ------------- | ၂၀,၀၀၀ |
| ၃။ | အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်ခင်နွဲ့ရီ၊ သား-ဒေါက်တာဦးတင့်စိုးလင်း၊ သမီး-ဒေါ်ပွင့်မာနိုင် နှင့် ရွှေပုစွန် မိသားစုများ၊ ၁၁၉-သံလွင်လမ်း၊ကမာရွတ် ------------ | ၂,၀၀,၀၀၀ |
| ၄။ | ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးကြည်နိုင်+ဒေါ်စင်ခွမ်၊ ဦးရော်ဘင်ကား+ဒေါ်သိန်းမေ တို့အားရည်စူး၍ ဦးသန်းအေး+ဒေါ်မာဂရက်၊ သမီး-မဂျင်နီအေး၊သားငယ်-မောင်မျိုးအေး မိသားစု အမှတ်-၁၁/ဆ၊ဦးလွန်းမောင်လမ်းသွယ်(၂) သင်္ဃာဝတီလမ်း၊မရမ်းကုန်းမြို့နယ်။ ---------- | ၁,၅၀,၀၀၀ |
| ၅။ | ကျေးဇူးရှင်မိခင်ကြီး ဒေါ်ပေါပေါ အားရည်စူး၍ ဦးစိုးပိုင်+ဒေါ်ခင်မြတ်ဆွေ သမီး-မရွှေရည်ရွှန်းမြတ်၊ သား-မောင်ခန့်ပိုင်စိုး "ပိုင်မိသားစုကုမ္ပဏီ" အမှတ်(2-B) မြက်နုသာဥယျာဉ်အိမ်ယာ၊လှိုင်မြို့နယ်။ ----------------------------- | ၁,၀၀,၀၀၀ |
| ၆။ | ဒေါက်တာသန့်ဇော်လင်း+ဒေါက်တာယုနေခင်ဇော်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ---------- | ၅၀,၀၀၀ |
| ၇။ | ဦးကြိုင်စန်းရွှေ+ဒေါက်တာခင်ဝင်းစိန်၊သား-မောင်သီဟရွှေ၊သမီး-မအေးသီတာရွှေ အမှတ်(၉၇)ဦးဝိစာရလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။ ----------------------------- | ၅၀,၀၀၀ |
| ၈။ | ကွယ်လွန်သူ ဦးဝင်းနိုင်ဦး အသက်(၄၃)နှစ်ကောင်းမှု၊ အမှတ်(၈၇)ရေကျော်လမ်း၊မင်္ဂလာတောင်ညွန့်။ ----------------------------- | ၅၀,၀၀၀ |
| ၉။ | နှစ်ဖက်သောမိဘများအားအမျှပေးထား၍ ကိုစိန်လှိုင်+မစိုးစန္ဒာအောင် မိသားစုကောင်းမှု တိုက်(၃)အခန်း(၄၀၆)မြိုင်ဟေဝန်အိမ်ယာ၊မရမ်းကုန်း။ ----------------------- | ၃၀,၀၀၀ |
| ၁၀။ | ကွယ်လွန်သူ-ကိုပြည်မိုး အားရည်စူး၍ ကူဝိတ်မှသူငယ်ချင်းများ။ ------------------- | ၂၀၀၀၀ |
| ၁၁။ | KKS, MKK, KSA (ခေတ္တ-အိန္ဒိယနိုင်ငံ) ------------------------------- | ၁၅,၀၀၀ |
| ၁၂။ | ဒေါ်ကြည်မိသားစု၊ အမှတ်(၂၇)သီရိလမ်း၊စမ်းချောင်း။ ------------------------ | ၁၅,၀၀၀ |
| ၁၃။ | ဦးစိုးမြင့်+ဒေါ်စန်းနု မိသားစု၊ အမှတ်(၇)ဦးဂွယ်လမ်း၊စမ်းချောင်း။ ----------------- | ၁၀,၀၀၀ |
| ၁၄။ | မောင်ကောင်းနိုင်ခန့် "၃"နှစ်ပြည့်မွေးနေ့အလှူ၊ တိုက်(၈)အခန်း(၄၁၀)လိပ်ကန်လမ်း၊ပုဇွန်တောင်။-- | ၁၀,၀၀၀ |

http://www.dhammadownload.com



| စဉ် | အမည်/နေရပ်လိပ်စာ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၁၅။ | ဒေါ်ရီရီဆွေ၊သား–မောင်နေတိုး+မရီလေးသော် (၅၀၈/ဘီ) အောက်ကြည့်မြင်တိုင်လမ်း အနောက်ပိုင်းဆေးရုံရှေ့၊ ကြည့်မြင်တိုင်။ | ၁၀,၀၀၀ |
| ၁၆။ | မဗီးနပ်စ်၊ အမှတ်–၁၈/ $C_2$ နဝဒေးလမ်း၊ယောမင်းကြီးရပ်ကွက်၊ဒဂုံမြို့နယ်။ | ၁၀,၀၀၀ |
| ၁၇။ | ဦးလန်ကွန်း+ဒေါ်တင်တီ မိသားစု၊ တိုက်ကြီးမြို့။ | ၁၀,၀၀၀ |
| ၁၈။ | ဦးဓာနေယျ၊မြစိမ်းတောင်ကျောင်း၊တိုက်ကြီးမြို့။ | ၁၀,၀၀၀ |
| ၁၉။ | ကိုသူဇော်ဦး+မနွဲ့နွဲ့စန်း၊ လှည်းကူး၊ ကန်မကြီးလမ်း။ | ၁၀,၀၀၀ |
| ၂၀။ | ဒေါ်အေးသင် မိသားစု၊ လှည်းကူး၊ ကမ်းနားလမ်း။ | ၁၀,၀၀၀ |
| ၂၁။ | မဗီးနပ်စ်၊ အမှတ်–၁၈/ $C_2$ နဝဒေးလမ်း၊ယောမင်းကြီးရပ်ကွက်၊ဒဂုံမြို့နယ်။ | ၁၀,၀၀၀ |
| ၂၂။ | ဦးတင်အောင်+ဒေါ်ဝါ၊ အမှတ်–၉၅/အီး၊၃–လွှာ၊၇–လမ်းတို၊လမ်းမတော်။ | ၁၀,၀၀၀ |
| ၂၃။ | ဦးတင်ဌေး+ဒေါ်မေရီဝင်း၊သမီး-သင်းသဥ္ဇာထက်၊သား–ပိုင်သက်ကျော်ကောင်းမှု ၁၂/မိုလ်မှူးအောင်လမ်း၊မိုလ်စိန်မှန်ရပ်ကွက်၊ဗဟန်းမြို့နယ်။ | ၁၀,၀၀၀ |
| ၂၄။ | ဦးရဲညွန့်+ဒေါ်ခင်မာကြည် မိသားစု၊ ၁၅/၆–လွှာ၊စိတ္တသုခလမ်း၊ကျောက်မြောင်း။ | ၁၀,၀၀၀ |
| ၂၅။ | ဦးစောလွင်+ဒေါ်စောစောဦး တို့အားရည်စူး၍ သမီး–မစောမြကေခိုင် နှင့် သား–မောင်ကျော်ကျော်လွင်၊ အမှတ်–၃၇/၇၁၀–ပြည်ထောင်စုလမ်း၊မြောက်ဒဂုံ။ | ၁၀,၀၀၀ |
| ၂၆။ | ကိုတင်ကိုမြင့် အားရည်စူး၍ ဦးကျင်သောင်း+ဒေါ်ပြုံးချို မိသားစု ၈၇/၂၉–လမ်း၊"မျိုးမြတ်ရတနာကျောက်ရောင်းဝယ်ရေး" ပန်းဘဲတန်းမြို့နယ်။ | ၁၀,၀၀၀ |
| ၂၇။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်လှမြိုင်အားရည်စူး၍ ဒေါက်တာအောင်မြင့်ဇော်+မဌေးဌေးဝင်း၊ "ရှင်ပြုကြည်သာအထူးကုဆေးခန်း" မိသားစု၊၁၆/ပန်းပင်ကြီးလမ်း၊ကြည့်မြင်တိုင်။ | ၁၀,၀၀၀ |
| ၂၈။ | ဦးပေါ်+ဒေါ်သန်းစိန် မိသားစု၊ သဘော်တင်ရွာ၊မြင်းခြံမြို့နယ်၊မန္တလေးတိုင်း။ | ၁၀,၀၀၀ |
| ၂၉။ | ဒေါ်အုန်းဆင့်+ဒေါ်ညွန့်စိန်+ဒေါ်ဌေးဝင်း၊သဘော်တင်ရွာ၊မြင်းခြံမြို့နယ်၊မန္တလေးတိုင်း။ | ၁၀,၀၀၀ |
| ၃၀။ | မောင်သိန်းသန်းချိုဦး နှင့် မိသားစု၊ အမှတ်(၆၅)ကျောက်မြောင်းလမ်း၊တာမွေမြို့နယ်။ | ၁၀,၀၀၀ |
| ၃၁။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ (၇)ရက်သားသမီးများအတွက် ဒေါ်သန်းသန်းလွင် ဝါသခ်အလယ်ရွာ၊ကော့မှူးမြို့နယ်။ | ၁၀,၀၀၀ |
| ၃၂။ | ဦးသန်းကျော်+ဒေါ်ခင်စိုး သားသမီး၊မြေး– မောင်လင်းထက်အောင် မိသားစု ၉/၂၇၃–အေးချမ်းသာယာလမ်း၊အလယ်ရွှေဂုံတိုင်၊ဗဟန်းမြို့နယ်။ | ၁၀,၀၀၀ |
| ၃၃။ | ဦးဝင်းကြည်+ဒေါ်မြလှိုင် မိသားစု၊ ဦးဝင်းကြည်"၆၂" နှစ်ပြည့်မွေးနေ့ တိုက်(၆/ဘီ)အခန်း(E1)အေးရိပ်မွန်(၃)လမ်း၊၃–ရပ်ကွက်၊လှိုင်မြို့နယ်။ | ၁၀,၀၀၀ |
| ၃၄။ | အဖေ–ဦးမျိုးမြင့်+အမေ–ဒေါ်မိမိခိုင် တို့အားအမှူးထား၍ သမီး–မအေးအေးမော် နှင့် မမြစန္ဒာမိုး၊ ၁၁၅/၄၀ါလမ်း၊နွယ်အေးရပ်ကွက်၊ဒေါပုံမြို့နယ်။ | ၁၀,၀၀၀ |
| ၃၅။ | မိဘနှစ်ပါးအမှူးထား၍ သမီး–မဝင်းမာထွန်းမှ လှူဒါန်းပါသည်။ အမှတ်(၂၀၅)၇–လွှာ၊၂၈–လမ်း၊ပန်းဘဲတန်းမြို့နယ်။ | ၁၀,၀၀၀ |

http://www.dhammadownload.com



| စဉ် | အမည်/နေရပ်လိပ်စာ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၃၆။ | မယုဝတီ+မခေမေသီ၊မဟာစည်သာသနာ့ရိပ်သာ၊ဗဟန်း။ ------------------------ | ၁၀,၀၀၀ |
| ၃၇။ | ဦးမင်းထွန်း+ဒေါ်ခင်စောဝေ မိသားစု၊ အမှတ်(၄၉)သီရိဂုဏ်အိမ်ယာဝင်း၊သင်္ကန်းကျွန်းမြို့နယ်။ ------------------------ | ၁၀,၀၀၀ |
| ၃၈။ | ဖေဖေ-ဦးနိုင်ဌေးဝင်း+မေမေ ဒေါ်တင်ယုံ တို့အားဦးထိပ်ထား၍ သမီးကြီး-မစန္ဒာဝင်း(ခ)မခွါညိုဌေး မိသားစု၊ အမှတ်-၅၆/ဘီ၊လှည်းတန်းလမ်းမကြီး၊ကမာရွတ်မြို့နယ်။ ------------------ | ၁၀,၀၀၀ |
| ၃၉။ | သားလေး ဟိုက်ထိုက်စံ ရက်(၁၀၀)ပြည့်မွေးနေ့အလှူ ဦးထိုက်ကိုကို+ဒေါ်မိုးသီတာ မိသားစု၊ တိုက်-၃၈/အခန်း(၅) ၁၂-ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။ ---------------------- | ၁၀,၀၀၀ |
| ၄၀။ | ကွယ်လွန်သူ ဖခင်-ဦးသန်းထွန်း အားရည်စူး၍ ဒေါ်ခင်ဝင်းကြည် မိသားစုကောင်းမှု တိုက်-၃၈၉/အခန်း(၁၆) ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ -------------------------- | ၁၀,၀၀၀ |
| ၄၁။ | ဒေါ်ရီလေးနိုင်၊ ရန်ကင်း။ ------------------------------------ | ၁၀,၀၀၀ |
| ၄၂။ | ဦးကျော်မင်း+ဒေါ်စန်းစန်းဝင်း၊ သား-မောင်အာကာဟိန်းကျော်၊မောင်ထင်ကျော်စိုးဝင်း မောင်ထူးကျော်ရှိန်းဝင်း မိသားစု၊ အမှတ်(၅၅)၄၁-လမ်း၊ဗိုလ်တထောင်မြို့နယ်။ ----------- | ၁၀,၀၀၀ |
| ၄၃။ | ဦးလင်တန်ပင်+ဒေါ်ချိန် အားရည်စူး၍ သား-ကိုခင်ထွန်း"မွေးနေ့အလှူ" အမှတ်-၃၄/၄-လွှာ/ယာ-သတိပဋ္ဌာန်လမ်း၊တာမွေမြို့နယ်။ ------------------------ | ၁၀,၀၀၀ |
| ၄၄။ | ဒေါ်ရင်ရင်၊အမှတ်(၁၁)၃-လွှာ၊ဈေးဟောင်းလမ်း၊ဗွတ္တလစ်။ ------------------------ | ၁၀,၀၀၀ |
| ၄၅။ | ဦးရာကျော်+ဒေါ်စန်းမြင့် မိသားစု၊မြဖေယျာရပ်ကွက်၊ဟိုပင်မြို့၊ကချင်ပြည်နယ်။ ----------- | ၁၀,၀၀၀ |
| ၄၆။ | ဦးမောင်မောင်ကြီး+ဒေါ်တင်တင်ကြည် မိသားစု၊ , တိုက်-၂၆၀/အခန်း-၂၀၊ရန်ကင်း(၂)ရပ်ကွက်၊ ---------------------------- | ၁၀,၀၀၀ |
| ၄၇။ | ဦးခင်မောင်ကျော်+ဒေါက်တာဒေါ်မြမြအေး အားအမှူးထားပြီး၊ မပိုနွဲ့အေး "မွေးနေ့" အမှတ်-၁၄၅/၁၄၇၊လမ်း(၂၀)လသာမြို့နယ်။ ---------------------------- | ၁၀,၀၀၀ |
| ၄၈။ | မိခင်-ဒေါ်သိန်းမြ အားအမှူးထား၍ မခင်နှင်းနွယ် (အားထုတ်ဆဲယောဂီ) မြသီတာရပ်၊ဟိုပင်မြို့၊ကချင်ပြည်နယ်။ -------------------------------- | ၁၀,၀၀၀ |
| ၄၉။ | ဦးသိန်းအောင်+ဒေါ်အေးမြင့် "တော်ဝင်အောင်ကုမ္ပဏီ" မိသားစု၊ အမှတ်(၉)မြောင်းမြလမ်း၊စမ်းချောင်းမြို့နယ်၊ ---------------------------------- | ၁၀,၀၀၀ |
| ၅၀။ | ဒေါ်သန်းကျင် မိသားစု၊ အမှတ်(၅၅)ဓလွန်လမ်း၊စမ်းချောင်း။ ---------------------- | ၁၀,၀၀၀ |
| ၅၁။ | ဦးလေးမြင့်+ဒေါ်နွဲ့နွဲ့ဇင် မိသားစုကောင်းမှု အမှတ်(၄၇)ဖျာပုံလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ------------------------ | ၁၀,၀၀၀ |
| ၅၂။ | ရေကြောင်းပြမှူးကြီး ဦးမြင့်လွင်(ဆိပ်ကမ်း) အသက်"၅၀"ပြည့်မွေးနေ့ အမှတ်(၂၆၇)ပ-ထပ်၊ဗိုလ်မြတ်ထွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်။ ------------------- | ၁၀,၀၀၀ |
| ၅၃။ | မမာလာအုန်း နှင့် သမီး-မဖူးပြည့်မေ၊ဒေါ်ဖိတ်တင်နှင့်သမီး-မသီဂီအုန်း ၁၅/ဘုန်းကြီးလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ -------------------------- | ၁၀,၀၀၀ |

http://www.dhammadownload.com



| စဉ် | အမည်/နေရပ်လိပ်စာ | လှူဒါန်းငွေကျပ် |
|---|---|---|
| ၅၄။ | ဒေါ်ရင်မေ(စန္ဒာမြိုင်ကျောင်း) "မွေးနေ့"အလှူ မဟာစည်သာသနာ့ရိပ်သာ၊ဗဟန်း၊ရန်ကုန်မြို့။------ | ၁၀,၀၀၀ |
| ၅၅။ | ဦးခင်မောင်ဆွေ+ဒေါ်ခင်စိုးရီ မိသားစု၊ အမှတ်(၄)စမုံလမ်း၊ဒဂုံမြို့နယ်။ --------------- | ၁၀,၀၀၀ |
| ၅၆။ | ကွယ်လွန်သူ နှစ်ဖက် မိဘများနှင့် ခင်ပွန်း(ဦးမြင့်ဆွေ) အားရည်စူး၍ ဒေါ်ခင်စန်းမြင့်<br>သားများ-မောင်ကျော်မင်းဦး၊ မောင်မင်းမင်းဇော်၊မောင်ဝေလျှံဖြိုး မိသားစု<br>အမှတ်(၆၃)၃-လွှာ၊ဗိုလ်မျိုင်းရေအိုးစင်လမ်း၊ကျောက်မြောင်း၊တာမွေ။ --------------------- | ၁၀,၀၀၀ |
| ၅၇။ | ဒေါ်ကျင်တီ ကောင်းမှု၊ တိုက်-၄/အခန်း-၂၃၊ ၅၁-လမ်း၊ဗိုလ်တထောင်မြို့နယ်။ ---------- | ၁၀,၀၀၀ |
| ၅၈။ | မောင်ဇော်တေဇ၊ အမှတ်-၉/၅၆၄/ရေနံချောင်းလမ်း၊ဝန်ထမ်းရပ်ကွက်၊လှိုင်သာယာ။ ---------- | ၁၀,၀၀၀ |
| ၅၉။ | ဒေါ်ပု မိသားစု၊ကျွန်းပင်ကျေးရွာ၊ဒေးဒရဲမြို့နယ်၊ဧရာဝတီတိုင်း။ ------------------- | ၁၀,၀၀၀ |
| ၆၀။ | ဒေါက်တာသိန်းမြင့်ထွန်း(အရိုးအထူးကုဆရာဝန်ကြီး) "မွေးနေ့"<br>အမှတ်(၁၃၅/ဒီ) သံလွင်လမ်း၊ကမာရွတ်။ ---------------------------------- | ၁၀,၀၀၀ |
| ၆၁။ | ဒေါက်တာထက်ကောင်းစံ၊ အမှတ်(၇၀၆)၄၃-ရပ်ကွက်၊မြောက်ဒဂုံ။ ------------------ | ၁၀,၀၀၀ |
| ၆၂။ | ဦးအေးမောင်+ဒေါ်ဖြူဖြူ၊သား-ဘုန်းသီနိုင်ထွန်း မိသားစု၊သာသနာ့ရိပ်သာလမ်း၊ဗဟန်း။ ------ | ၁၀,၀၀၀ |
| ၆၃။ | နန်းဖျူရာမင်းခင်၊ အလယ်ပိုင်း၊တီကျစ်၊ပင်လောင်းမြို့၊ရှမ်း/တောင်ပိုင်း။ ------------- | ၁၀,၀၀၀ |
| ၆၄။ | Ms Veronica Gritsenko, Ms Anastasia Gritsenko England, U.K. ------------- | ၁၀,၀၀၀ |
| ၆၅။ | ဒေါ်ခင်ဝင်းမြတ် အားအမှူးထား၍ သမီး-မဝေမာမွန် ကောင်းမှု၊အင်းစိန်မြို့နယ်။ -------- | ၁၀,၀၀၀ |
| ၆၆။ | ကိုတင်မောင်နီ၊မငြိမ်းငြိမ်းနု မိသားစု၊အမှတ်(၁၄)မြလမ်း၊ကျိုက္ကဆံရပ်ကွက်၊ဗဟန်း။ --------- | ၁၀,၀၀၀ |
| ၆၇။ | ဦးသောင်းငွေ "၆၉"နှစ်မြောက်မွေးနေ့အလှူ ဦးသောင်းငွေ+ဒေါ်အေးမြင့်အောင်<br>မိသားစု၊ဌာနာလမ်း၊၁-ရပ်ကွက်၊ညောင်ဂိုူ၊အင်္ဂပူမြို့နယ်၊ဧရာဝတီတိုင်း။ ------------- | ၁၀,၀၀၀ |
| ၆၈။ | အနန္တကျေးဇူးရှင် ဘိုးဘွား မိဘများကိုအမှူးထား၍ ဦးအောင်ခင်+ဒေါ်တင်တင်ရီ<br>မိသားစု၊ အမှတ်(၁၄)အောင်သပြေလမ်း၊ကျုန်းမာရေးရပ်ကွက်၊စမ်းချောင်း။ --------------- | ၁၀,၀၀၀ |
| ၆၉။ | ဦးကျော်နိုင်ဦး+ဒေါ်အုန်းအုန်းမြင့် မိသားစု၊<br>(၄၀၄)သမစိတ္တ(၁)လမ်း၊ကြည့်စုရပ်ကွက်၊ဒေါပုံ။ ---------------------------- | ၁၀,၀၀၀ |
| ၇၀။ | ကိုအောင်ကြွယ်စိုး+မရည်နွယ်ဦး၊ သား-မြင့်မိုရ်ထွန်း မိသားစု<br>အမှတ်-၃၆၈/ခ၊ပိတောက်(၂)လမ်း၊အင်းစိန်။ ---------------------------- | ၁၀,၀၀၀ |
| ၇၁။ | မောင်ဝေဖြိုးအောင်(၂၈-၈-၂၀၁၀) "မွေးနေ့" ခေတ္တ-ဂျပန်။ ---------------------- | ၁၀,၀၀၀ |
| ၇၂။ | ကိုဇော်မင်းထွန်း+မမေသက်ဆွေ၊သမီး-သန့်ရည်ထက်သူ မိသားစု<br>အမှတ်-၃၃၄/က/၆-လမ်း၊မြို့သစ်၊အင်းစိန်မြို့နယ်။ -------------------------- | ၁၀,၀၀၀ |

http://www.dhammadownload.com



# ဘန္တေ နမက္ကာရ



တန်ဂရမ်းမြို့ရှိ "ဗုဒ္ဓတက္ကသိုလ်"မှ ကျောင်းသား-ကျောင်းသူများက ပိဏ္ဍပါတ ဆွမ်းလောင်းလှူနေကြစဉ်

**ဘန္တေ နမက္ကာရ** ဟုဆိုလိုက်လျှင် ပါဠိတတ်ရဟန်းတော်များအတွက် မထူးဆန်းပေမယ့် ပါဠိ စာပေမသင်ဘူးသော ပုဂ္ဂိုလ်များမှာ အဓိပ္ပါယ် ဖော်ရခက်ပေလိမ့်မည်။ ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ပါသော်လည်း ပညာတတ်ဆရာတော်တို့၏ ဘာသာပြန် ဟောပြပေးမှုကြောင့် ပါဠိကို သင်စရာမလိုပဲ မိခင်ဘာသာဖြင့်သာ ပြောဆိုဆက်ဆံကြသည်က များပါသည်။ ထို့ကြောင့်ပင် **ဘန္တေ နမက္ကာရ**ဟူသောပါဠိစကားကို ကြားလိုက်ရပါက အထူးအဆန်းဖြစ်ကာ ဘာအဓိပ္ပါယ်လဲဟု အတွေးဝင်လာနိုင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ကိုးကွယ်သည့်နိုင်ငံမဟုတ်ပဲ **ဘန္တေ နမက္ကာရ**ဟူသောပါဠိစကားကို နေ့စဉ်နေ့တိုင်း ပြောဆိုနေကြသည့်နေရာမှာ **တန်ဂရန်း**ဟူသော မြို့လေးတစ်မြို့မှ ဗုဒ္ဓတက္ကသိုလ်ပင်ဖြစ်ပါသည်။

ထိုတန်ဂရန်းမြို့သည် အစ္စလာမ်ဘာသာကိုးကွယ်သည့် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်ရှိ မြို့လေးတစ်မြို့ဖြစ်ပါသည်။ ထိုမြို့ရှိ ဗုဒ္ဓတက္ကသိုလ်ကျောင်းသား-ကျောင်းသူများက ရဟန်းသံဃာတော်များနှင့်တွေ့လျှင်ဖြစ်စေ၊ သို့မဟုတ်ပါက လေးစားထိုက်သော ဆရာသမားကို တွေ့လျှင်ဖြစ်စေ နှုတ်မှဦးစွာထွက်ပေါ်လာတာကတော့ **ဘန္တေ နမက္ကာရ**-အရှင်ဘုရားအား ရှိခိုးပါ၏ ဟူသောစကားဖြစ်ပါသည်။ ၎င်းဗုဒ္ဓတက္ကသိုလ်၌ မူလတန်းမှစ၍ အဆင့်မြင့်တန်းအထိ ကျောင်းသား-ကျောင်းသူပေါင်း တစ်ထောင်နီးပါးရှိပါသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ ထင်ရှားသည့် အထက်တန်းကျောင်းများကဲ့သို့ ရှည်လျားကြီးမားသည့် သုံးထပ်အဆောက်အဦးနှစ်ခုနှင့် လေးထပ်အဆောက်အဦးတစ်ခုကို တွေ့ရပါသည်။

အင်ဒိုနီးရှားနိုင်ငံ ရာရာစံသတိပဋ္ဌာန်ရိပ်သာသို့ ဝါတွင်းကာလ တရားဟော တရားပြ ကြွရောက်စဉ် လာရောက်အားထုတ်ကြသော ယောဂီအများစုမှာ ထိုတန်ဂရန်းမြို့မှဖြစ်ပါသည်။ ထိုမြို့၌ ပဒုမုတ္တရ စင်တာတစ်ခုရှိပြီး သတိပဋ္ဌာန် ဝိပဿနာတရားများ ဖွင့်လှစ်

http://www.dhammadownload.com



ပြသခြင်း၊ နီးစပ်ရာမှတစ်ဆင့် သံဃာတော်များ ကို ပင့်ဖိတ်၍ ညတရားပွဲများ ကျင်းပကာ တရား နာယူလေ့ ရှိကြပါသည်။ ဓမ္မယောဂီတစ်ဦးဖြစ် သည့် ဒေါက်တာ ကသိဏ မိသားစုပင့်ဖိတ်သဖြင့် ထို ပဒုမုတ္တရ ဓမ္မာရုံ၌ (၂)ညဆက်တိုက် တရားချီးမြှင့်ပေးရ ပါသည်။ တရား နာ လာရောက်ကြသူများကား (၂၀၀) နီးပါးရှိပါသည်။ မြန်မာပြည်ရှိ မြို့ကြီးများ၌ကျင်းပ သော ညတရားပွဲများ ကဲ့သို့ပင် စည်ကားသည်ကိုတွေ့ရ သဖြင့် ဝမ်းမြောက် ရပါသည်။ အစ္စလာမ်ဘာသာဝင် နိုင်ငံတစ်ခု၌ ထိုကဲ့သို့ လူများစွာ စုဝေးနိုင်ဖို့ မလွယ်ကူ လှချေ။

အတိတ်ကာလက အင်ဒိုနီးရှားနိုင်ငံသည် ဗုဒ္ဓ ဘာသာကိုးကွယ်သည့်နိုင်ငံဖြစ်ခဲ့ပြီး အကြောင်းအမျိုး မျိုးကြောင့် အခြားဘာသာတစ်ခုသို့ ကူးပြောင်းသွား သော်လည်း ပါရမီမျိုးစေ့စိုက်ပျိုးခဲ့သူတို့၏ ဘုန်းကံ ကြောင့် ဗုဒ္ဓ၏ တရားတော်များကို တစ်ဖန်နာယူခွင့်၊ ကျင့်သုံး ခွင့်ရရှိခဲ့ကြခြင်းဖြစ်ပါသည်။ အကျိုးဆက် အနေဖြင့် ရဟန်း၊ သံဃာ၊ မိဘ၊ ဆရာ၊ အသက်အရွယ် ကြီးသူတို့အား ဦးညွှတ်အရိုအသေပေးတတ်သည့် ယဉ်ကျေးသည့် စရိုက်များ ထိုသူတို့၏ သန္တာန်၌ ကိန်းအောင်းခွင့်ရရှိ ကြသည်မှာ တန်ဖိုးမဖြတ်နိုင်သော ရတနာများ လက်ဝယ် ရောက်ရှိနေသကဲ့သို့ဖြစ်ပါ သည်။

အင်ဒိုနီးရှားနိုင်ငံ ရာရာစ် သတိပဋ္ဌာန်ရိပ်သာ ၌ တရားပြသနေစဉ် တန်ဂရန်းမြို့ရှိ ဓမ္မယောဂီတို့၏ ဒုတိယအကြိမ်ပင့်ဖိတ်မှုကြောင့် ပဒုမုတ္တရစင်တာတွင် (၂)ညတရားဟောကြားရပါသည်။ နောက်နေ့တွင် ဗုဒ္ဓ တက္ကသိုလ်မှ ကျောင်းသား-ကျောင်းသူ များက ဝိပဿနာ ဆွမ်းလောင်းလှူလိုသဖြင့် ကြွရောက်ပေးပါ ရန် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ-ဆရာမများက လျှောက်ထားခြင်းကြောင့် ထိုဗုဒ္ဓတက္ကသိုလ်သို့ရောက် ရှိပြီး ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများကို စိတ်ပါ ဝင်စားစွာသင်ယူနေကြသည့် ကျောင်းသား-ကျောင်းသူ များကို တွေ့လိုက်ရ၍ စိတ်နှလုံးရွှင်ပြုံးမိသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။ သက်ဆိုင်သည့်ဆရာများက စာသင်ခန်းထဲအထိ လိုက်ပြရာ ရဟန်းသံဃာကို မြင် တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် သံပြိုင်ထွက်လာ သည့်အသံကား **"ဘန္တေ နမတ္ထာရ"**ပင်ဖြစ်ပါသည်။ လက်အုပ်ချီပြီး ဦးညွှတ်နေကြသော ကျောင်းသား- ကျောင်းသူများကို စိတ်ထဲမှ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာစွာဖြင့် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေဟု မေတ္တာပို့သနေမိပါသည်။

ဝါဒပြင်းထန်သည်ဟုဆိုသော နိုင်ငံ တစ်နိုင်ငံ ၌ ဗုဒ္ဓတရားတော်ကို လေ့လာသင်ယူ ကျင့်သုံးနေကြ သည်မှာလည်း ထိုသူတို့၏ သဘာဝဓမ္မအပေါ်၌ အမှန် ကိုသိမြင်နိုင်သော ဉာဏ်ပညာကြောင့်ပင်ဖြစ်ပါသည်။ သို့မဟုတ်ပါက လက်ခံဖို့ဝေးစွ ဗုဒ္ဓတရားတော်ကို ဖြန့် ဝေပေးသူများကိုပင်လျှင် အနှောက်အယှက်ပေးကြပေ လိမ့်မည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရား ကြီးလက်ထက် အင်ဒိုနီးရှားနိုင်ငံမှ အမျိုးကောင်းသား တစ်ဦး ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာသို့ လာ ရောက်ပြီး လအတန်ကြာ သတိပဋ္ဌာန်ဝိပဿနာတရား ပွားများအားထုတ်ရာမှ တရားတော်အပေါ်၌ ယုံကြည် သက်ဝင်ပြီး ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ယူ၍ ရဟန်းဘဝသို့ အပြီးတိုင် ကူးပြောင်းသွားခဲ့ပါသည်။ ထို့နောက် သတိပဋ္ဌာန် ဝိပဿနာ၏ ငြိမ်းအေးမှုကို မျှဝေပေးလိုသည့်အတွက် မိခင်နိုင်ငံသို့ ပြန်သွားပါသော်လည်း ရဟန်းဝတ်နှင့် ဖြစ်သောကြောင့် နိုင်ငံထဲသို့ ဝင်ခွင့်မပေးသဖြင့် ဆွေမျိုး များရှိရာ မလေးရှားနှင့် စင်္ကာပူနိုင်ငံများ၌ အခန့်သင့် သလို သီတင်းသုံးနေထိုင်ပြီး ဆွေမျိုးမိတ်ဆွေများကို ဝိပဿနာတရား ဟောကြား ပြသပေးရာမှ တဖြည်း ဖြည်း နီးစပ်ရာအချင်းချင်း ပြန့်နှံ့သွားပြီး စိတ်ဝင်စား လာခြင်းဖြစ်ပါသည်။

http://www.dhammadownload.com



အင်ဒိုနီးရှားနိုင်ငံဖွား ရဟန်းတော်လည်း (၃)နှစ်ကြာမှ မိခင်နိုင်ငံထဲသို့ ဝင်ရောက်ခွင့်ရသည်ဟု ဆိုပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၆၀)လောက်က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ထိုရဟန်းတော်ကပင် ပင့်ဖိတ်၍ သာသနာ့အနွယ်ဝင် ရဟန်းတော်များ ထွက်ပေါ်လာရန် သိမ်သမုတ်ခြင်း စသည်များကို ပြုလုပ်ခဲ့သဖြင့် ရဟန်းဦးရေ တိုးပွားလာပြီး ထိုမှတစ်ဆင့် ပါရမီ ရှိသူတို့အား ဓမ္မအမြိုက်ရေကို သောက်သုံးခွင့်ရရှိလာခြင်းဖြစ်ပါသည်။ ထိုသူတို့၏ နှလုံးသားဝယ် ဓမ္မကိန်းအောင်းလာခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ဖြဟ္မဝိဟာရဟုခေါ်သည့် ဖြဟ္မစိုရ်တရားရှင်သန်ကြီးထွားလာပြီး ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတတ်သည့် ကိုယ်ကျင့်တရားများ အားကောင်းလာရာမှ ဒီကနေ့အချိန်တွင် မိသားစုထဲသာမက ဗုဒ္ဓတက္ကသိုလ်ကြီးတည်ထောင်ကာ ဗုဒ္ဓရှင်တော်ဘုရား၏ ကောင်းမြတ်သည့် ဓမ္မအမွေများကို လက်ဆင့်ကမ်းဖြန့်ဝေပေးနေခြင်းမှာ ဂုဏ်ယူစရာကောင်းလှပေသည်။

ရဟန်းသံဃာတော်တို့ကိုလည်းကောင်း၊ လေးစားထိုက်သည့် မိဘဆရာများကို တွေ့လိုက်သည်နှင့် **ဘန္တေ နမက္ကာရ** ဟု တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ သံပြိုင်ရွတ်ဆိုကာ အရိုအသေပေးတတ်သော သူတို့အား ရရှိနိုင်သော အကျိုးတရားများကို ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည်ကို သိကြမည်ဆိုလျှင် မိမိတို့ပြုလုပ်နေသော အပြုအမူပေါ် ဒါထက်မက ဝမ်းမြောက်နိုင်ကြပေလိမ့်မည်။ သုံးလောကထွဋ်ထားရှင်တော်မြတ်ဘုရားက နေ့စဉ်နေ့တိုင်း ဘုရား၊ တရား၊ သံဃာ၊ ဆရာမိဘ တို့ကိုလည်းကောင်း၊ အသက် သိက္ခာ ဂုဏ်ဝါကြီးသူတို့ကိုလည်းကောင်း၊ ရှိခိုးလေ့၊ အရိုအသေပြုလေ့ရှိသူများမှာ ကျန်းမာစွာဖြင့်အသက်ရှည်ရခြင်း၊ ရုပ်ရည်အဆင်းတင့်တယ်လှပခြင်း၊ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း၊ ခွန်အားဗလပြည့်ဝခြင်းနှင့် ဉာဏ်ပညာကြီးခြင်းဟူသော အကျိုးငါးပါးတို့သည် တစ်နေ့တစ်ခြား ဒီရေအလားကဲ့သို့ တိုးပွား၍ လာကြပေကုန်၏ဟု ဟောကြားတော်မူပါသည်။

ယနေ့အချိန်အခါ၌ တိုးတက်နေသောနည်းပညာကြောင့် အတုယူနိုင်စရာတွေ များပြားလှပေမယ့် လူအချင်းချင်း ရိုင်းပင်းကူညီတတ်၊ ချစ်ခင်မြတ်နိုးတန်ဘိုးထားတတ်သည့် ကိုယ်ကျင့်စရိုက်များကို အတုမယူနိုင်ကြပဲ အများကဲ့ရဲ့ဖွယ်များကိုသာ မြင့်မားသည့် အဆင့်အတန်းတစ်ခုအနေဖြင့် လက်ခံကျင့်သုံးလာကြသဖြင့် လူမှုအသိုင်းအဝိုင်းကြား၌ ရဟန်းသံဃာတော်နှင့် ဒကာမများ၊ ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီး၊ လင်နှင့်မယား၊ ဆွေမျိုးမိတ်ဆွေများအကြား ဖြေရှင်းမရနိုင်သော ပြဿနာများစတင်ဖြစ်ပွားလာခြင်းမှာ တစ်ဦးပေါ်တစ်ဦး ဦးညွှတ်အရိုအသေပေးမှု နည်းပါးလာခြင်းကြောင့်ဖြစ်ပါသည်။

လေးစားထိုက်သူတို့အပေါ်၌ ရှိခိုးခြင်း၊ အရိုအသေပြုခြင်း စသည့်တရားများခေါင်းပါးလာပါက တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးမှု လျော့နည်းလာသဖြင့် ကူညီ ဖေးမ စောင့်ရှောက်ရမည့်အစား ဒုက္ခရောက်သူတို့ကို ပို၍ ဆိုးရွားသွားအောင် ပြောဆိုဆောင်ရွက်လာခြင်း၊ ကျေနပ်ဝမ်းမြောက်သင့်ပါလျက် မိမိထက်ကြွယ်ဝချမ်းသာသူများကို မနာလိုစိတ်ဖြစ်ကာ ပျက်စီးအောင် ဆောင်ရွက်လာခြင်းကြောင့် အပြန်အလှန် ရန်ငြိုးဖွဲ့နေရသဖြင့် ကိုယ်စိတ်ဆင်းရဲစွာနေရခြင်း၊ မုန်းတီးစိတ်ကြောင့် အားအင်ဆုတ်ယုတ်လာရာမှ ကျန်းမာရေးဖောက်ပြန်ခြင်း၊ စိတ်နွမ်းကိုယ်နွမ်းဖြစ်ကာ ရုပ်ရည်အဆင်းသန့်ရှင်းကြည်လင်မှု မရှိနိုင်ခြင်း၊ အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်မှုမရှိခြင်း စသည်များကြောင့် ပတ်ဝန်းကျင်လောကကို သာယာအောင် ဖန်တီးနိုင်ဖို့ဝေးစွ မီးပင်လယ်ထဲ တွန်းပို့နေသကဲ့သို့ဖြစ်နေပေလိမ့်မည်။

ထိုသို့မဟုတ်ပါပဲ မြတ်စွာဘုရား၏ တရားဓမ္မများရင်ဝယ်ကိန်းအောင်းစေခြင်းဖြင့် ကိုယ်တိုင်လည်း

http://www.dhammadownload.com



တွေးမိတိုင်း စိတ်ချမ်းသာစေနိုင်၊ ရှိသေပြုခံရသူတို့မှ တုန့်ပြန်သော စေတနာ မေတ္တာတရားကြောင့် မိမိပတ်ဝန်းကျင်၌ ရန်သူမရှိနိုင်တော့ပဲ စိတ်အေးချမ်းသာစွာ ပြောဆို ဆက်ဆံ ဆောင်ရွက်ပေးခြင်းဖြင့် လောက ပတ်ဝန်းကျင်ကို အနှောက်အယှက်ပေးသူမဟုတ်ဘဲ ဘုရားလောင်းများကဲ့သို့ လောကအကျိုး သာသနာ့အကျိုး သယ်ပိုးရွက်ဆောင်ချင်သော လူသူတော်ကောင်းများ ဖြစ်လာကြပေလိမ့်မည်။

တစ်နေ့၌ မြတ်စွာဘုရား ရှင်မဟာမောဂ္ဂလာန် မထေရ်နှင့်အတူ သာဝတ္ထိမြို့အတွင်း ဆွမ်းရပ်သွားအများ စုနေထိုင်ရာ ရပ်ကွက်အတွင်းရှိ လူတစ်ယောက်စာ ရှောင်ကွင်းနိုင်သည့် ကျဉ်းမြောင်းသည့် လမ်းကလေး အတိုင်း ကြွရောက်လာရာ လမ်းခရီး၌ အသက်(၈၀) နီးပါးရောက်ရှိနေသော၊ တောင်ဝှေးကိုကိုင်၍ ခွက်လက် စွဲကာ တောင်းစားနေသော စဏ္ဍာလီအမည်ရသည့် အဖွားအိုတစ်ယောက်နှင့် ခရီးရင်ဆိုင် ဆုံတွေ့ကြရာ မြတ်စွာဘုရားက လမ်းဖယ်မပေးဘဲ ထိပ်တိုက်ရပ်နေ သဖြင့် အဖွားအိုက ဘေးကရှောင်သွားဖို့ ကြိုးစားနေ ပါသည်။ ထိုအဖွားအိုရှောင်သည့်ဘက်သို့ ရှင်တော် ဘုရားက လိုက်ပါပြီး လမ်းပိတ်ထားသကဲ့သို့ဖြစ်နေ ချိန်၊ ရှင်မဟာမောဂ္ဂလာန်က "အဖွားအိုကြီး မြတ်စွာ ဘုရားကို ရှိခိုးလိုက်" ဟုပြောဆိုလိုက်ရာ ဘုရားရှင်က ပြုံးတော်မူသည်ကို မြင်တွေ့လိုက်သည်နှင့် ဦးညွှတ် အရိုသေပေးပြီး ခရီးဆက်သွားစဉ် အတိတ်ဘဝက ရန်ငြိုး ဖွဲ့ခဲ့သည့် ဘီလူးမက နွားယောင်ဆောင်၍ဝှေ့ သတ်သဖြင့် သေဆုံးသွားပါသည်။ ဘုရားရှင်ကို ဦးညွှတ် အရိုသေ ပေးခဲ့မှုကြောင့် နတ်ပြည်၌ စဏ္ဍာလီ နတ်သမီးဖြစ်ခဲ့၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ချက်ခြင်းရောက်ရှိ လာကာ အကျိုးအကြောင်း လျှောက် ထား၍ တရားနာပြီး နတ်ပြည်သို့ ပြန်သွားခဲ့ပါသည်။ ဘုရားရှင်ကို ဦးညွှတ် အရိုအသေပြု လိုက်ရသည့် အချိန်မှာ မိနစ်ပိုင်းမျှပင်ဖြစ်ပေမယ့် ရရှိသည့် အကျိုး ကတော့ မျှော်မှန်းမထားသည့် နတ်သမီးဘဝကို ရောက် ရှိခံစားလိုက်ရခြင်းပင်ဖြစ်ပေသည်။

အင်ဒိုနီးရှားနိုင်ငံ တန်ဂရန်းမြို့ရှိ ဗုဒ္ဓတက္က သိုလ်မှ ကျောင်းသား-ကျောင်းသူများ၏ **ဘန္တေ နမက္ကာရ** ဟု ကြီးမြတ်သူတို့အား ဦးညွှတ်အရို အသေပေးတတ်သော ကောင်းမြတ်သည့် ဓလေ့စရိုက် ၏အကျိုးအာနိသင်ကို သိနိုင်စွမ်းရှိသည့် ပညာရှိသူ တော်ကောင်းသည် ဘုရား၊တရား၊သံဃာ၊မိဘ၊ဆရာ အသက်သိက္ခာ၊ ဂုဏ်ဝါကြီးမားကြကုန်သောသူတို့အား ဘယ်အချိန်၊ ဘယ်နေရာ၌မဆို ရိုသေဦးညွှတ်ခြင်း ကြောင့် ယခုမျက်မှောက်၌ပင် သူတော်ကောင်းတို့၏ အချီးမွမ်းခံရခြင်း၊ အခြွေအရံ ပစ္စည်းဥစ္စာပေါများခြင်း၊ နောင်တမလွန်ဘဝ၌ ကောင်းမြတ်သည့် သုဂတိဘဝသို့ ရောက်စေနိုင်ခြင်းစသော ကောင်းကျိုးအဖုံဖုံကို ရရှိ ခံစားကြရမည်ဖြစ်ပါကြောင်း အသိပေးတိုက်တွန်းလိုက် ရပေသည်။

**အရှင်ပညောဘာသ(ပြင်စည်)**
**LL.B (ဥပဒေဝိဇ္ဇာ)**
**သာသနဓဇဓမ္မာစရိယ**
**မဟာစည်သာသနာ့ရိပ်သာ**
**ဗဟန်း၊ရန်ကုန်မြို့။**

http://www.dhammadownload.com



# မဟာစည်သာသနာ့ရိပ်သာ "၅၈"ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး သက်တော်(၁၀၆)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ



အဖွဲ့ကြီး(၃)ဖွဲ့မှ ဥက္ကဋ္ဌကြီးများ ဝါဆိုသင်္ကန်းဆက်ကပ်နေစဉ်

မဟာစည်သာသနာ့ရိပ်သာကြီး၏"၅၈" ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၆)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲကို မဟာစည် ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပပြုလုပ်ကြပါသည်။

ရှေးဦးစွာ ၁၃၇၂-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၄)ရက်(၂၅-၇-၂၀၁၀)(တနင်္ဂနွေ)နေ့ ညနေ(၃)နာရီအချိန်မှစ၍ ဖလ်ယဉ်ဓမ္မာရုံကြီးနှင့် မဟာစည်ဓမ္မဗိမာန်တော်ကြီးတို့တွင် ဆွမ်းတော်ပွဲများကို အဖွဲ့(၂)ဖွဲ့ခွဲ၍ လက်ခံခဲ့ကြပါသည်။ ဆွမ်းတော်ကြီးပွဲကပ်လှူရန် ကြွရောက်လာကြသော အလှူရှင်များအား ညှပ်ခေါက်ဆွဲဖြင့် ဧည့်ခံကြပါသည်။

အစီအစဉ်(၇)အရ ၁၃၇၂-ခုနှစ်၊ဒုတိယဝါဆိုလပြည့်နေ့ (၂၆-၇-၂၀၁၀) တနင်္လာနေ့ နံနက်(၃)နာရီအချိန်တွင် မဟာစည်ဓမ္မဗိမာန်တော်ကြီးနှင့် ဖလ်ယဉ်ဓမ္မာရုံကြီးတို့တွင် နာယက ဆရာတော်များနှင့် သံဃာတော်များ၊ ယောဂီများက တစ်ပြိုင်တည်း ဘုရားဝတ်ပြုကြပြီးလျှင် အရုဏ်တက်ချိန်၌ ဗုဒ္ဓမြတ်စွာဘုရားအား ဆွမ်းတော်ပွဲများ ဆက်ကပ်လှူဒါန်းတော်မူ၍ ဘိက္ခုပါတိမောက်၊ ဘိက္ခုနော ဝါဒဝဂ်၊ မေတ္တသုတ်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့် ယံဒုန္နိမိတ္တံ (၃)ဂါထာ၊ ဘဝတုသဗ္ဗမင်္ဂလံ(၃)ဂါထာ၊ သဗ္ဗေသတ္တာ၊ ပုရတ္ထိမာယ ဒိသာယ၊ ဥဒ္ဓံယာဝဘဝဂ္ဂါ၊ ဒွတ္တိံသာကာရ

http://www.dhammadownload.com



(အနုလုံ ပဋိလုံ) သမ္ဗုဒ္ဓေသဒ်ါရ၊ အနိစ္စာတိ(၃)ဂါထာ၊ အနိစ္စာ ဝရသဒ်ါရာ၊ ယံပတ္တံကုသလံတဿ ဣမာယ ဓမ္မာနုအဒ္ဓါဣမာယ စသည်တို့ကို နာယကဆရာတော် ဘဒ္ဒန္တသူရိယ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က ဦးဆောင်၍ ဘုရားရှိခိုးကြပါသည်။

အစီအစဉ်အရ (၂၆-၇-၂၀၁၀) တနင်္လာနေ့ နံနက်(၇)နာရီမှ (၈)နာရီအထိ မဟာစည်ဓမ္မဗိမာန်တော်ကြီး၌ မဟာစည်နာယကဆရာတော်(၂)ပါး ဖြစ်ကြသော ဓမ္မာစရိယ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစာရ(နတ်မောက်ဆရာတော်)နှင့် သာသနဓဇ ဓမ္မာစရိယ၊ ဝိနယပါရဂူ ဘဒ္ဒန္တတေဇိန္ဒ ( တလုတ္တော် ဆရာတော်) များထံ အလှူရှင်များက သဟဗ္ဗိကဒါန အဖြစ် ဝါဆိုသင်္ကန်းများကို ကိုယ်တိုင် ဆက်ကပ် လှူဒါန်းကြပါသည်။

ထိုနောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပကြပါသည်။

အစီအစဉ်အရ မဟာစည်နာယကဆရာတော် သာသနဓဇ သိရီပဝရဓမ္မာစရိယ, ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလ(နေပြည်တော်-ပျဉ်းမနားဆရာတော်)အား အဖွဲ့(၃)ဖွဲ့မှ ဥက္ကဋ္ဌကြီးများက အလှူဒါယကာ ဒါယိကာမများအားလုံးကိုယ်စား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပါသည်။ ထိုနောက်ဆရာတော်က (၈)ပါးသီလ ချီးမြှင့်ပြီး အနုမောဒနာတရား ဆက်လက်ဟောကြားပါသည်။

မဟာစည်နာယကဆရာတော်ကြီး သာသနဓဇ သိရီပဝရဓမ္မာစရိယ, ဝိနယပါဠိပါရဂူ, အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလ(နေပြည်တော်-ပျဉ်းမနား ဆရာတော်)က အနုမောဒနာ ရေစက်ချတရား ဟောကြားပြီးသောအခါ ပင့်သံဃာတော် အပါး(၅၀) တို့အား ဝါဆိုသင်္ကန်း(၁)စုံစီနှင့် နဝကမ္မဝတ္ထုငွေ (၁၀၀၀၀ိ)ကိုလည်းကောင်း၊ ရိပ်သာအတွင်း ဆရာတော် သံဃာတော်(၁၁၆)ပါးတို့အား ဝါဆို သင်္ကန်း (၁)စုံစီကိုလည်းကောင်း၊ အသီးသီး ကပ်လှူကြပါသည်။

နံနက်(၁၀)နာရီတွင် အထက်ဆွမ်းစားကျောင်း၌ သံဃာကုန် ယောဂီကုန် နေ့ဆွမ်းဆက်ကပ်ပြီးလျှင် အလှူရှင်များနှင့် ဧည့်သည်တော်များအား မဟာကုသလကာရီ ဓမ္မသာလာမဏ္ဍပ်ခမ်းမတွင် နံနက်စာဖြင့် ဧည့်ခံလှူဒါန်းပါသည်။

မဟာစည်သာသနာ့ရိပ်သာကြီး၏ "၅၈" ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်(၁၀၆)နှစ်ပြည့် ပူဇော်ပွဲ ကုသိုလ်ကောင်းမှု အစုစုတို့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီ အဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အမှု ဆောင်များနှင့် အလှူဒါယကာ အလှူဒါယိကာမ အပေါင်းတို့က အမျှပေးဝေကြ၍ ဝမ်းမြောက် နမော် သာဓုသုံးကြိမ် ခေါ်ဆိုကြပါသည်။

သာဓု ... သာဓု ... သာဓု ...

**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

http://www.dhammadownload.com



# မဟာစည်သာသနာ့ရိပ်သာ
# ၁၃၇၂–ခုနှစ်၊ ဝါဆိုဝါကပ်တော်မူကြသော အခမ်းအနား



ဆရာတော်,သံဃာတော်များ ဝါကပ်တော်မူနေကြစဉ်

နှစ်စဉ်နှစ်တိုင်း ဝါဆိုလပြည့်ကျော်(၁)ရက်နေ့တိုင်း ဝါဆိုဝါကပ်ပွဲ ပြုလုပ်ကြပါသည်။ ယခု ၁၃၇၂–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ (၂၆–၇–၂၀၁၀) တနင်္လာနေ့တွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ဝါတွင်းသုံးလပတ်လုံး ဝါဆို ဝါကပ်တော်မူကြ၍ ဝိပဿနာတရားဓမ္မများ ကြိုးစားအားထုတ်လိုကြသော သံဃာတော်များကို စာရင်းလက်ခံတော်မူ၍ သိတင်းသုံးတော်မူကြပါသည်။

ထိုဝါဆိုသံဃာတော်များသည် ၁၃၇၂–ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်(၁)ရက် (၂၇–၇–၂၀၁၀) အင်္ဂါနေ့ညနေ (၄)နာရီတွင် ဖလ်ယဉ်ဓမ္မာရုံကြီး၌ ဝါကပ်တော်မူကြပါသည်။

"ဣမသမိံ ဝိဟာရေ ဣမံတေမံ သံဝတ်သံဥပေမိ" တရားတော်ပါဠိကို တစ်ပါးလျှင် သုံးခေါက်စီ ရွတ်ဆို၍ ကန်တော့ကြပါသည်။ နာယက ဆရာတော်ကြီး သာသနဓဇ သိရီပဝရဓမ္မာစရိယ, ဝိနယပါဠိပါရဂူ, အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလ(နေပြည်တော်– ပျဉ်းမနား ဆရာတော်)က နိုင်ငံခြားသား သံဃာတော်များအား ရွတ်ဆို ပို့ချ၍ ဝါဆို ဝါကပ်တော်မူခဲ့ပါသည်။ ဝါကပ်တော်မူကြပြီးနောက် နာယကဆရာတော်ကြီး သာသနဓဇ သိရီပဝရဓမ္မာစရိယ, ဝိနယပါဠိပါရဂူ,အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလ(နေပြည်တော်– ပျဉ်းမနား ဆရာတော်)က စည်းမျဉ်းစည်းကမ်းများ ဝါဆိုနယ်နိမိတ်များ သတ်မှတ်ပေးတော်မူ၍ ဩဝါဒတော်ကို မိန့်ကြားခဲ့ပါသည်။

သံဃာတော်အပါး(၁၅၀)တို့က ပန်းစီးကိုယ်စီကိုင်ဆောင်၍ ဝါကပ်တော်မူကြပါသည်။ အလှူဒါယကာ ဒါယိကာမများက ပန်း, ဖယောင်းတိုင်များဖြင့် လှူဒါန်းပူဇော်ကြပါသည်။

ဝါဆို ဝါကပ်ပွဲပြီးဆုံးချိန်တွင် သီးခြားအလှူရှင်များမှ မိမိတို့ဆန္ဒရှိသည်များကို ကပ်လှူပူဇော်ကြပါသည်။

ယခုနှစ်တွင် စန္ဒာမြိုင်အဆောင်မှူး ဒေါ်ရင်မေ "မွေးနေ့" အလှူအတွက် တူမ–ဗွီဒီယိုနှင့်ဓာတ်ပုံ မလိမ္မာ(မြန်မာစာ)၊ ကိုမျိုးအောင်ကျော်၊ ၄၆–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ မောင်နှစ်မတစ်စုတို့က ထီးများကိုတစ်ပါးလျှင် တစ်လက်လှူဒါန်းခဲ့ကြပါသည်။

သံပုရာဖျော်ရည်နှင့် စတုမဓုကို ဦးတင်ဦး (စာရင်းကိုင်(ငြိမ်း)၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)+ ဒေါ်ခင်ကြည် တို့အားအမှူးထား၍ ဦးဇေယျာဦး+ ဒေါ်လှလှသွယ်၊ သားကြီး–မောင်ထက်အောင်ဇေ၊ သမီးငယ်–မစုဇေနှင်း မိသားစု၊ တိုက်အမှတ်(၆) (၉၄)ဝင်း သင်္ကန်းကျွန်းမြို့နယ်တို့မှ နှစ်စဉ်ဆက်ကပ်လှူဒါန်းကြပါသည်။

**ဒေါ်ခင်ဝင်း(ပုတီးကုန်း)**

**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

http://www.dhammadownload.com



# မဟာစည်သာသနာ့ရိပ်သာ
# ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယ
# ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏
# သက်တော်(၁၀၆)နှစ်ပြည့်ပူဇော်ပွဲ



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မွေးနေ့ပွဲကို သက်တော်ထင်ရှားရှိစဉ်ကပင် နှစ်စဉ် ရွှေတိဂုံစေတီတော်သို့ ကြွရောက်၍ လှူဒါန်းပူဇော်ကန်တော့ပွဲ ကျင်းပခဲ့ပါသည်။ စံလွန်တော်မူပြီးသော်လည်း တပည့်ဒါယကာ ဒါယိကာမများမှ ယနေ့တိုင်မမေ့နိုင် ဆက်လက်ကျင်းပ ပူဇော်လျက်ရှိပါသည်။

ယခု ၁၃၇၂–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက် (၂၉–၇–၂၀၁၀)ကြာသာပတေးနေ့ ညနေ (၅) နာရီအချိန်၌ ရွှေတိဂုံစေတီတော်ကြီးတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ (၁၀၆)နှစ် ပြည့်မွေးနေ့ပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ရှေးဦးစွာ မဟာစည်သာသနာ့ရိပ်သာမှ နာယက ဆရာတော်များ၊ ဝန်ဆောင် ဆရာတော်များ၊ နိုင်ငံခြားသားယောဂီများ၊ အမျိုးသားယောဂီများ၊ သီလရှင်ယောဂီများ၊ အမျိုးသမီးယောဂီများနှင့် အဖွဲ့ကြီး(၃)ဖွဲ့မှ အမှုဆောင်များ တက်ရောက်ကြပါသည်။

ရွှေတိဂုံ ရင်ပြင်တော် ချမ်းသာကြီးတန်ဆောင်းတွင် ပန်း၊ဆီမီး၊သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းကြပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ညလုံးပေါက် မီးအလင်းရောင်ပူဇော်ကြပါသည်။

ရှေးဦးစွာဩကာသဖြင့် ဘုရားရှိခိုး၍ "ဗုဒ္ဓေါ သောဘဂဝါ"စသော ဘုရားရှိခိုးကို သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသူရိယက တိုင်ပေးပြီး ဘုရားရှိခိုးကြပါသည်။

ထိုနောက် မေတ္တာသုတ်ကို ရွတ်ဆို မေတ္တာပို့ပြီး (၁၀)မိနစ် ဝိပဿနာတရား ရှုမှတ်ကြပါသည်။ ထိုနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ျာရစ် လှည့်လည်ပူဇော်ကြပြီးလျှင် မဟာစည်သာသနာ့ရိပ်သာကြီးသို့ ပြန်လာခဲ့ကြပါသည်။

**ဒေါ်ခင်ဝင်း(ပုတီးကုန်း)**
**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

http://www.dhammadownload.com






**စာအုပ်ခင်းကျင်း**

# အရိယာဝါသတရားတော်ကြီး

**ဟောကြားသူ – ကျေးဇူးတော်ရှင်**
**မဟာစည်ဆရာတော်ဘုရားကြီး**

ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အရိယာဝါသတရားတော်ကြီးဖြစ်ပါသည်။ခေါင်းစဉ်ငယ်ပေါင်း(၁၀၀)ဖြင့်ပြည့်စုံစွာဟောကြားထားပါ၏။

ဆရာတော်ဘုရားကြီးက "အရိယာတို့၏ စံနေအိမ်" ခေါင်းစဉ်အောက်၌ ဟောကြားရာ -- "ရှေးရှေးတုန်းက အရိယာပုဂ္ဂိုလ်တွေဟာ ဘယ်မှာနေကြသလဲဆိုရင် အရိယာဝါသလို့ခေါ်တဲ့ အရိယာတို့၏ စံနေအိမ်မှာနေကြတယ်၊ ဥပမာ- ယခု လူဝတ်ကြောင်ပုဂ္ဂိုလ်တွေဟာ ဘယ်မှာနေကြသလဲဆိုရင် ကိုယ့်အိမ်မှာ ကိုယ်နေကြတာပေါ့၊ ရှင်ရဟန်းတွေက ဘယ်မှာနေကြသလဲဆိုရင် ကိုယ့်ကျောင်းမှာ ကိုယ်နေကြတာပေါ့၊ အဲဒီလိုပါဘဲ၊ အရိယာပုဂ္ဂိုလ်တွေဟာ ဘယ်မှာနေကြသလဲဆိုရင် အရိယာတို့၏ စံနေအိမ်မှာ နေကြတယ်"ဟု နိဒါန်းပျိုးကာ အရိယာဝါသတရား ၁၀-ပါးတို့ကို တစ်ခုချင်း ရှင်းလင်းဟောကြားထားပါသည်။

"ကိုယ်တိုင် အားထုတ်ကြည့်ကြ" ခေါင်းစဉ်အောက်တွင် ---

"သောတာပန်မှာ ကာမဂုဏ် အာရုံတွေကို သာယာတပ်စွဲတဲ့ ကာမရာဂဆိုလည်းရှိပါသေးတယ်၊ ဗျာပါဒ-ဒေါသဆိုတာလည်းရှိပါသေးတယ်၊ မောဟတို့ မာနတို့ဆိုတာတွေလည်း ရှိပါသေးတယ်။ ဒါပေမယ့်လို့ သူတစ်ပါး၏ အသက်ကို သတ်နိုင်လောက်အောင်တော့ အကုသိုလ်က ပြင်းပြင်းထန်ထန် ထက်ထက်သန်သန် မဖြစ်တော့ဘူး၊ လောဘ၊ ဒေါသ၊ တွေဖြစ်ပေါ်လာပေမယ်လို့ သူတစ်ပါးကို သတ်နိုင်လောက်အောင်အထိတော့ မပြင်းထန်တော့ဘူး၊ အကုသိုလ်ဒီဂရီက လျော့သွားပြီ၊ အဲဒါဘာကြောင့်တုန်းလို့ဆိုရင် သတိကကောင်းနေလို့၊ သတိကနောက်ကလိုက်ပြီး ထိန်းနေလို့ပါပဲ၊ ဒီလိုဖြစ်ပုံကို တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်တိုင်ပဲ တွေ့ရပါတယ်၊"ဟုလည်းကောင်း၊ ထို့ပြင် ဆရာတော်ကြီးက ဆက်၍ "အားမထုတ်သေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒါကို မှန်းဆပြီးကြည့်ကြပေါ့လေ၊ မယုံမကြည်တော့ မရှိကြနဲ့၊ ဟုတ်ကောင်းပါရဲ့လို့ ဒီလိုတော့ယုံကြည်ထားမှဖြစ်မှာ၊ ဘာကြောင့်လဲဆိုရင် သောတာပန်ဟာ အပါယ်ကျရောက်စေတတ်တဲ့ အကုသိုလ်ကို မပြုတော့ဘူး၊သူတစ်ပါးအသက်ကိုလည်း မသတ်တော့ဘူး ဆိုတာကို မြတ်စွာဘုရားကိုကဟော ထားတာ" စသည်ဖြင့် ပြည့်စုံစွာဟောခဲ့ပါတယ်။

"ဒါနကထာ၊ သီလကထာစသည်"... ခေါင်းစဉ်အောက်တွင် ----

"တရားတော်ဆိုတာ အင်မတန်သိမ်မွေ့ပါတယ်၊ ပထမပေးလှူမှုနဲ့ စပ်ပြီးတော့ ဒါနကထာကို ဟောရပါတယ်၊ ပြီးတော့ သီလကထာကို ဟော ရပါတယ်၊ သီလဆိုတာ သူတစ်ပါးအသက်ကို မသတ်ရဘူး၊ သူတစ်ပါးဥစ္စာကို မခိုးရဘူး၊ သူတစ်ပါးသားမယား ကိုမပြစ်မှားရဘူး၊ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင် မလိမ်ရဘူး၊ မူးယစ်မိုက်မဲစေတတ်တဲ့ သေရည်သေရက်ကို မသောက်ရဘူး စသည်ဖြင့် ကိုယ်နဲ့ နှုတ်ကို စောင့်စည်း ရတဲ့ ကိုယ်ကျင့်တရားပါပဲ၊ အဲဒီ သီလကိုကျူးလွန်ရင် အပါယ်ငရဲလည်းကျတတ်တယ်၊ လူဖြစ်တဲ့အခါမှာ လည်းအသက်တိုခြင်း၊ အနာများခြင်း၊ ရန်သူများခြင်း ပစ္စည်းဥစ္စာ မရှိ ရှားပါးခြင်း အစရှိတဲ့ မကောင်းကျိုး တွေနဲ့တွေ့ပြီး ဆင်းရဲတတ်တယ်၊ သီလလုံခြုံရင်တော့ လူ့ဘဝ နတ်ဘဝ ချမ်းသာတဲ့ ဘဝတွေမှာဖြစ်ရတယ်" စသည်ဖြင့် ပြည့်စုံစွာဟောခဲ့ပါတယ်၊ ဗုဒ္ဓဘာသာဝင် တိုင်းလေ့လာဖတ်ရှုလိုက်နာသင့်လှပါ၏။

**(ဤစာအုပ်ကို မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊အမှတ်(၁၆)သာသနာ့ရိပ်သာ လမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၅၄၁၉၇၁ / ၅၄၅၉၁၈ သို့ ဆက်သွယ် ဝယ်ယူနိုင်ပါသည်။)**

**တက္ကသိုလ် စိုးယဉ်**

http://www.dhammadownload.com



**စာအုပ်ခင်းကဏ္ဍ**

# ဓမ္မစကြာ အနတ္တလက္ခဏသုတ် မဟာသတိပဋ္ဌာန်တရားတော်

**ဟောကြားသူ – ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး**




ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော မဟာသတိပဋ္ဌာန်တရားတော်ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ဝိပဿနာလုပ်ငန်းဆိုင်ရာ ကမ္မဋ္ဌာန်းတရားတို့ကို၊ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာကြီးတွင် ဟောကြားတော်မူလေ့ ရှိပါသည်။ ထို့ပြင် အခါအားလျော်စွာ အမြို့မြို့ အရွာရွာသို့ ကြွရောက်တော်မူ၍ ဟောကြားတော်မူလေ့ရှိသည့်ပြင် တစ်ခါတစ်ရံ၌ သက်ဆိုင်ရာတို့က လျှောက်ထား သော အခါ မြန်မာအသံလွှင့်ဌာနမှလည်း ဟောကြား တော်မူလေ့ ရှိပါသည်။

ဤသို့ ဟောကြားတော်မူခဲ့သည့် တရားတော်များတွင် အချို့သော တရားတော်များကို အသံဖမ်းယူ၍ အသံမှ စာအဖြစ်သို့ ကူးယူကာ စာအုပ်အဖြစ်ပုံနှိပ်၍ ဖြန့်ချိ ခဲ့ပါသည်။ ဤစာအုပ်သည် အကြိမ်ကြိမ်ပုံနှိပ်ဖြန့်ချိခဲ့ပြီးသော အသံလွှင့်ဌာနမှ ဟောကြားတော်မူခဲ့သည့် (၁)ဓမ္မစကြာတရားတော်ကြီး၊ (၂) အနတ္တလက္ခဏသုတ် တရားတော်ကြီး၊ (၃) မဟာသတိပဋ္ဌာန်တရားတော်ကြီး တို့ကို တစ်အုပ်တည်းစုပေါင်း၍ ပုံနှိပ်ထားသော စာအုပ်ဖြစ် သည်။

ဓမ္မစကြာတရားတော်ကြီးတွင်– နိဒါန်း၊ ဒုက္ကရစရိယာ အကျင့်၊ တရားဦးဟောရန် ကြွချီ တော်မူခြင်း၊ တရားနာရန်ညွှန်ကြားတော်မူခြင်း တို့ဖြင့် အစချီပြီး ခေါင်းစဉ်(၂၁)ခုပါရှိ၏။ အယုတ် တရားနှစ်ပါး၊ မဇ္ဈိမပဋိပဒါ အလယ်အလတ် အကျင့် တရား၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တည်းဟူသော သစ္စာလေးပါး မြတ်တရားတို့၏ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တို့ကို ရှင်းလင်း ဟော ကြား ထားပါသည်။

မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျင့်တရားနှင့် ပတ်သက်၍ ဝတ္ထု အာရုံ၊ ကာမဂုဏ်တို့၌ ကိလေသာကာမချမ်းသာကို ခံစားခြင်းသည် လမ်းမှား ဖြစ်ပြီး ယုတ်ညံ့ကြောင်း၊ အရိယာသူမြတ်တို့၏ အကျင့်မဟုတ်ကြောင်း၊ ထို့ပြင် သပ္ပါယဖြစ်တဲ့ အစား အစာ၊ အဝတ်အရုံများကိုတောင် မမှီဝဲတော့ဘဲ ကိုယ်ပင်ပန်းအောင် အားထုတ်ကျင့်ကြံတာလည်း လမ်းမှားဖြစ်ကြောင်း၊ မဇ္ဈိမပဋိပဒါအလယ်လမ်းအကျင့်တရားမှာ "မဂ္ဂင်ရှစ်ရပ်အလယ်လမ်းအကျင့်မြတ်"ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။

အနတ္တလက္ခဏသုတ်တရားတော်ကြီးတွင်လည်း–နိဒါန်း၊ နာရုံနှင့်မပြီး၍ အားထုတ်ကြရသည့် ဝေနေယျပုဂ္ဂိုလ်တွေ အချိုးကျကျအားထုတ်ပုံ၊ဒိဋ္ဌိမာနကိုပယ်ရန် အစချီ၍ ရုပက္ခန္ဓာ အနတ္တဖြစ်ပုံ မှတ်ဖွယ်ဆောင်ပုဒ်များ၊ ဝေဒနက္ခန္ဓာ အနတ္တဖြစ်ပုံမှသည် ပဉ္စဝဂ္ဂီရဟန်းတော်များ ရဟန္တာဖြစ်ပုံအထိ ခေါင်းစဉ်ငယ်ပေါင်း(၁၇)ခုဖြင့်ဟောကြားထားပါသည်။

မဟာသတိပဋ္ဌာန်တရားတော်ကြီးတွင်လည်း ပထမပိုင်းတွင် သတိပဋ္ဌာန်လေးပါးသရုပ်၊ ဒုတိယပိုင်းတွင် တရားမဆုံးမီထသွားသောပုဂ္ဂိုလ်၊ တတိယပိုင်းတွင် စွဲလန်းမှုကင်းသော ဝိပဿနာရှုပုံ အသိဉာဏ် (၄) မျိုးသရုပ်အဓိပ္ပါယ်၊ မင်္ဂဖိုလ်မရနိုင်သောခေတ်မရှိပုံ ခိပ္ပါဘိညရဟန္တာဖြစ်ခြင်းအကြောင်း၊ စတုတ္ထပိုင်းတွင် ဝိပဿနာအခြေခံ ရှုနည်း(၂)မျိုး၊ အစွဲအလမ်းကင်းအောင်ရှုပုံ၊ ထင်ရှားသိလွယ်တဲ့ ရုပ်ကစပြီး ဝိပဿနာရှုပုံ အစချီပြီး အစွန်းပယ် အလယ်သွားမှသည် သစ္စဉာဏ်၏ ကိစ္စ(၄)ပါးအထိ ခေါင်းစဉ်ပေါင်း(၁၀)ခုဖြင့် ဟောကြားထား၏။ တရားတော်ကို လိုလားသော အမျိုးသား သူတော်စင် ရဟန်းရှင်လူ အပေါင်းတို့ ကောင်းစွာ ဖတ်ရှု၍ ဘာဝနာတရားပွားများနိုင်ကြပါစေသော် ...။

**(ဤစာအုပ်ကို မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာ သနာနုဂ္ဂဟအဖွဲ့ချုပ်၊အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း–၅၄၁၉၇၁/၅၄၅၉၁၈ သို့ဆက်သွယ် ဝယ်ယူနိုင်ပါသည်။)**

**တက္ကသိုလ် စိုးယဉ်**

http://www.dhammadownload.com



# ထိုင်းနိုင်ငံသွား တရားပြုတစ်ခေါက်




ဆရာတော်ကြီး(၂)ပါး အပူဇော်ခံနေစဉ်

ထိုင်းနိုင်ငံ၊ မဟာကျုလာလုန်ကွမ် ဗုဒ္ဓတက္ကသိုလ်ကြီး၏ ဒုတိယပါမောက္ခချုပ် ဆရာတော်ကြီး ဗရဗရှမ်မောလီနှင့် အဖွဲ့၏ ဖိတ်ကြားချက်အရ၊ ကထိန်ခေတ်အခါ၊ ၁၃၇၂–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၆) ရက်၊ ၂၀၁၀–ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်၊ (သောကြာ)နေ့ နံနက် အချိန်တွင် မဟာစည်နာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဇဋိလ(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိ ပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (နေပြည်တော် – ပျဉ်းမနား) ဆရာတော်ကြီး ဦးဆောင်၍ ဦးနန္ဒမေတ (မဟာစည်ဝန်ဆောင်)၊ ဦးသီရိဓမ္မနန္ဒ (မဟာစည်ဝန်ဆောင်)၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်များ ဖြစ်ကြသော ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်၊ အတွင်း ရေးမှူး– ဦးဖုန်းမြင့်နှင့် အမှုဆောင် ဦးစန်းလွင် တို့ပါဝင် သော ဓမ္မဒူတအဖွဲ့သည် မင်္ဂလာဒုံလေဆိပ်မှ TG ဖြင့် နံနက်(၉)နာရီတွင် ထိုင်းနိုင်ငံသို့ ထွက်ခွါခဲ့လေ သည်။ နံနက်စာကို လေယာဉ်ပေါ်မှာပင် သုံးဆောင်ကြ၍ နေ့လယ် (၁၁း၄၀)နာရီခန့်တွင် သုဝဏ္ဏဘုမ္မိလေဆိပ် သို့ ဆိုက်ရောက် ကြသည်။ လေဆိပ်တွင် မြန်မာနိုင်ငံမှ ယူဆောင်လာခဲ့သည့် ရွှေတိဂုံစေတီတော်ပုံ ရွှေချည်ထိုး၊ ငွေချည်ထိုး ပုံ(၂)ပုံ၊ သင်္ကန်း(၆)စုံနှင့် နှစ်ထပ်သင်္ကန်း (၁)ထည်၊ ယပ်တောင်(၁၅၀)ခု၊ ရွှေပုစွန် နံကထိုင်ပုံးကြီး (၄)ပုံး စသောပစ္စည်းများကို လပ်ဂိတ်မှ ထုတ်ယူကာ လေဆိပ်မှ ကားများဖြင့် (၁၂)နာရီခန့်တွင် ဒုတိယပါမောက္ခချုပ် ဆရာတော်ကြီး ဗရဗရှမ်မောလီ ၏ ကျောင်းသို့ ရောက်ကြသည်။

ရောက်ရောက်ခြင်းပင် ထိုင်းထုံးတမ်းစဉ်လာအရ ပန်းကုံးကို ဘုရားအား ကပ်လှူ၍ ဘုရားနှင့် ခတ်တော်များကို ဖူးမြော်စေလေသည်။ ဗုဒ္ဓေါသောဘဂဝါ စသော ပဋိပတ္တိပူဇနာကာရဖြင့် အားလုံးရွတ်ဆိုပူဇော်ကြ သည်။ ၎င်းနောက် မကြာခင် ဒုတိယပါမောက္ခချုပ် ဆရာတော်ကြီး ဗရဗရှမ်မောလီ အစည်းအဝေးကြီးပြီး၍ ကြွရောက်လာသဖြင့် အဖွဲ့ဝင်အားလုံးက ပူဇော်ဖွယ် ပစ္စည်းများဖြင့် ပူဇော်ကြပါသည်။

ထို့နောက် မဟာစည်သို့ လာရောက် တရားအားထုတ်သွားကြသော ထိုင်းရဟန်းနှင့် သီလရှင်များ လာရောက် နှုတ်ဆက်ပူဇော်ကြသည်။ ညနေပိုင်း၌ မြို့တွင်းရှိ"တာဝန" ဟိုတယ်တွင် သွားရောက် ညကျိန်းကြ၏။ နံနက်စောစော နံနက်စာကို ဗရဗရှမ်မောလီနှင့်အတူ ဟိုတယ်ပိုင်ရှင်ဆက်ကပ်လှူဒါန်းသော အနောက်တိုင်း ဆန်ဆန် နံနက်စာကို သုံးဆောင်ရသည်။

http://www.dhammadownload.com





ထိုင်းနိုင်ငံသို့ ကြွရောက်ကြသည့် မဟာစည်နာယကဆရာတော်ကြီး ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်၊ အတွင်းရေးမှူး ဦးဖုန်းမြင့်၊ အမှုဆောင်ဦးစန်းလွင်

**တရားပွဲများ** (နိုဝင်ဘာလ ၁၃ရက်) နံနက် (၈)နာရီခန့်တွင် ဗရဗရှမ်မောလီ၏ကျောင်း၊ ဘာရားဝင်းဓမ္မာရုံ၌ တရားအားထုတ်ပုံနှင့် အကျိုးတရားများကို ထည့်သွင်း၍ "တရားအားထုတ်ထား အကျိုးများ" ဆိုတဲ့တရားကို ဟောကြားပါသည်။ ထိုင်းဒကာ တစ်ဦးက ဘာသာပြန်သည်။ ပရိသတ်မှာဓမ္မာရုံနှင့် ဘုရားဝိုင်းတွင် အပြည့်ပင်၊ တစ်နာရီခွဲခန့်ကြာ၏။

ဆက်လက်၍ အဖွဲ့ဝင်များ၊ စကားပြန်များ၊ ရှေ့ပြေးရဲကားနှင့်အတူ နခွန်ပတုံစေတီတော် (ထိုင်း၏ အကြီးဆုံးစေတီတော်)သို့ သွားရောက်ကြ၏။ ခရီးသွားစဉ် လမ်းဘေး ချောင်းနခမ်း၌ရှိသော စားသောက်ဆိုင်တွင် ဆွမ်းဆက်ကပ်လှူဒါန်း၏။ ငါးကြော်၊ ချဉ်စပ်ဟင်းချိုပါ၏။ အချိုပွဲ၌ မုန့်လုပ်ဆောင်း အစိမ်းရောင် ဆက်ကပ်၏။ ခရီးဆက်ပြန်ရာ "နခွန်ပတုံ စေတီတော်ကြီး"သို့ ရောက်ကြ၏။ စေတီတော်ပေါ်သို့ လည်ပတ်ဖူးမြော်ကြ၏။ စေတီတော်ပုံတော်တစ်ခု ဂေါပကအဖွဲ့က လှူလိုက်၏။ ဆက်လက်ထွက်ခွါလာရာ " မဟာကျူလာလုန်ဂွမ်ဗုဒ္ဓတက္ကသိုလ်ကြီး" သို့ရောက်ကြ၏။ ရဟန်းတော်များတက္ကသိုလ်ကို "မဟာ"၊ လူများ တက္ကသိုလ်ကို "ရူဋ္ဌ"ဟု ခွဲခြား၍၊ တက္ကသိုလ်နှစ်ခုကို ပေါင်းကာ " မဟာကျူလာလုန်ဂွမ် တက္ကသိုလ်" ဟု ခေါ်တွင်သည်ဆို၏။ ရဟန်းတော်များအတွက် အိပ်ဆောင်၊ စာသင်ဆောင်၊ လူဒါယကာ ဒါယိကာမများ အတွက် အိပ်ဆောင်၊ စာသင်ဆောင်များ ပြည့်စုံ၏။ ထိုင်းထုံးစံအရ ဘုရားစေတီနှင့် ဓာတ်တော်တိုက်များ ပါ၏။ မြေသိမ်၊ ရေသိမ်များကို ကြီးကျယ်ခမ်းနားစွာ ဆောက်ထား၏။ ရဟန်းများက ဩဝါဒပေးဖို့ ပြောကြားသဖြင့် ဩဝါဒစကားပြောကြားခဲ့ပါသည်။

"အရှင်ဘုရားတို့ ဒီတက္ကသိုလ်ကြီးမှာ ပရိယတ်ရော ပဋိပတ်ရော သင်ကြားပေးနေတာ အလွန် ကောင်းပါတယ်၊ ကမ္ဘာ့နိုင်ငံများတွင် ထိုင်းကျောင်းတွေ များစွာ တွေ့ခဲ့ဘူးပါသည်။ ယခုနှစ်ဦးပိုင်း မှာပင် ရုရှားပြည်၊ စိမ့်ပီတာစဘတ်မြို့မှာ ထေရဝါဒ ဗုဒ္ဓဘာသာကျောင်း တစ်ကျောင်း ဖွင့်ခဲ့ပါသည်။ အဲဒီကျောင်းမှာ ထိုင်းဆရာတော်တစ်ပါးကိုပင့်၍ အဘိဓမ္မာသင်ကြားပေးနေပါသည်။ သို့သော် ဝိပဿနာတရားပြနိုင်သော ရဟန်း မရှိပါ၊ ထို့ကြောင့် မြန်မာနိုင်ငံ မဟာစည်ရိပ်သာမှ ဆရာတော် တစ်ပါးပို့ပေးပါဟု မဟာစည်ရုရှားယောဂီ ဟောင်းက တောင်းဆို၍ အင်္ဂလိပ်စာတတ် ကမ္မဋ္ဌာန်းဆရာ တစ်ပါးပို့ပေးလိုက်ရပါသည်ဘုရား။ ဒီ မဟာကျူလာလုန်ဂွမ်ဗုဒ္ဓတက္ကသိုလ်မှလည်း အင်္ဂလိပ်စာတတ် ဝိပဿနာတရားလည်းပြနိုင်တဲ့ ရဟန်းတော်များ များစွာထွက်ပေါ်ဖို့ ဆောင်ရွက်တော်မူကြပါဟု ပန်ကြားလျှောက်ထားပါသည်ဘုရား"ဟု ဩဝါဒပေးခဲ့ပါသည်။

http://www.dhammadownload.com



တက္ကသိုလ်မှ ပြန်လာပြီး ထိုည တောင်ခြေဟိုတယ်တွင် ညကျိန်းကြ၍ အရုဏ်စာကို နံနက် (၇) နာရီခန့်တွင် ဗရဗရှမ်မောလီ၏ ဒါယကာ ဟိုတယ်ပိုင်ရှင်က ဆက်ကပ်လှူဒါန်းသည်။ မြို့ဟိုတယ်ကဲ့သို့ပင် ငါးဆန်ပြုတ်၊ ကြက်အူကြော်။ ဥကျော်၊ အသားများ၊ နို့ကော်ဖီ စုံပါ၏။ ဆုပေး၍ ရေစက်ချကာ ထိုင်းထုံးစံအရ "သဗ္ဗီတိယော" စသည်ရွတ်ပေးရ၏။.

နိုဝင်ဘာ(၁၄)ရက်၊ တောင်ခြေဟိုတယ်မှ အပြန်၊ ပုသိမ်ဆရာတော်တို့ တရားပြရာ တောင်ပေါ်ကျောင်းသို့ ရောက်ကြ၏။ နံနက်(၈)နာရီခန့်တွင် ထိုကျောင်းမွှာရုံကြီး၌ ရဟန်း ရှင်လူ သီလရှင် တို့အား တရားဟောရာ "ဒို့အားထုတ်လာ၊ ဝိပဿနာ၊ ဘယ်မှာ စ၍ဖြစ်သနည်း"ဟူသော တရားကို (၁) နာရီမိနစ်(၃၀) ခန့်ဟောခဲ့ပါသည်။ သူတို့က မေးခွန်းတွေ မေးလာ၍ ပြန်လည်ဖြေကြားသောအားဖြင့် တို့အားထုတ်တဲ့ သတိပဋ္ဌာန်တရားဟာ ဘယ်ကစလာခဲ့သလဲ ဘာကြောင့် မဟာစည်တရားဟု ထင်ရှားလာ သလဲ စသည်စသည်များကို ဖြေဆိုဟောကြားခဲ့ပါသည်။

***ထူးခြားချက်***။ ။ တရားပွဲပြီးနောက် ပုသိမ်ဆရာတော်တို့ကျောင်းအတွက် ခင်းသော ကထိန်ပွဲ ကျင်းပရာကျောင်းသို့ ရောက်ကြ၏။ သံဃာရာကျော်ရှိ၍ လူပရိသတ်မှာ ဓမ္မာရုံနှင့်ကျောင်းဝိုင်းအပြည့်ဖြစ်၍ စည်ကားလှသည်။စတုဒိသာကျွေးမွေးမှုလည်းပြုကြသည်။ ထိုင်းသင်္ကန်းမှာ ဝါဝါ၊ မြန်မာသင်္ကန်းမှာ နီညိုဖြစ်ပါသည်။ ထိုင်းရဟန်းမှာ ခါးစည်းနှင့်သင်္ကန်းဝတ်ရ၍ သင်္ကန်းမှာ စည်းစည်းလုံးလုံး ရှိ၏၊ ရန်ကုန်မှ မြန်မာသင်္ကန်း(၆)စုံလှူထား၍ ပင့်သံဃာ မြန်မာ(၆)ပါးအတွက် ဟန်ကျဖြစ် သွား၏။ ထူးခြားသည်မှာ ကထိန်ဒကာ ဒကာမများအားလုံး အဝတ်ဖြူဝတ်ကြပါသည်။ သာဓုခေါ်ဆို သောအခါ "သာဓု" ဟု တစ်ခွန်းသာခေါ်လေ့ရှိ၏။ ပရိသတ်ထဲတွင် လူဒကာ ဒကာမများမှာ မတ်တပ်မသွားကြ၊ ပုဆစ်ဒူးဖြင့်သာသွားရသည်။ ရဟန်းတော်များကို တွေ့လျှင် နောက်ဆုတ် လက်အုပ်ချီ၍ ရပ်နေတတ်၏။ ပစ္စည်းဝတ္ထုကို အမျိုးသမီးကပ်လျှင် လက်ကို မထိရန် တဘက်လက်ကိုင်ပုဝါဖြင့် ခံယူရသည်။ ဘုန်းကြီးက ခေါင်းကို ပုတ်လျှင် "ဘုန်းကြီး၊ သက်ရှည်၊ ကျက်သရေ တိုးသည်"ဟု အယူရှိကြ၏။ ဘုန်းတော်ကြီးများ၏ ခေါင်းပုတ်ခြင်းကို ခံချင်ကြ၏။ ရဟန်းတော်များသည် အချိန် မရွေး ကော်ဖီ၊ အိုဗာတင်းသုံးဆောင်ကြသည်ကို တွေ့ရ၏။ ဤသည်ကား မတူကွဲပြားခြားနားချက်များတည်း။

ကထိန်ခင်းသောကျောင်းမှအပြန် ပုသိမ်ဆရာတော်တို့ ကမ္မဋ္ဌာန်းဌာနသို့ရောက်၍ ဆရာတော်နှင့် ဆွေးနွေးစရာကိစ္စများကိုလည်း ဆွေးနွေးခဲ့ရပါသည်။ ဗရဗရှမ်မောလီ ဆရာတော်က နောက်ထပ် (၄)လ ထပ်ပင့်သည်နှင့်ပက်သက်၍ ပြောကြားရာတွင် ဆရာတော်တို့ ကမ္မဋ္ဌာနာစရိယအဖွဲ့က သဘောတူလျှင် မဟာစည်နာယကအဖွဲ့အနေနှင့် ပြောစရာမရှိပါ။ သဘောဆန္ဒအတိုင်း ဆက်လက်ဆောင်ရွက် ရုံပင်ဖြစ်ကြောင်းပြောခဲ့ပါသည်။ တစ်ဖန်(၄)လအတွက် ဘယ်လိုတရားဆက်ပြရမည်ဟု မေးရာ မဟာစည်ဆရာတော်ဟောတဲ့ သီလဝန္တသုတ်လာသည်အတိုင်း အဆင့်မြင့် တရားတွေ ဟောပြဖို့ပင် ဖြစ်ကြောင်း ပြောပြခဲ့၏။ နှစ်စဉ်လည်း ဇူလိုင်လလောက်မှာ ဆရာဖြစ်(၇) လလောက် အားထုတ်မည့် ပုဂ္ဂိုလ်(၂၀)လောက် ပို့လိုကြောင်း၊ ယခုလို ကမ္မဋ္ဌာန်းပြအဖွဲ့ တစ်ဖွဲ့ကိုလည်း ထပ်မံပင့်လိုကြောင်းလဲ ပြောဆို၏။ ၎င်းကိစ္စများကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ကြောင်း ဆွေးနွေး ခဲ့ပါသည်။ ထိုည"တာဝန" ဟိုတယ်၌ ညအိပ်ကာ (၁၅-၁၁-၂၀၁၀)နေ့ နံနက် TG ဖြင့်ဘန်ကောက်မှ ရန်ကုန်သို့ ပြန်လည်ရောက်ရှိကြပါသည်။

တင်ပြသူ<br>
အရှင်ဇဋိလ<br>
မဟာစည်နာယက

http://www.dhammadownload.com





မဟာစည်သာသနာ့ရိပ်သာတည်ဆောက်ရန်
လှူဒါန်းထားသောမြေကွက်

# ပေါ်ထွန်းလာမည့် အောင်ပန်းမဟာစည်

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ မဟာစည်သာသနာ့ရိပ်သာခွဲအဖြစ်ဖြင့် အဆောက်အဦးများဆောက်လုပ် နိုင်ရန်အတွက် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ မြေစာရင်း ကွင်းအမှတ်(၂) ကျောက်တောတောင်ရပ်၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၂.၅၁၃)ဧကရှိ လယ်မြေအား ယခင်လယ်ယာလုပ်ပိုင်ခွင့်ရ ကွယ်လွန်သူ ဦးထွန်း+ဒေါ်ငွေ တို့အားရည်စူးပြီး သားဖြစ်သူ ဦးပဥ္စင်း ဦးရေဝတ (ဦးလှမောင်) သက်တော်(၅၈)နှစ်က ၂၀၀၃–ခုနှစ်၊ မတ်လ(၁၈)ရက်နေ့တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဦးထိပ်ထား၍ မိမိ၏ သဘောဆန္ဒအလျောက် ကြည်ညိုသဒ္ဓါတရားဖြင့် လက်မှတ်ရေးထိုး ချုပ်ဆို၍ လှူဒါန်းခဲ့ပါသည်။

မြေအလှူရှင် ဦးရေဝတသည်လည်း လက်ရှိအခြေအနေတွင် သာသနာ့ဝန်ထမ်းဖြစ်နေပြီး စိုက်ပျိုးဖြစ်ထွန်းမှုကို ဆောင်ရွက်နိုင်ခြင်းမရှိခြင်း၊ ကိုယ်တိုင်ကလည်း ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနိဿယအတိုင်း ကျင့်ကြံအားထုတ်ခဲ့ခြင်း အောင်ပန်းမြို့တွင် မဟာစည်ရိပ်သာခွဲမရှိဘဲ ကလောမြို့ရှိ မဟာစည်ရိပ်သာခွဲတွင် သွားရောက်အားထုတ် ရ၍ အောင်ပန်းမြို့တွင် ရိပ်သာခွဲအဖြစ်ရှိခဲ့လျှင် ပို၍ အဆင်ပြေမည်ဟု ယူဆပြီး ၎င်းမြေကွက်အား သာသနာ့ရိပ်သာမဟာစည်ဌာနခွဲအဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်းသိရပါသည်။

ယင်းမြေကွက်သည် အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်အတွင်းမှ လယ်မြေဖြစ်သော်လည်း မြို့တွင်းလူများ နေထိုင်သော နေအိမ်များနှင့် မနီးမဝေးတွင်တည်ရှိခြင်း၊ မြို့တွင်းမြို့ဝင် လမ်းပန်းဆက်သွယ်ရေးမှာလည်း လွယ်ကူချောမွေ့ခြင်း၊ မြေကွက်အနောက်ဖက်တောင်ကုန်းတွင် တည်ဆောက်ဆဲ စေတီကြီးတစ်ဆူရှိခြင်းတို့သည် အနာဂတ်ပေါ်ထွန်းလာမည့် မဟာစည်ရိပ်သာကြီးနှင့် လွန်စွာပင် ပဏာရတင့်တယ်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဤလှူဒါန်းသော မြေကွက်သည် (လန–၃၉) ကျပြီးမှ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏အမည်သို့ ပြောင်းခွင့်ရပြီး အဆောက်အဦးများဆောက်လုပ်ခွင့်ရမည်ဖြစ်ပါသည်။ ယင်း(လန–၃၉)အတွက် ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင် ဦးဆောင်သော အဖွဲ့မှ ရ–ယ–က၊ မ–ယ–က ထောက်ခံချက်၊ မြို့နယ်မြေစာရင်းရုံး၊ မြို့နယ် သစ်တောရုံးတို့၏ အခြေခံ ထောက်ခံချက်များကို ရယူပြီး ၎င်းထောက်ခံချက်များနှင့်အတူ ခရိုင်၊ ပြည်နယ်၊ စသည့်အာဏာပိုင်အဖွဲ့အစည်းသို့ တင်ပြလျှောက် ထားခဲ့ပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၏ စီးပွားရေး အချက်အချာကျသည့် တောင်ကြီးမြို့ပြီးလျှင် ဒုတိယစီးပွားရေးမြို့မှာ အောင်ပန်းမြို့ဖြစ်ပါသည်။ ကလောမြို့သည် အစိုးရရုံးစိုက်ရာမြို့ဖြစ်ပြီး အောင်ပန်းမြို့သည် ကုန်သည်ပွဲစား စီးပွားရေးသမားများ နေထိုင်ရာမြို့ဖြစ်ပါသည်။ ဘဏ်ခွဲပေါင်း(၆)ခုရှိရာမြို့ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်လုပ်ငန်းရှင်ကြီးများ၏ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားသော စာသင်တိုက်ကြီးများကိုလည်း တွေ့မြင်ရပါသည်။ မြို့ခံများအနေဖြင့် ရိပ်သာခွဲတစ်ခု ပေါ်ပေါက်လာမည်ကိုလည်း လိုလားတောင့်တလျက်ရှိနေပါသည်။ လိုလားချက်ကို အကောင်အထည်ဖော်ပေးမည့် အချိန်ကာလသည်လည်း ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် ရုပ်လုံးပေါ်လာမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း။

**မြို့မ ရဝေထွန်း**

http://www.dhammadownload.com



# ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူခြင်း "၂၈"နှစ်ပြည့်အထိမ်းအမှတ် ပူဇော်ပွဲ



ဧည့်ပရိသတ်များက (၈)ပါးသီလ ခံယူဆောက်တည်နေကြစဉ်

နိုင်ငံတော်ဩဝါဒါစရိယ၊ ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူခဲ့သည်မှာ (၂၈)နှစ်တိုင် ကြာပြီဖြစ်ပါသည်။ ၁၃၇၂-ခုနှစ်၊ ဝါခေါင်လဆန်း(၄)ရက်၊ (၁၄-၈-၂၀၁၀)စနေနေ့တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့က ဦးစီးဦးဆောင်ပြုကာ မဟာစည်သာသနာ့ရိပ်သာအတွင်း စံကျောင်းတော်ကြီးအောက်ထပ်၌ မဟာစည်ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်အနန္တ၊ ဂုဏ်တော်အနန္တတို့ကို ဦးထိပ်ပန်ဆင် ဂုဏ်ရည်ထူးကို အောက်မေ့သတိရ လွမ်းဆွတ်တမ်းတ၊ မျှော်မှန်းပြု၍ ဆင်ယင်ကျင်းပ အထိမ်းအမှတ်ကုသိုလ်ကို တပည့်အပေါင်းဝပ်ဆင်းခယ ပြုလုပ်ခဲ့ကြပါသည်။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူသည့်နေ့ကို မဟာစည်သာသနာ့ရိပ်သာအဖွဲ့ကြီး(၃)ဖွဲ့က ဦးဆောင်၍ အားကိုးရာမဲ့ တပည့်အပေါင်းမှ ဆရာ့ဂုဏ်ကို ရည်မျှော်မှန်းဆ

http://www.dhammadownload.com



တမ်းတကုသိုလ် နှစ်စဉ်ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် ဘုရားကြီး ဘဝနတ်ထံ စံလွန်တော်မူ သည်မှာ ၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလပြည့် ကျော်(၁၀)ရက်(၁၄-၈-၁၉၈၂) စနေနေ့ မွန်းလွဲ(၁)နာရီ (၃၆) မိနစ် အချိန်ဖြစ်ပါ၍ ယခုဆိုလျှင် ၂၈ နှစ်တင်းတင်းပြည့်မြောက် ခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ၂၈ နှစ်ပြည့်အခမ်း အနားကို မဟာစည် နာယကဆရာတော်ကြီးများ၊ အဖွဲ့ကြီး(၃)ဖွဲ့မှ အမှုဆောင်များနှင့် ယောဂီပရိသတ်များ တက်ရောက် ပူဇော် ကန်တော့ကြပါသည်။

ရှေးဦးစွာ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" သုံး ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်း အနားဖွင့်လှစ် ကြပါသည်။ ထို့နောက် အခမ်းအနားမှူး ဦးဝင်းတင်က အခမ်း အနားအစီအစဉ်ကို ဖတ်ကြားလျှောက်ထားပါသည်။ အဖွဲ့ကြီး(၃)ဖွဲ့မှ အမှုဆောင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းစသည် လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြပါသည်။ ဆက်လက်၍ နာယကဆရာတော်ကြီး ဘဒ္ဒန္တဇဋိလ(သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)နေပြည်တော်-ပျဉ်းမနားဆရာတော် က (၈)ပါးသီလချီးမြှင့်ပြီး ရေစက်ချအနုမောဒနာ တရားတော်ကို ဟောကြားတော်မူပါသည်။ အခမ်း အနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်းကြပါသည်။ ကျေးဇူးတော် ရှင်မဟာစည်ဆရာတော်ဘုရားကြီး စံလွန်တော်မူသည့် (၂၈)နှစ်ပြည့် အထိမ်းအမှတ်နေ့တွင် မဟာစည်သာသ နာ့ရိပ်သာကြီးအတွင်း၌ သီတင်းသုံးတော်မူကြသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပါ သည်။

**မဟာစည်လမင်း၊ကြယ်ခပင်း**

**အလင်းကမ္ဘာတည်စေသော်၊**

**အလင်းရောင်ကိုလက်ခံကြို၊**

**ကြည်ညိုလေးမြတ်ကြစေသော်**

**ကမ္ဘာငြိမ်းချမ်း၊နိဗ္ဗာန်နန်း၊**

**စံမြန်းနိုင်ကြပါစေသော်။**

**ဒေါ်ခင်ဝင်း(ပုတီးကုန်း)**

**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

http://www.dhammadownload.com



# ကျေးဇူးပေးဆပ် ကုသိုလ်မြတ်



မဟာစည်နာယကဆရာတော်ကြီး ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နေပြည်တော်-ပျဉ်းမနား ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားနေစဉ်

၁၃၇၂-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၂) ရက်၊ စနေနေ့(၂၅-၉-၂၀၁၀)နေ့တွင်၊ ဖခင်ကြီး သီရိသုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်း(၁၇)နှစ်ပြည့် အားရည်စူး၍ မိခင်ကြီး-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီအား အမှူးထားလျက်၊ သား-ဦးမြင့်အောင်၊ ဒေါက်တာဦးတင့်စိုးလင်း(ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဒုတိယ ဥက္ကဋ္ဌ-၁)။သမီး-ဒေါ်ပွင့်မာခိုင်နှင့် ညီအစ်ကို မောင်နှမ မိသားစုများ၊ ဆွေမျိုးမိသားစု များမှ လွမ်းဆွတ်တမ်းတ ကုသိုလ်ပြုပွဲကြီးအလှူတော် မင်္ဂလာ အခမ်းအနားပြုလုပ်ကျင်းပကြပါသည်။ဖခင်ကြီးကို ရည်မှန်း၍ နှစ်စဉ်ပြုလုပ်နေကျ ကုသိုလ်ပွဲကြီးဖြစ်ပါ သည်။ ဖခင်ကြီး သီရိသုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်းသည် မဟာစည်သာသနာ့ရိပ်သာကြီး အတွက် အဘက်ဘက်မှ လိုအပ်ချက်များ မရှိရ အောင် ပံ့ပိုးကူညီထောက်ပံ့လျက်ရှိသော ဥပါသကာကြီးတစ်ဦး ဖြစ်သကဲ့သို့ သား၊သမီး၊မြေး များကလည်း ဖခင်ကြီး ၏လမ်းစဉ်အတိုင်း ကျင့်ကြံကြသူများဖြစ် ကြပါသည်။

ယင်းအလှူတော်အခမ်းအနားတွင် နာယက ဆရာတော်ကြီး(၁၀)ပါးအား ပင့်ဖိတ်၍ အလှူ ရေစက်ချ ခဲ့ပါသည်။ သံဃာကုန်+ယောဂီကုန် အရှဏ် ဆွမ်း-နေ့ဆွမ်းများဆက်ကပ်လှူဒါန်း၍ ပင့်သံဃာ တော်(၁၀)ပါးအား လှူဖွယ်ပစ္စည်းများစုံလင်စွာ ဆက် ကပ်လှူဒါန်းခဲ့ပါသည်။

ရန်ကုန်ဆေးရုံကြီး ကျောက်ကပ်အထူးကု ဌာနသို့(၄၈)သိန်းထိုက်တန်သော ရေသန့်စက်ကြီးကို လှူဒါန်းခဲ့ပါသည်။ လှူဒါန်းမှုအစုစုအတွက် ငွေကျပ် သိန်း(၈၀)ကျော်ကုန် လှူဒါန်းရေစက်ချခဲ့ပါသည်။

မဟာစည်နာယက-နေပြည်တော်-ပျဉ်းမနား ဆရာတော် ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရီပဝရဓမ္မာ စရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က အနုမောဒနာ ရေစက်ချတရားဟောကြားခဲ့ရာ "ဓမ္မိက ဥပါသကာကြီးမှာ၊ သား(၇)ဦး၊သမီး(၇)ဦး၊ စုစုပေါင်း (၁၄)ဦးရှိတယ်၊ အလှူ ဒါနတွေပြုတဲ့အခါမှာလဲ

http://www.dhammadownload.com





အဖွဲ့ကြီး(၃)ဖွဲ့မှ အမှုဆောင်များနှင့် ဧည့်ပရိသတ်များ
ရေစက်သွန်းချအမျှပေးဝေနေစဉ်

စုစုဝေးဝေးပြုလုပ်ကြတယ်၊ အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ ရောဂါဆိုးဖြစ် လာတယ်၊ ရဟန်းတော်များကိုပင့်ဖိတ်ပြီး ပရိတ်တရားတော်များ နာကြားပါတယ်၊ အဲဒီ အချိန်မှာပဲ နတ်ရထားများ ဆိုက်ရောက်လာပြီး ဓမ္မိကဥပသကာကြီးကို ရထားပေါ်တက်ရန် ခေါ်ကြ ပါတယ်။ ဓမ္မိကဥပသကာကြီးကလည်း ခဏစောင့်ပါအုံး ပရိတ်တရား နာလို့မပြီးသေးပါဘူးလို့ ပြောကြားခဲ့ပါတယ်။ အဲဒီလို ရောင်ရမ်းပြောဆိုနေတော့ ရဟန်းတော်တွေကလည်း ပြန်ကြွသွား၊ သားသမီးတွေကလည်း ငိုနေကြနဲ့ပေါ့ ဓမ္မိက ဥပသကာကြီး မျက်စိဖွင့်ကြည့်တော့ သားသမီးတွေ ငိုနေတာကိုတွေ့ရတယ်၊ မငိုကြရန် နတ်ပြည်မှ နတ် ရထားများ ဆိုက်ရောက်လာကြောင်းပြောပြတော့ သမီးတွေက ငိုရင်းကနေပြီး ပြုံးပြုံးလာကြတယ်၊ အဲဒါကို "ပြုံးမျက်ရည်"လို့ ခေါ်ပါတယ်။ သားသမီးများက အလွန်ဝမ်းမြောက်ကြပါတယ်။

အဲဒီလိုပဲ ဥက္ကဋ္ဌကြီး သီရိသုဓမ္မမဏိဇောတဓရ ဦးပွင့်ကောင်း၏ သားသမီးများက ဒို့ဖခင်ကြီး ကောင်းရာသုဂတိရောက်ပါစေလို့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး အမျှအတန်းပေးဝေကြတယ်၊ ဖခင်ကြီး ဦးပွင့်ကောင်းဟာ လိုအပ်လျှင် ရောက်ရာဘဝက သာဓု ခေါ်ဆိုနိုင်ပြီးတော့ အဆင်းတန်ဆာ၊ စားဖွယ်များနှင့် ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းကို တလုံးတဝတည်း ပြည့်စုံပါစေ၊ ဤကောင်းမှုကုသိုလ်ကြောင့် တပည့်တော်တို့လည်း ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်းကင်း၍ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါစေကုန်သောဟု – ဆုတောင်းပတ္တနာပြုလိုက်ကုန်ရာသတည်း" .... ဟု စုံလင်စွာ ဟောကြား၍ ရေစက်သွန်းချ အမျှပေးဝေရာ ပရိသတ်များက ဝမ်းမြောက် ဝမ်းသာ သာဓု ခေါ်ဆိုကြပါသည်။ ထိုနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြပါသည်။

**ဒေါ်ခင်ဝင်း(ပုတီးကုန်း)**
**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**

http://www.dhammadownload.com



# မဟာစည်သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ "၃၂"နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပခြင်း (၂၀၀၉-၂၀၁၀)



မဟာစည်နာယကဆရာတော်ကြီး ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နေပြည်တော်-ပျဉ်းမနား ဆရာတော်ကြီးက (၈)ပါးသီလချီးမြှင့်နေစဉ်

၁၃၇၂-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၇)ရက်၊ (၁၈-၇-၂၀၁၀) တနင်္ဂနွေနေ့ နေ့လယ်(၁)နာရီအချိန်တွင် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၏ (၃၂)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို "မဟာကုသလကာရီဓမ္မသာလာခန်းမ"၌ ကျင်းပကြပါသည်။ ထိုအခမ်းအနားသို့ ဗုဒ္ဓသာသနာနုဂ္ဂဟဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့တို့မှ နာယကကြီးများ၊ ဥက္ကဋ္ဌကြီးများ၊ အမှုဆောင်များ၊ ဂုဏ်ထူးဆောင်အမှုဆောင်များ၊ အရန်အမှုဆောင်များ နှင့်အသင်းဝင်များ တက်ရောက်ကြပါသည်။

ရှေးဦးစွာ မဟာစည်နာယကဆရာတော် ဘဒ္ဒန္တဇဋိလ(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က (၈)ပါးသီလချီးမြှင့်ပြီးလျှင် ဩဝါဒတော်ကို ဆက်လက်ဟောကြားတော်မူပါသည်။

